www.burmeseclassic.com

မောင်ဖျိုး
စီစဉ်သည်

# ပဇော်ပါဂီ

## ကံကြမ္မာ၏နောက်ဆုံးတိမ်တိုက်

BURMESE CLASSIC .com

design : nay lin soe

www.burmeseclassic.com

www.burmeseclassic.com

# မနော်ဟရိ

## ကံကြမ္မာ၏နောက်ဆုံးတိမ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ခေါင်မိုးတွေအပေါ်
ဆေးရောင်စုံတောင်တန်းများ
လှည့်စားနေတဲ့ ညနေ.....။

'ရေ'လို့ ငါမှားခဲ့တဲ့ 'မီး'
သင်္ကေတတွေနဲ့ကမ္ဘာ
အရာရာစိတ်လျှော့ဖို့ ပြုပြင်ရ.....။

သိခဲ့ပါပြီလေ
ရက်စက်ခြင်းမှာ ခေါင်းထိုးယူတဲ့
ငါ့ဘဝလုံးဟာ.....
စွန့်စားခြင်းမကြီးမား
ငါ့မနေနိုင်မှုတစ်ခုသာ.....။

သုခမိန်လှိုင်(ချစ်သူ)

www.burmeseclassic.com

www.burmeseclassic.com

## "အဆုံး"

သတ္တုများနှင့် အင်္ဂတေထု ပြင်းထန်စွာ ထိရိုက်လိုက်သောအသံသည် ကျွန်မ နောက်ဆုံးကြားလိုက်ရသော အသံဖြစ်သည်။ ထိုအချိန်တွင် ကျွန်မ ကျေနပ်စွာ ပြုံးနေခဲ့လိမ့်မည် ထင်သည်။ သိပ်တော့ မသေချာပါ.....။

ထိုနောက်တွင်တော့.....

'အမှောင်'

'အနက်ရှိုင်းဆုံး အမှောင်'

...............

ခက်ပဲ ခက်ရချည်တော့ရဲ့ကွယ်.....။

ထိုအနက်ရှိုင်းဆုံး အမှောင်မှာပင်လျှင်.....

'ချစ်သူ'က လင်းလက်တောက်ပနေသေးသည်လေ။

ကျွန်မကို ဆီးကြိုနေသည်များလားကွယ်.....။



## "အလယ်"

ကျွန်မ၏ဆုံးဖြတ်ချက်သည် ကျွန်မအတွက်တော့ တရားမျှတကာ လုပနေခဲ့သည်။

သေချာပါသည်။ ထို့ကြောင့်ပင် ရှေးလူကြီးများက ပြောခဲ့ကြတာ ဖြစ်လိမ့်မည်။

''အချစ်နဲ့စစ်မှာ မတရားတာမရှိ''တဲ့။

ကျွန်မ.....မျက်စိကို စုံမှိတ်ပစ်လိုက်သည်။

ချစ်သူ့မျက်နှာကိုသာ မြင်ရ၏။

ကျွန်မ ခပ်ယဲ့ယဲ့ပင် ပြုံးမိသည်လား မဆိုနိုင်။

ရှေ့တည့်တည့်တွင်ရှိနေမည့် အလွတ်ရနေခဲ့သော ဘယ်လိုမှ မလွှဲနိုင်သည့် အုတ်တံတိုင်းထူခန့်ခန့်ကြီးကို အာရုံပြုလိုက်သည်။

သေချာမှုသည် ထိုအုတ်နံရံတွင် ရှိ၏။

ကလပ်(ချ်)ကိုအသာလွှတ်ကာ လီဗာကို အဆုံးထိအောင် နင်းပစ်လိုက်သည်။

ပြီး.....စတီရာရင်ကို လွှတ်လိုက်၏။

''ဒုန်း''

''ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



## "အစ"

ဆုံးဖြတ်ချက်တစ်ခု၏ 'အစ' သည် ဦးနှောက်မှလာခြင်း မဟုတ်ကြောင်း ကျွန်မသိလိုက်ရချိန်တွင် ကျွန်မတွင် ထိုဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်စွမ်း မရှိတော့ပါ။ တကယ်တော့ မိုက်ရူးရဲဆန်ကာ အတွေးအခေါ်မဲ့သော လုပ်ရပ်တစ်ခုကို ကျွန်မအနေနှင့် စွန့်စားသင့်သလား၊ စွန့်စားထိုက်သလား..... တွေးတောသင့်သည်။

သို့သော်.....

ချစ်သူနှင့် ပတ်သက်လာလျှင် 'on second thought' ဟူသော ဝေါဟာရ.....

ကျွန်မထံတွင် ရှိမနေခဲ့ပါချေ.....။





## "နိဒါန်း"

နိဒါန်းအသစ်နဲ့ ချစ်သူဆီလာဖို့.....
နိဂုံးရှိရာကို ကျွန်မသွားခဲ့လိုက်တာပါ။
ကျွန်မအတွက်.....
နေ့သစ်ရောင်ခြည်တွေ ရောက်လာနိုင်ဖို့
မသေချာသေးဘဲနဲ့ ဒီခရီးကို စခဲ့တာပါ။
ကျွန်မ.....
နိဒါန်းအသစ်ဆီ ရောက်နိုင်ပါ့မလားမသိ။

(သသ)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

'သသ ဆုံးပြီ' ဆိုသောသတင်းက ကျွန်တော်နှင့် ယင်းမာကို အတော်ကလေး တုန်လှုပ်စေခဲ့သည်။ ယင်းမာကတော့ မယုံကြည်နိုင်စွာ မျက်ရည်တွေတွေကျရင်း ငိုမဆုံး.....။ ကျွန်တော့်မှာသာ မျက်ရည်လည်း မကျနိုင်ဘဲ ယုံရခက်စွာ၊ နားလည်ရခက်စွာ၊ အတွေးများစွာနှင့် ထုံ့အနေခဲ့ရသည်။

မနေ့က သသ ဆုံးသည်။

သတင်းက ဒီနေ့မှရသည်။

မနေ့က ကျောင်းအဆင်း သသပြန်သွားချိန်ထိ အရာအားလုံးနှင့် ပကာတိငြိမ်သက်ဆဲ.....။ ဘာဆိုတာမှ ထူးခြားမနေခဲ့။ အင်းလေ...သေမင်း ဆိုတာကလည်း သံကြိုးစာပို့ပြီးမှ လာတတ်တဲ့ သတ္တဝါမှမဟုတ်တာဘဲ။ မြန်းဒိုင်း ဆို ဝင်ချလာကာ ညွှန်ခန်းကို အခန့်သား နေရာယူတတ်တာမျိုး မဟုတ်လား။

"ယင်းမာ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းမာက မျက်ရည်လည်ရွဲနှင့် ကျွန်တော့်ကို မော့ကြည့်၏။

''ငါတို့သွားရအောင်''

''ဘယ်သွားမှာလဲ''

''သသတို့အိမ်လေ''

''ဘာသွားလုပ်တော့မှာလဲ၊ မနေ့ကပဲ တစ်ခါကည်း သတို့ဖ်လိုက်တယ်တဲ့''

''ဟင်.....ဟုတ်လား၊ ဘာလို့လဲ''

''ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို သူ့အမေ မြင်မှာစိုးလို့လို့ ကိုဇက ပြောတာပဲ''

ကိုဇဆိုတာ သသ၏အစ်ကိုဖြစ်သည်။ သူတို့က မောင်နှမ နှစ်ယောက်တည်း ရှိသည်။ သသနှင့်အတူ အမွှာမွေးခဲ့သည့် 'ပပ'က ၁၄ နှစ်သမီးတည်းက ဆုံးသွားခဲ့တာဖြစ်သည်။ ခု သသလည်း မရှိတော့။ သသတို့အမေ၏ အဖြစ်ကို ကျွန်တော် စဉ်းစား ကိုယ်ချင်းစာလို့ ရပါသည်။

''ဘာဖြစ်ဖြစ်ဟာ၊ ငါတို့ သတင်းတော့ မေးရမှာပေါ့''

''သွားလေ''

ယင်းမာက မျက်နှာကိုသစ်ကာ ပေါင်ဒါပြန်တို့ပြီး ကျွန်တော်နှင့် ထ လိုက်လာခဲ့သည်။ ငိုထားမှန်းသိသာနေသော ယင်းမာ၏မျက်နှာလေးက နီရဲမို့အစ်နေ၏။

''လူတွေကတော့ တစ်မျိုးထင်တော့မှာပဲ''

''ဘာကိုလဲ၊ ဘာထင်မှာလဲ''

''နင်နဲ့ ငါ့ကိုလေ''

ယင်းမာက အရေးထဲနောက်ရကောင်းလားဟူသောအကြည့်နှင့် ကြည့်၏။

''ဘာဖြစ်ရပြန်တာလဲ''





''ဘာဖြစ်ရမှာလဲ၊ နင့်မျက်နှာက ငိုထားတာ အသိသာကြီး''

''အဲဒါဘာဖြစ်လဲ၊ နင်ငိုထားတာမှမဟုတ်တာ၊ နင့်မျက်နှာနီတာမှ မဟုတ်တာ''

''ဪ.....ခက်ပြီ၊ ငါတို့ကို တစ်ခုခုဖြစ်လာကြတယ်လို့ ထင်မှာ ပေါ့''

''ဘာဖြစ်ရမှာလဲ''

''ဥပမာ.....နင်က ငါ့ကို စိတ်ကောက်ပြီး၊ စိတ်ဆိုးပြီးဖြစ်ဖြစ်၊ အထင်လွဲပြီးဖြစ်ဖြစ် ငိုထားတယ်လို့ ထင်မှာကိုပြောတာ''

''သေလိုက်.....သေပစ်လိုက်၊ သသအစား နင်ပဲသေလိုက်၊ ဒါကြောင့် နင်နဲ့ငါ မတည့်တာ''

''အေးဟာ၊ နင်နဲ့ ကျွန်ခဲ့ရမဲ့အစား သသနဲ့ လိုက်သေလိုက်တာက မှ ကောင်းဦးမယ်''

''သွားသေလိုက်''

ကျွန်တော်က ဒီလိုပါပဲ.....။ ဆတ်ဆတ်ထိမခံတတ်သော ယင်းမာ နှင့် အရာရာ အထအနကောက်တတ်သော သသတို့ကို အမြဲတမ်း လို စ နောက်နေကျ.....။ ဒီလိုမှ မနေရလျှင်လည်း ပျင်းရိဖွယ်ရာအတိ ဖြစ်ရချေတော့ရဲ့.....။

သသတို့အိမ်ရောက်တော့ ဧည့်သည်အချို့ကိုတွေ့ရသည်။ ကျွန်တော်တို့ကျောင်းမှ ကလေးတချို့ပင် ပါသေးသည်။

''ဟော.....ဆရာနဲ့ ဆရာမ။ လာ.....လာ.....''

သူတို့ကပင် ပြန်ဧည့်ခံပေး၏။

''ကိုဇကော.....''

''ရှိတယ်၊ ဖုန်းလာလို့ သွားပြောနေတယ်ဆရာ''

''အန်တီကော.....''



www.burmeseclassic.com

www.burmeseclassic.com



''အိပ်ယာထဲလဲနေတယ် ပြောတယ် ဆရာ''

ကလေးတွေက ဂရုတစိုက်ပြေပေး၏။ သသရယ်၊ ယင်းမာရယ်၊ ကျွန်တော်ရယ်က ကိုယ်ပိုင်ကျူရှင်ကျောင်းလေးတစ်ခု ဖွင့်ထားသည်။ **'ရွှေအဝင်လမ်း'** တဲ့.....။ ကျွန်တော်က ဓာတု၊ ရူပ၊ သချာင်္ကို သင်ပြီး၊ ယင်းမာက ပထဝီ၊ သမိုင်း ၊ဘောဂ သင်သည်။ သသကတော့ အင်္ဂလိပ်စာနှင့် မြန်မာစာအပြင် ကွန်ပျူတာပါ တွဲသင်ပေးသည်။ အသင့်အတင့်တော့ အောင်မြင်ပါသည်။ ခုတော့ ကျွန်တော်တို့ လက်ရုံးပွဲသလို ကလေးတွေလည်း သူတို့ချစ်သော ဆရာမတစ်ယောက် ဆုံးရှုံးရပြီ။

ကျွန်တော်တွေးနေဆဲ ကိုဇက အခန်းထဲမှ ထွက်လာ၏။

''ဟာ.....ယင်းမာနဲ့ ပြည့်စုံ''

ကျွန်တော်တို့ကိုမြင်တော့ ကိုဇ ဝမ်းသာသွားသလို အတော်ကြီးလည်း နွမ်းလျသွားပုံရသည်။ ကျွန်တော်တို့ဘေးမှာ အသာဝင်ထိုင်၏။

''ဘယ်လိုဖြစ်ရတာလဲ ကိုဇ''

ကျွန်တော့်စကားလုံးက ဝတ္တရားသံ ပါနေမည်ဖြစ်သော်လည်း ထိုစကားလုံးမှလွဲ၍ ခုချိန်မှာ ကျွန်တော်မပြောတတ်။ ကိုဇက ခေါင်းကို သာခါ၏။

''မပြောတတ်ပါဘူး ပြည့်စုံရာ၊ မင်းသိတဲ့အတိုင်း အိမ်မှာ ကားမောင်းအကျွမ်းကျင်ဆုံးက သူပဲ''

''ဟုတ်တယ်နော်''

ယင်းမာက မျက်မှောင်လေးကြုတ်ကာ ထောက်ခံ၏။

''ဒါနဲ့တောင် အုတ်တံတိုင်းတစ်ခုလုံးကို အရှိန်နဲ့ဝင်ဆောင့်တာ အဓိပ္ပါယ်ကို မရှိဘူး''

ကိုဇပြောတာ မှန်ပါသည်။ ဘယ်လိုတွေးတွေး အဓိပ္ပါယ်မရှိပါ။ သသဆိုတာက ကျွန်တော့်ထက်ပင် ကားကို ကျင်လည်ကျွမ်းကျင်စွာ





မောင်းတတ်သူ.....။ ပြီးတော့.....ဘယ်တုန်းကမှလည်း စိတ်လိုက်မာန်ပါ ရမ်းကားတတ်သူမဟုတ်.....။

''သူ့ကားဘရိတ်များ တစ်ခုခုဖြစ်သွားလို့လား''

''မဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ စစ်ပြီးပြီ''

ကိုဇသည် ထောင့်တော့စေ့သူဖြစ်သည်။ ညီမတစ်ယောက်လုံး ဆုံးရှုံးထားရ၍ သိပ်လည်းကျေနပ်ပုံမပေါ်.....။

''ဒါနဲ့ နေပါဦး''

''ပြော.....ကိုဇ''

''အဲဒီနေ့က သင်တန်းကျောင်းကအပြန် မင်းတို့ ဘာဖြစ်ကြသေးလဲ''

ကျွန်တော်နှင့်ယင်းမာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ မြင်ဖူးပြီးသား မျက်နှာကြီးတွေမို့ ချက်ချင်း အကြည့်ပြန်လွှဲလိုက်ကြရင်း.....ခေါင်းခါပြမိကြသည်။

''ဘာမှထွေထွေထူးထူး မဖြစ်ပါဘူး''

''ကျောင်းမှာကော.....''

''ဟင့်အင်း သမရိုးကျဖြစ်စဉ်တွေလောက်ပါပဲ''

ယင်းမာက တွေးတွေးဆဆလေး ငြင်း၏။ ကိုဇကလည်း ဆက်မေးသည်။

''အရင့်အရင်နေ့တွေကကော ဘာထူးခြားလဲ''

''ဘာမှမထူးခြားဘူးလို့ ထင်တာပဲ''

ယင်းမာက ခေါင်းလေးကုတ်ကာဖြေရင်း ကျွန်တော့်ကို စစ်ကြ တောင်းသလို မော့ကြည့်သည်။ အင်း....စစ်ကူပေးဖို့ရာကလည်း ကျွ တော့် မှာက ဘာမှမပြည့်စုံ။ ယင်းမာလိုပင် ဗလာလက်နက်နှင့်.....။

''ကျွန်တော်တို့ ဘာမှတော့ ထွေထွေထူးထူး တွေ့ခဲ့ဘူး ကိုဇ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ.....ကိုဇာက ပြဿနာတစ်ခုခုရှိတယ် ထင်လို့လား''

''တွေးကြည့်ရတာလေ၊ သသကို စိတ်ထိခိုက်လောက်တဲ့ အကြောင်းဆိုတာကလည်း လောကမှာ အတော်ရှားမှာပါ၊ ဒါကြောင့်ကို တွေးရခက်နေတာ''

ကိုဇလည်း အတော်ဦးနှောက်စားထားပုံပေါ်သည်။ ခက်တာက ကျွန်တော်တို့ကလည်း ''သေတဲ့လူက သေပြီပဲ၊ တရားနဲ့ဖြေပေါ့''ဟူသော စကားမျိုး မပြောဖြစ်.....။ ကျွန်တော်နှင့် ယင်းမာပါ ဝင်ပြီး ဦးနှောက် ခြောက်သွားကြရသည်။

'သသ'ဆိုတာက အရာရာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်တတ်သော၊ ထက်ထက်မြက်မြက်နှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သူ တစ်ယောက်ဟုသာ ကျွန်တော်တို့ နားလည်ထားခဲ့ကြသည်။ ကျောင်းအတူတက်ခဲ့ကြစဉ် ကာလတည်းက တွဲခဲ့ကြတာမို့ ယင်းမာ၊ ပြည့်စုံနှင့် သသဆိုတာက တစ်အူတုံဆင်းမဟုတ်တာကလွဲရင် အတွင်းသိတွေ.....။

အကယ်၍များ ခုလို.....သသ ဆုံးခဲ့ရတာဟာ တစ်စုံတစ်ခု အကြောင်းအရာ ရှိနေရိုးမှန်ခဲ့လျှင် ကျွန်တော်နှင့်ယင်းမာ လဲသာသေပစ်လိုက်ဖို့ ကောင်းလိမ့်မည်။ ကျွန်တော်က ကျန်ခဲ့သောနေ့ရက်များကို ခေါင်းမီးတောက်မတတ် ပြန် recall လုပ်ကြည့်သော်လည်း ဘာမှ မယ်မယ်ရရ မရှိလှ.....။ ယင်းမာကိုကြည့်တော့လည်း ထို့အတူပင်.....။ ဘာမှ ထူးထူးခြားခြား တွေးမိဟန်မတွေ့ရ.....။

ကျွန်တော်တို့တွေ တွေတွေလေးငြိမ်သက်နေကြတော့ ကျောင်းက ဟာပည့်များကလည်း အသံမထွက်ရဲ.....။ ကိုဇာက နံရံမှာချိတ်ထားသော သသ၏ဓာတ်ပုံလေးကို ငေးကြည့်နေသည်။ သသသည် တကယ်တော့ မွေးကတည်းက ကံမကောင်းခဲ့သူလေး ဖြစ်သည်။ ကြီးလာ၍ ထက်ထက်မြက်မြက်ကလေးဖြစ်လာ၊ ပျော်ပျော်လည်းနေတတ်လာ၍ သူ့အတွက်





စိတ်ချမ်းသာရကာစရှိသေး.....ခုလို ဖြစ်ရခြင်းဖြစ်သည်။ ယုန်ကလေးနှင့် တူသော သသသည် မွေးကတည်းက hare-lip ကလေးနှင့် မွေးလာသူ ဖြစ်၏။ အဆိုးကြီးမဟုတ်သည့်တိုင် သူများကြားမှာတော့ သသသည် ရုပ်ဆိုးမလေး ဖြစ်ခဲ့ရသည်။ ပိုဆိုးတာက သူနှင့်အမွှာမွေးခဲ့သော ပပက အရမ်းကို လှနေခြင်း ဖြစ်၏။ သို့သော် ချူချာလှသော ပပက သက်ဆိုး မရှည်ခဲ့။ ခု သသရော ဘယ်မှာ သက်ဆိုးရှည်ရှာလို့လဲ.....။ ၂၄ နှစ်ဆို သောအသက်သည် တကယ်နေမည်ဆိုလျှင် အများကြီးနေလို့ ရသေးသည် မဟုတ်လား.....။

ညနေစောင်းတော့ သသအိမ်မှ ကျွန်တော်တို့ ထ,ပြန်ခဲ့ကြသည်။ အပြန်လမ်းမှာတော့ ကျွန်တော်နှင့်ယင်းမာ ရန်မဖြစ်ကြတော့ပါ။ အတွေး ကိုယ်စီနှင့် ငြိမ်သက်လာခဲ့ကြ၏။ ယင်းမာကတော့ ဘာတွေတွေးမည် မသိ.....။ ကျွန်တော်ကတော့ ကျွန်တော်ရေးမှတ်လေ့ရှိသော နေ့စဉ် မှတ်တမ်းစာအုပ်ကိုပဲ ပြေးမြင်နေမိသည်။ ရက်စွဲတစ်ခုစီကို သေသေချာချာ လေ့လာရပေဦးမည်။

အကယ်၍များ.....

သသဆုံးတာ မတော်တဆ မဟုတ်ခဲ့လျှင်ကော.....။

ကျွန်တော်တို့ ဘာတတ်နိုင်ကြမှာမို့တဲ့လဲ.....။

ဘာမှမတတ်နိုင်လည်း အဖြေတစ်ခုတော့ ရှိနေစေချင်ကြတာ လူတွေရဲ့ဗီဇပဲလား မသိချေ.....။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

တစ်ပတ်အတွင်းမှာ ကျွန်တော်တို့က ကျောင်းမှာ လူစားထိုးဖို့ ဆရာအသစ် ရှာရသည်။

''ယင်းမာ''

''ဘာလဲ''

''ခု.....ဆရာအသစ်ရွေးတဲ့နေရာမှာ နင့်စိတ်တိုင်းကျ ရွေးမှာလား၊ ငါ့စိတ်တိုင်းကျ ရွေးရမှာလား''

''ဟာ.....နှစ်ယောက်လုံး စိတ်တိုင်းကျဖို့ လိုတာပေါ့။ ပြီးတော့..... စာသင်ကလည်း ကောင်းရဦးမယ်လေ''

''စာသင်ကောင်းတာက ထားပါ၊ နှစ်ယောက်လုံး စိတ်တိုင်းကျ ဆိုတာက အတော်မလွယ်မှာပဲ''

''ဘာလို့မလွယ်ရမှာလဲ၊ ခုခေတ်မှာ စာသင်တတ်တဲ့လူက များပါတယ်၊ ဆရာစိတ် ရှိ မရှိဘဲ ကြည့်ရမှာ.....''





''ကျွတ်.....ပြောရင်းက လွဲနေပြန်ပြီ''

ယင်းမာက စွာသာစွာသည် နည်းနည်းတော့ဝေးသည်၊ ခုလည်း ယင်းမာကို နောက်ဖို့ကြိုးစားနေတာ ယင်းမာက အထာမပေါက်နိုင်.....။ အရင်ကလည်း ဒီလိုပင်.....။ ကျွန်တော် တစ်ခုခု စဖို့ကြိုးစားလျှင် သသက ဦးအောင်ရိပ်စားမိတတ်သူ ဖြစ်သည်။ ခက်တာက သသမှာက ဘာမှ response မရှိ၊ မကျေနပ်လျှင် အထအနကောက်ကာ ငြိမ်နေတတ်ပြီး ကျေနပ်လျှင်တော့ ပြုံးနေတတ်သည်။ ယင်းမာကတော့ ဘာကို ဆိုလိုတာလဲ သိသွားသည်နှင့် တစ်ပြိုင်နက် ဆူညံသွားတတ်သည်။

''နင်.....ဘာကိုဆိုလိုနေတာလဲ၊ ရှင်းရှင်းပြော.....ငါကဝေးတယ်''

''အေး.....အဲလိုဝန်ခံစမ်းပါ၊ ဒီမှာ နင်အဆင်ပြေအောင် ဆရာခန့်ရမလား၊ ငါအဆင်ပြေအောင် ဆရာမခန့်ရမလား.....စဉ်းစားနေတာ''

''သေလိုက်ပါလား''

''ဩော်.....နင်က အဆင်မပြေချင်ဘူးပေါ့၊ ဒါဆို ငါပဲ အနစ်နာခံပြီး ဆရာမလှလှလေး ရွေးလိုက်မယ်''

''ရမလား''

''ဩော်.....နင့်အတွက် ဆရာတစ်ယောက်ပါ ရှာရမယ်ပေါ့''

ယင်းမာ ဒေါပွလာပုံရသည်။

''တော်.....တော် ပြည့်စုံ၊ တော်.....နင်နဲ့ငါနဲ့ အဆင်ပြေဖို့ သသကပဲ သေပေးတဲ့ပုံကြီး.....''

''အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမဲ့ အဆိုးထဲကအကောင်း ဆိုတာကိုတော့ ရွေးတတ်ရတယ်လေ၊ နင့်မှာ သူငယ်ချင်းလည်း ဆုံးရှုံး၊ အခွင့်အရေးလည်း လက်လွှတ်ရဆို ဘယ်ကောင်းပါ့မလဲ''

''ပြည့်စုံ''

ယင်းမာ ထ.အော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''တော်တော်ကျယ်တဲ့အသံပဲ၊ တိုးတိုးခေါ်ပါ၊ ငါကြားပါတယ်၊ အဆင်ပြေအောင်လည်း စီစဉ်ပေးမှာပါ''

ကျွန်တော်က တမင်ပင် မျက်နှာကို မင်သေသေထားကာ..... လာတင်ထားသော C.Vများကို ကြည့်နေလိုက်သည်။ ဒီလိုမှမဟုတ်လျှင် ကျွန်တော်ကော ယင်းမာပါ သသကို သတိရနေမိကြမှာ မလွဲပင်.....။ အာရုံကို လွှဲထားရသောအလုပ်သည် လွယ်မယောင်နှင့် ခက်ပါသည်။ အထူးသဖြင့် ယုန်ကလေး သသအတွက်ပေါ့.....။

''ဒီတစ်ယောက်က မဆိုးဘူး၊ personality ကောင်းတယ်၊ ပညာတတ်ရုပ် ပေါက်တယ်နော်၊ အမယ်.....သူက အင်္ဂလိပ်စာနဲ့ ကွန်ပျူတာ သင်မှာဆိုပဲ၊ ရထားတာက ကွန်ပျူတာဘွဲ့နဲ့ အင်္ဂလိပ်စာဒီပလိုမာ၊ နင် ဘယ်လိုသဘောရလဲ''

''ဘာကို သဘောရ ရမှာလဲ၊ မကြာခင် နင်ပဲ interview လုပ်ရတော့မယ့်ဟာ''

''ဩော်.....နင်က လူကိုယ်တိုင် လေ့လာချင်သေးတယ်ပေါ့''

''ပြည့်စုံ''

''နင်.....ငါ့နာမည် ခဏ ခဏမခေါ်နဲ့၊ အားလုံးက သိပြီးသား၊ နင်က နာရီပိုင်းခြား ခြားပြီး အော်နေတော့ နင့်ကို မုန်းသည်ထင်နေဦးမယ်''

ယင်းမာ တစ်စုံတစ်ခုကို ပြန်ပြောမည်ပြင်ဆဲ.....အပြင်ဘက်မှ စာရေးလေးဝင်လာသည်။

''ဆရာကိုပြည့်စုံ အပြင်မှာ interviewအတွက် လူတချို့ရောက် နေပြီ''

''အေး.....ခဏနေခေါ်မယ်၊ ထိုင်နိုင်းထားလိုက်''

ပြီးမှ.....ယင်းမာဘက်လှည့်ကာ ပြောရ၏။ ဒီတစ်ခါစကားက ႏၵတည်ပါ။





''ယင်းမာ''

''ဘာလဲ''

''သသလိုတော့ တစ်ယောက်တည်းက သုံးမျိုး ကျွမ်းကျင်ပိုင်နိုင် စွာ သင်နိုင်မှာမဟုတ်ဘူး၊ အလွန်ဆုံးတော့ နှစ်ယောက်ခေါ်ရဖို့ များတယ်၊ မြန်မာစာက သပ်သပ်တစ်ယောက် ယူရဖို့များတယ်''

ဒီတစ်ခါတော့ ယင်းမာအလှည့်ပါ။

''ရပါတယ်၊ နင် အဆင်ပြေသလိုလုပ်ပါ၊ ဆရာမချည်း နှစ်ယောက်ခေါ်လည်း ရတယ်နော်၊ နင့်အတွက် အဆိုးထဲကအကောင်း များများရတာပေါ့''

''ငါက တစ်ကိုယ်ကောင်းမဆန်တတ်ပါဘူး၊ နင် spinstar ဖြစ်မယ့်ကိစ္စကိုတော့ ငါကြည့်မနေပါဘူးဟာ''

ကျွန်တော့်စကားကြောင့် ယင်းမာစိတ်တိုသွားဆဲ.....အပြင်ကို လှမ်းအော်လိုက်ရသည်။

''ဟေ့.....ရပြီ၊ အင်တာဗျူးဖို့ ခေါ်လာခဲ့တော့''

ယင်းမာကတော့ ဘာမှ ပြန်ပြောခွင့်မရတော့၍ မခံချိမခံသာ ဖြစ်နေပုံရသည်။ သို့သော် လူကြီးစိတ်ကလေးမွေးကာ အလုပ်ကို အလုပ်လို သဘောထားလိုက်၏။ အားလုံးကို ခေါ်ယူစစ်ဆေးပြီးသောအခါ တိုက်ဆိုင် စွာပင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်ဖို့ ဆရာတစ်ယောက်နှင့်၊ မြန်မာစာ သင်ဖို့ ဆရာမတစ်ယောက်ကို ရွေးချယ်ပြီးသွားသည်။

''တိုက်ဆိုင်လိုက်တာများကွာ၊ အဆင်ပြေချက်ကတော့.....''

ကျွန်တော်က စကားကို မဆက်ဘဲရပ်ထားတော့..... ယင်းမာက ပင် မျက်စောင်းလှည့်ထိုးသည်။ ထိုးပေမည်ပေါ့။ သူရွေးလိုက်သော ဆရာက ယင်းမာတို့လို လူငယ်.....။ ဆရာမက အသက်ငါးဆယ်နား နီးနေသော တကယ့်ဝါရင့်ဆရာမကြီး.....။



www.burmeseclassic.com

www.burmeseclassic.com



''နှင် အနစ်နာခံလိုက်တယ်လို့ ပြောဦးမလို့လား''

''ဒါက မဏ္ဍပ်တိုင်တက်ပြလို့ ကောင်းတဲ့ကိစ္စမှ မဟုတ်တာ.....၊ နှင့်သိက္ခာက ရှိသေးတယ်လေ''

''ခွေးကောင်''

''အာ.....အဲဒီနာမည်က မှတ်ပုံတင်ထဲမှာ မပါဘူး''

''မဟုတ်တာတွေ ပြောမနေနဲ့တော့ ပြည့်စုံ ငါ့မှာ ပြောစရာစကား ကောင်းရှိနေတယ်''

''ဘာလဲ.....ဘာပြောမှာလဲ၊ ငါ့ကို အောင်သွယ်တော့ မလုပ်ခိုင်းနဲ့ နော်၊ မိန်းကလေးပဲ ကိုယ့်ဘာသာကိုယ် လျှောက်ပြန်သံပေးလုပ်ပေါ့''

''သေတော့မယ်နော် ပြည့်စုံ၊ ငါက အကောင်းပြောမှာ သသ ကိစ္စ''

သသဟူသော နာမည်ကြောင့် ကျွန်တော် ခေါင်းထောင်သွားသည်။ ကျွန်တော်ချစ်သော ကျွန်တော့်သူငယ်ချင်း ယုန်မလေး ခုဆို ဘယ်ဘဝများ ရောက်နေမလဲမသိ.....။

''ပြော.....ဘာဖြစ်လို့လဲ''

''မနက်ဖြန်ဆို သသ ရက်လည်လေ''

''အင်းလေ.....သွားတာပေါ့''

''ဘယ်သွားရမှာတုန်း''

''ဟင်.....ရက်လည်ဆို သူ့အိမ်သွားရမှာပေါ့''

''ဘယ်သူမှ မရှိဘူး''

''ဘယ်လို''

ကျွန်တော် ယင်းမာ၏စကားကြောင့် မျက်လုံးပြူးသွားရသည်။ ဘယ့်နှယ် ဘယ်သူမှ မရှိရတော့တာလဲ.....။

''ဟုတ်တယ်၊ တစ်အိမ်လုံး မနေ့က ညနေလေယာဉ်နဲ့ နိုင်ငံခြား





ထွက်သွားကြပြီတဲ့''

''ဟာ.....ဟုတ်လား''

''ဟုတ်တယ်''

''သူ့အဖေဆီလား''

''ဟုတ်မှာပေါ့''

''အန်တီကော.....ကိုဇကောလား''

''ဒါပေါ့၊ အန်တီတစ်ယောက်တည်းတော့ ဘယ်သွားလို့ရပါ့မလဲ၊ ကိုဇပါမှာပေါ့''

''ဟင်.....သူတို့ကလည်း အံ့ရော....။ ရက်လည်လေးတောင် စောင့်မသွားဘူး''

''အေး.....ဒါကြောင့် နှင့်ကို ပြောနေရတာပေါ့''

''ငါ့ကိုပြောတော့လည်း ငါက တားနိုင်တာမှမဟုတ်တာ''

ပြည့်စုံ မျက်မှောင်ကြုတ်ကာ ပြန်ပြော၏။

''မဟုတ်ဘူး ပြည့်စုံ''

''ဘာမဟုတ်တာလဲ''

''သူ့မိသားစုက အရေးတကြီးထွက်သွားကြပေမယ့် ငါတို့မှာ တာဝန်ရှိတယ်လေ၊ သူတို့ ရက်လည်ဆွမ်းမသွပ်ရင် ငါတို့လုပ်ပေးရမှာ ပေါ့''

ကျွန်တော် ယင်းမာခေါင်းကို အသာလှမ်းပုတ်လိုက်ကာ.....

''ဒီလိုကျ နှင့်ခေါင်းက သုံးလို့ရသားပဲ၊ မဝေးဘူး''

''လူဆိုတာ သူ့နေရာနဲ့သူတော့ အသုံးကျတာပဲ ပြည့်စုံ၊ နှင့် တောင် မတွေးမိဘူး မဟုတ်လား''

''ဟုတ်တယ်''

ဒါတော့ ကျွန်တော် ဝန်ခံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့.....ငါတို့က ဘယ်မှာဆွမ်းသွပ်ပေးရမှာပဲ''

''ကျောင်းမှာပဲ ဆွမ်းကပ်ကြတာပေါ့၊ မကောင်းဘူးလား''

''အေး.....ကောင်းတယ်၊ စီစဉ်တာပေါ့''

''စီစဉ်တာပေါ့မလုပ်နဲ့၊ ခုကို ထ,စီစဉ်ရမှာ.....မနက်ဖြန်လေ၊ ဘုန်းကြီးပင့်ရမယ်၊ အစားအသောက်၊ ဝတ္ထု.....အားလုံးစီစဉ်ရမှာ''

''ဒါတော့ နင်က မိန်းကလေးပဲ၊ ထောင့်စေ့မှာပါ၊ ငါ ဘာလုပ်ရမလဲပြော.....''

ဒီလိုကျတော့လည်း ယင်းမာ ကျေနပ်သွားပုံရသည်။ အမှန်က သူ့ဆီ တပည့်ခံလိုက်သလိုလိုနှင့် သူ့ကို ခိုင်းလိုက်ခြင်းသာ ဖြစ်သည်။ ဒါကို ယင်းမာက သိပုံမပေါ်.....။ ကျွန်တော့်ကို ဆရာကြီး လုပ်ပြရတော့မှာမို့ ကျေနပ်သွားပုံရသည်။ ကျွန်တော် မသိမသာ ပြုံးလိုက်မိ၏။ အတော်ဒုံးဝေးတတ်သော ယင်းမာက ဒီအပြုံးကျတော့ နိုးနိုးလေးမို့ထင်သည် မြင်ဖြစ်အောင် မြင်သွားသည်။

''နင် ဘာပြုံးတာလဲ''

''ဩော်.....ငါတို့ သူ့အတွက် ကုသိုလ်လုပ်ခွင့်ကြုံတာကို ကျေနပ်လို့ပါ''

ပါးစပ်ထဲရှိတာနဲ့ စိတ်ထဲရှိတာကိုရောပြီး အဖြေတစ်ခုပေးလိုက်တော့လည်း ယင်းမာက ယုံရှာသည်။ သသသာဆိုလျှင်တော့ ကျွန်တော့်ကို 'လူနပ်'ဟု ကြိတ်၍ မှတ်ချက်ချပေလိမ့်မည် ထင်သည်။

❊ ❊ ❊





## အခန်း (၃)

ရက်လည်ဆွမ်းသွပ်ပြီးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်လုပ်ရတဲ့အလုပ်က စဉ်းစားခန်းဝင်ရတာပါပဲ။ စဉ်းစားကြည့်လေ.....။ ဗုဒ္ဓဘာသာဝင်ကွေဖြစ်ပါလျက်နဲ့ သမီးတစ်ယောက်လုံး ရက်မလည်သေးပဲ ခရီးထွက်သွားတာ ဖြစ်သင့်သလား.....။ အယူအဆတွေက ထားလိုက်ဦး။ ဘဝကူးကောင်းအောင်တော့ တစ်ခုခုလုပ်ပေးသင့်တာပေါ့.....။ ကိုဇကလည်း တကယ်ဆို ကျောင်းမှာကျန်နေတဲ့ သူ့ညီမပစ္စည်းတွေ လာမယူတဲ့တိုင် အကျိုးအကြောင်းလေးတော့ ပြောပြသင့်ခဲ့တာပဲ.....။ သူပြောပြောနေတဲ့ သူ့ညီမ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲဆိုတဲ့ ကိစ္စကိုကော စိတ်မဝင်စားတော့ဘူးတဲ့လား.....။

သူ စိတ်မဝင်စားတော့တာက ပြဿနာမဟုတ်။

ပြဿနာက သူ အစဖော်ပေးခဲ့၍ ကျွန်တော် စိတ်ဝင်စားသွားခြင်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သသ ဆုံးသောရက်စွဲနှင့် ဒိုင်ယာရီကို ပြန်လှန်ရသည်။ ကျွန်တော်မှာက အလုပ်ဒိုင်ယာရီသပ်သပ်၊ Personal ဒိုင်ယာရီ သပ်သပ်ထားတာမို့ နှစ်ခုလုံးကို ကြည့်ရသည်။

ထိုနေ့က ကျောင်းမှာ လူစုံသည်။ သုံးယောက်လုံး စာသင်ရသည့် အပြင် သင်ရိုးညွှန်းတမ်းတွေလည်း ညှိဖြစ်ကြသည်။ နေ့လည်စာပင် ရန့်ဖြစ်ရင်း အတူစားမိကြတာ မှတ်မိသည်။

သသက ဘယ်အချိန်ဖြစ်ဖြစ် ထမင်းနှင့်ဟင်းကလွဲလျှင် ဘာမှ မစားတတ်.....။ ကျွန်တော်နှင့်ယင်းမာက ထမင်းနှင့်ဟင်းကလွဲလျှင် အကုန်စားသည်။ ဒီတော့ Key က မကိုက်.....။ ကျွန်တော်တို့ကမှ အားနာပါးနာရော၊ အလိုလိုက်တာရောနှင့် သသနှင့်အတူ ထမင်းလိုက် စားတာက များသည်။ သသကတော့ ကျွန်တော်တို့ကို ဘယ်တုန်းကမှ အားမနာပါ။

ထိုနေ့ကလည်း.....

''ထမင်းစားခါနီးရင် စကားများရဦးမလား မသိဘူး''

''နင်က ဘာအကြံအစည်ရှိလို့လဲ''

''ကြေးအိုးသောက်ချင်တာလေ''

''ကောင်းသားပဲ''

အစားအသောက်တွင် ကျွန်တော်နှင့်ယင်းမာက ဘယ်တော့မှ နှစ်ခါမညှိရတတ်.....။

''နင်ကကောင်းနေ ဟိုက ထမင်းပဲစားဦးမှာ''

''နှစ်ခုလုံးရတဲ့ဆိုင်၊ ဒါမှမဟုတ် မှာစားလို့ရတဲ့ဆိုင်သွားတာပေါ့''

ကျွန်တော်တို့က သသအတွက် စဉ်းစားပေးတတ်ကြမို့ ထမင်း နှင့်ဟင်းကော၊ ကြေးအိုးပါ ရနိုင်သည့်နားထိ သွားကြရမည်ဖြစ်သည်။ သသက မောင်းပို့ရမည့်သူမို့ သူ့ကိုပဲ ဦးစားပေးတာတော့မဟုတ်။





ကျွန်တော်နှင့် ယင်းမာ၏ ပင်ကိုယ်အခံကိုက သူများနှင့် သိပ်မဆန့်ကျင် တတ်သူများဖြစ်သောကြောင့် ဖြစ်နိုင်သည်။

''ထမင်းစားချိန်မှာ ကြေးအိုးသောက်ဦးမယ်တဲ့၊ စည်းကမ်းကို မရှိဘူး''

''ဟင်.....ဗိုက်ဆာတာလေ၊ ဗိုက်ပြည့်ရင် ပြီးရောပေါ့''

''အေးလေ.....ထမင်းမှ ဗိုက်ပြည့်တာမှ မဟုတ်တာ''

သသက မကျေမနပ်ပြောတော့ ကျွန်တော်နှင့်ယင်းမာ အတိုင် အဖောက်ညီစွာ တုံ့ပြန်ကြသည်။ နောက်ဆုံး အားလုံးရသောနေရာ တစ်နေရာ ရောက်သွားသည်။ တစ်ခုပဲ.....။ ကျွန်တော်နှင့်ယင်းမာက ကြေးအိုးကို ဆီချက်တစ်ပွဲ၊ အပြုတ်တစ်ပွဲစီမှာကာ ခွဲစားခဲ့ကြခြင်းဖြစ်သည်။ ဒါလည်း ဘာမှမဟုတ်။ ကျောင်းမှာ တစ်ခုခုမှာစားလျှင် ဒီလိုခွဲစားနေ ကျ။

ကျွန်တော်စိတ်ရှုပ်ကာ Personal Diary ကို ဖွင့်လိုက်သည်။

ရော.....ကျွန်တော်တို့ အဲဒီညနေမပြန်ခင် ရန်ဖြစ်ကြသေးတာ ပဲ.....။ လူတွေရဲ့ ဗီဇနှင့် ကျွန်တော်တို့အမြင် ပြီးတော့ ခံယူချက်များ.....။

''ငါကတော့ လူတစ်ယောက်ကို အသိဉာဏ်ရှိမှ လက်ခံချင် တယ်''

ယင်းမာက အစမရှိ အဆုံးမရှိ စပြောခြင်းဖြစ်သည်။

''ဘာလဲ.....အရင်းမရှိ၊ အဖျားမရှိ၊ နင့်ကို ဘယ်သူက Propose လုပ်ထားလို့လဲ''

''မလုပ်ပါဘူး၊ အိမ်ကပေးစားချင်နေတဲ့ လူကိုပြောတာ.....''

''အဲဒီလူက အသိဉာဏ်မရှိဘူးလား''

သသက မျက်မှောင်လေးကြုတ်ကာ ဝင်မေး၏။

''အေး.....ငါကတော့ အဲလိုပဲမြင်တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



''ပြောပါဦး.....အဲဒီအမြင်ကို ထောက်ခံတဲ့အချက်တွေ''

''ဘွဲ့တစ်ခုရထားတာလွဲရင် ဘာမှမစဉ်းစားတတ်ဘူး၊ စာမဖတ်ဘူး၊ ဂီတကို မသိဘူး၊ ကွန်ပျူတာကို နားမလည်ဘူး၊ အတွေးအခေါ်မရှိဘူး။ Idea အောက်တယ်''

''ဘုရား.....ဘုရား.....''

အပြောခံရသည့်ပုဂ္ဂိုလ်အစား ကျွန်တော် ဘုရားတခဲ့ခြင်း ဖြစ်သည်။ ထိုလူ ဘွဲ့တစ်ခုရထား၍ တော်ပေသေးသည်။ ပညာပါမတတ်လို့က ပွဲပြီးပြီ.....။ ဒေါ်ရွှေယင်းမာက သူ့ကြည့်တော့ဖြင့် ခပ်ဝေးဝေးရယ်.....ဟုတွေးကာ ကျွန်တော်ပင် ပြုံးလိုက်မိသေးသည်။ ထို့ကြောင့် မေးလိုက်မိ၏။

''အဲဒီလူမှာ ဘာထူးခြားချက်မှ မရှိဘူးပေါ့''

''ရှိပ.....ရှိပ''

ယင်းမာက မဲ့ကာရွဲ့ကာဖြေ၏။ သသက မျက်လုံးလေးဝိုင်းသွားရင်း ပြန်မေး၏။

''ဟင်.....ရှိတယ်၊ ဘာလဲ.....ဘာထူးခြားချက်လဲ''

''ရုပ်ရည်လေ၊ ချောမှချော...အံ့သြစရာ၊ ငါ့ထက်တောင် ချောတယ်''

''နင်ထက်ချောတာလောက်က စာမဖွဲ့လောက်ပါဘူး''

ကျွန်တော်က တမင်ဝင်နှိမ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ယင်းမာက စိတ်မဝင်စားပါ။ သူပြောချင်တာကိုသာ သသကို ဆက်ပြော၏။

''လူကချောသလောက် ညံ့ချက်က နာတယ် သိလား''

''တကယ်''

''တကယ်ပေါ့''

''နင်က ရုပ်ချောတာ မကြိုက်ဘူးလား''





''မကြိုက်ပါဘူး၊ ငါက အရည်အချင်းရှိရင်ပြီးရော။ ရုပ်က သင့်ရုံဆို တော်ပြီ''

''ချစ်ဖို့ကော မပါတော့ဘူးလား ယင်းမာ''

သသက အရေးကြီးတာလေး ကျန်နေရကောင်းလားဟု ဖြည့်ပေး၏။ ယင်းမာကတော့ ပြတ်သားသည်။

''အဲဒီလို အရည်အချင်းရှိရင် ငါစဉ်းစားနိုင်မှာလို့ ထင်တာပဲ''

''ငါကတော့ မထင်ပါဘူး''

သသက ခပ်တိုးတိုးရေရွတ်၏။ ကျွန်တော်ကပဲ စိတ်ဝင်တစား ဖြစ်သွားရကာ လှမ်းမေးမိ၏။

''နင်ကကော ဘယ်လိုမှ စဉ်းစားမှာမို့လဲ''

''ငါက ငါချစ်တာပဲ ရွေးမှာပေါ့''

''အဲဒီလူက နင့်လောက်မထက်မြက်ဘူးဆိုပါတော့ နင်ဘာလုပ်မလဲ''

ယင်းမာက မျက်စမျက်နလေးချီကာ ပြန်မေး၏။

''ငါက ဦးဆောင်ပေးမှာပေါ့''

''ထားပါ၊ ရုပ်ဆိုးနေရင်ကော.....''

''ဘာဖြစ်လဲ၊ ရုပ်ကိုချစ်တာမှ မဟုတ်တာ''

ကျွန်တော်ရော ယင်းမာပါ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရသည်။ ဒီဇာတ်ကိုစသော ဒေါ်ရွှေယင်းမာက ကျွန်တော့်ဘက် လှည့်လာသည်။

''နင်ကရော.....ဘယ်လိုမိန်းကလေးမျိုးရွေးမှာလဲ''

ဘုရား ဘုရား.....။ ဒီအချိန်မှာ မှားဖြေမိလို့ကတော့ ပြဿနာ။ ပြဿနာမှ နှစ်ယောက်လုံး၏ ရန်တွေ့ခြင်းကို ခံရမှာမလွဲ.....ထို့ကြောင့် မီးစင်ကိုကြည့်ကာ ကရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါလား"

"အင်းလေ.....နင့်မေးနေတာ"

"သေချာတာကတော့ ပညာတတ်တာထက် အသိဉာဏ်ရှိရမယ်၊ သင့်ရုံပေါ့၊ ထက်စရာမလိုပါဘူး"

"သိပါတယ်၊ ဒါကတော့ နင်တို့ယောကျ်ားတွေရဲ့ ဘဝင်ရူး အတွေးအခေါ်ပဲ"

ဒီလောက်လေး ပြောမိတာတောင် အပြောအဆိုက မလွတ်.....။ သသကတော့ ငြိမ်နားထောင်နေ၏။

"ရုပ်ကတော့ဟာ တစ်သက်လုံးကြည့်ရမယ့် မျက်နှာပဲ၊ လှတော့ နည်းနည်းပါးပါးလှမှ ဖြစ်မှာပေါ့၊ balance ညီညီပေါ့ကွာ"

"ပြစ်မျိုးမှည့်မထင်တော့ ဟုတ်ဘူးပေါ့"

"အဲလိုရရင်တော့ ကံပေါ့ကွာ"

"အေးပေါ့.....ဒီနေရာကျ နင်က ကံကောင်းတယ်လေ၊ မင်းသား ကို ရမှာမဟုတ်လား"

ယင်းမာက သူ့စကားနှင့်သူမိကာ သဘောတကျရယ်သည်။ အမြဲတမ်း မြုံစိစိဖြစ်နေတတ်သော သသက ထုံးစံအတိုင်း ငြိမ်လို့.....။

ပြီးတော့.....ကျွန်တော်တို့ကို တစ်ယောက်စီလိုက်ပို့ကာ သသ ပြန်သွားသည်။ ဒီလောက်ပါပဲ။ ဘာမှထူးခြားမနေတာ သေချာသည်။ သူ့အရင်ရက်များကိုလည်း တစ်ချက်ပြန်ကြည့်လိုက်သေးသည်။ ဘာမှ မတွေ့ရ.....။

"ဟူး"

ကျွန်တော် Diary နှစ်အုပ်ကိုပိတ်ကာ သက်ပြင်းကို မှုတ်ထုတ် လိုက်သည်။

တစ်ခုခုတော့ မှားနေပြီ။



မှားတာမှ ကျွန်တော့်ဒိုင်ယာရီများကို ပြန်ကြည့်နေမိတာက စမှား ခြင်းဖြစ်သည်။

တကယ်ဆို တစ်ခုခု မှားနေပြီထားဦး.....။ ထိုအမှားကို ရှာနိုင် သောနေရာသည် သသ၏ဒိုင်ယာရီမှလွဲ၍ တခြားနေရာမရှိနိုင် ..။ ခက်တာက သသတစ်ယောက်က အလုပ်ဒိုင်ယာရီပင် ပုံမှန်မရေးချင်တတ် သူလေ.....။ သူ့မှာ personal diary ရှိနေ, မနေဆိုတာကလည်း ဘယ်သူ မှမသိ။ diary ဆိုတာကလည်း လျှို့ဝှက်ထားတတ်ကြတာ များတယ် မဟုတ်လား။

ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။

ကျွန်တော်ကတော့ သသ ဆုံးတာကို မတော်တဆလို့ သံသယ ကင်းချင်သည်။ ကင်းလည်းကင်းခဲ့ပြီးကာမှ ကိုဇ၏ ဆွဲထုတ်မှုကြောင့် ကျွန်တော်ပါ မျောပါသွားရခြင်းဖြစ်သည်။ ဒီအချိန်မှာတော့ ကျွန်တော်တို့ အကောင်းဆုံးလုပ်ရမည့်ကိစ္စသည် သသအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးခြင်းပင် ဖြစ်လိမ့်မည်။

အပြင်ဘက်တွင် လရောင်ခြည်များ ဖြာလဲ့စီးဆင်းနေသည်။ လရောင်သည် လူကို လှည့်ဖျားတတ်သည်လားမသိ.....။ ကျွန်တော်ပင် အလိုလိုနေရင်း လွမ်းဆွတ်လာမိသည်။ ထိုလွမ်းဆွတ်မှုသည် သေချာသော လွမ်းဆွတ်မှုတစ်ခုလား.....။ ဒါမှမဟုတ် လရောင်၏လှည့်ဖျားမှုကြောင့် ဖြစ်လာရသော လွမ်းဆွတ်မှုလား.....။ ကျွန်တော် မဝေခွဲတတ်တာလည်း မဟုတ်ပဲနှင့် ဝေခွဲကြည့်ဖို့ စိုးရွံ့နေခဲ့သည်။

အာရုံထဲတွင် တစိမ့်စိမ့်တိုးပင်လာသော အရိပ်တစ်ခု ရှိနေသည်။

ထိုအရိပ်ကလေးသည် နဂိုတည်းက ဖြစ်တည်နေခဲ့တာလား.....၊ ခုမှ ဖြစ်တည်လာတာလား.....၊ ဒါမှမဟုတ် ခုမှ သတိပြုမိတာလား.....၊ သတိပြုမိတာရော သေချာပြီလား.....။

www.burmeseclassic.com

www.burmeseclassic.com



အရာရာသည် လရောင်နှင့်အတူ ဝေဝါးနေခဲ့သည်။

※ ※ ※





## အခန်း (၄)

ဆယ်တန်းစာမေးပွဲတွေ နီးပြီမို့ ကျွန်တော်တို့ကျောင်းကလေး အလုပ်တွေရှုပ်နေကြသည်။ ကလေးတွေကို revision ပြန်ပေးဖို့ စာကြည့်ချိန်နှင့် နားချိန်မျှပေးဖို့ ကျန်းမာရေးကောင်းနေဖို့ စိတ်ရှုပ်စရာလေးတွေ ဝင်မလာစေဖို့ စာမေးပွဲပုံမှန်စစ်ကာ လေ့ကျင့်ပေးဖို့.....ထောင့်စေ့အောင် စဉ်းစားပေးကြရသည်။

တွဲလုပ်လာတာ သုံးလေးလမကရှိနေပြီဖြစ်သော မြန်မာစာ ဆရာမကြီးနှင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာဆရာကလေးကလည်း အတော် အဆင်ပြေပါသည်။ မပြေချင်တာက ဆရာလေးနှင့် ရွှေယင်းမာပင်.....။ သိပ်အကြောမတည့်ချင်လှ.....။ တစ်ချိန်လုံး အတိုင်အတောတွေထဲမှာ ကျွန်တော်က ပုဏ္ဏားတိုင်ဖြစ်နေရသည်။

"နင်တို့ဟာက ဟုတ်သေးရဲ့လား ယင်းမာ"

"ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''နင်နဲ့ သိဟလေ''

''ငါနဲ့ သိဟ.....ဘာဖြစ်လို့လဲ''

''တစ်ချိန်လုံး တစ်ကျက်ကျက်လိုပဲ''

''တစ်ကျက်ကျက်မဖြစ်ချင်လို့ နင့်တိုင်နေရတာပေါ့''

''ငါက အဲဒါကို့ကို မသက်ာတာ''

''ဘာ''

ယင်းမာအသံက အတော်ကျယ်သွားပုံရသည်။ တစ်ဘက်ခန်းမှ ဒေါ်မူယာ လှည့်ကြည့်တာကို မှန်ချပ်မှတစ်ဆင့် မြင်နေရသည်။

''တိုးတိုးလုပ်ပါ၊ နင်က လူသိခံချင်ပေမယ့် ငါကရှက်တယ်''

ကျွန်တော့်စကားကြောင့် ယင်းမာ ပိုဒေါသထွက်သွားသည်။ လက်ထဲက ဖိုင်တွဲနှင့် စာအုပ်များကို ကျွန်တော့်စားပွဲပေါ် ဘုံးခနဲနေအောင် ပစ်ချရင်း ရှေ့ကခုံမှာ ဝင်ထိုင်၏။ ပြီး.....ကျွန်တော့်ကို တည့်တည့်ကြည့်ကာ မေးတော့သည်။

''နင်က ဘာကိုဆိုလိုချင်တာလဲ''

''အရှင်းကြီး''

''ဘာရှင်းလို့လဲ''

''နင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကျီစားနေတာလေ''

ယင်းမာ မျက်လုံးပြူးသွား၏။ ဒါမျိုးကျ သူ့လောက်မကျယ်သော ကျွန်တော့်အသံကိုပင် သူက ကျယ်သည်ထင်သေးသည်။

''ဘယ်လိုဖြစ်နေတာလဲ၊ တိုးတိုးပြောစမ်း''

''နင်က ရှက်တာလား''

''နင် မဟုတ်တမ်းတရားပြောတာကိုး''

''ငါ ဘာပြောလို့လဲ''





''စောစောက ပြောတာလေ.....။ ဘာလဲ.....နင်က ကျီစားတယ်ထင်ရအောင် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ် ထင်နေလား''

''ဒါက နင်အသိဆုံးပါ''

''သွားသေလိုက်ပါလား''

''ဩော်.....အဆင့်က ငါ့လို မိတ်ဆွေကောင်းကိုတောင် သေခိုင်းနေတဲ့အဆင့် ရောက်နေပြီလား''

''ပြည့်စုံ''

ယင်းမာ ထအော်ပြန်သည်။

''တိုးတိုး.....၊ ငါ့နာမည် ငါသိတယ်''

''နင် ဘာစကားပြောတာလဲ''

''လူစကားတောင် နားမလည်တော့ဘူးလား''

''မဟုတ်ဘူး၊ နင်ငါ့ကို စော်ကားနေတာကို ပြောတာ''

''ဒါ စော်ကားတာလား၊ နင်တို့က တည့်ပဲမတည့်နိုင်လွန်းတယ်၊ တစ်ချိန်လုံး တိုင်နေကြတာပဲ၊ ငါ့နေရာကနေ ကြည့်ဦး၊ အလုပ်ကလေး အဆင်ပြေမယ် ကြံကာရှိသေးတယ်၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ရန်ဖြစ်နေကြတယ်''

''မဖြစ်ပါဘူး''

''အေးပါ၊ ရန်စောင်နေတာ''

''အဲဒါဘာဖြစ်လဲ''

''သတိလည်း ထားဦး''

''ဘာကို သတိထားရမှာလဲ''

ကျွန်တော်ခေါင်းကို ကုတ်ဟန်ပြုလိုက်သည်။ ပြောနေလိုက်သည်ဟူသော သဘော.....။



www.burmeseclassic.com

www.burmeseclassic.com



''ခက်တာပဲ၊ ကလီရှေးတစ်ခုပဲ သုံးရမှာပဲ''

''ဘာ ကလီရှေးလဲ''

''ချစ်ခြင်းအစ မုန်းခြင်းကဆိုတာမျိုး ဖြစ်နေမှာစိုးလို့''

''ဝေးသေး''

''ဩော်.....ဝေးသေးတယ်လား၊ နီးလာရင်တော့ ပြောနော်''

''တော်တော့ ပြည့်စုံ၊ ငါနှင့်ကို ပြစရာရှိလို့လာတာ''

''ဘာပြမှာလဲ''

ယင်းမာက စောစောက သူမပစ်ချထားသော ဖိုင်တွဲကိုဖွင့်ကာ စာရွက်တစ်ရွက်ကို ထုတ်၏။ ပြီး ကမ်းပေးကာ.....စကားကိုဆက်၏။

''ဒါ.....ကိုဇပို့လိုက်တဲ့ e-mailလေ''

''ဟာ.....ဟုတ်လား၊ ဘယ်တုန်းကပို့တာလဲ၊ ဘာတဲ့လဲ''

''ပို့တာက ညက၊ ဘာလဲဆိုတော့ ကိုယ့်ဘာသာကိုယ်သာ ဖတ်ကြည့်ပေတော့''

ကျွန်တော် ဆတ်ခနဲ ဆွဲယူဖတ်လိုက်သည်။

သူတို့ ရုတ်တရက်ထွက်ခွာသွားရသည်မှာ သူတို့အမေ၏ ကျန်းမာရေးကြောင့်ဖြစ်ကြောင်း၊ သသအတွက် ဆွမ်းကပ်ပေးကြောင်း သိရ၍ ကျေးဇူးတင်ကြောင်း၊ ခု.....သူ့အမေ၏ ကျန်းမာရေးမှာ အတော်ကောင်းလာပြီဖြစ်ကြောင်း၊ ခုလိုကျန်းမာလာရခြင်းမှာ သူ့အမေ အသစ်ရထားသော သမီးတစ်ယောက်ကြောင့်ဖြစ်ကြောင်း ပါသည်။

''ဟင်.....ဘာလဲ၊ အန်တီက ကလေးတစ်ယောက် ထပ်ရတာလား၊ အာ.....မဖြစ်နိုင်ပါဘူး''

ကိုယ့်ဘာသာကိုယ် ပါးစပ်ကပေါက်ကရရေရွတ်မိပြီးမှ ကျွန်တော် ပါးစပ်ကို ပိတ်လိုက်ရသည်။ အနံ့ကိုပဲ အသက်လေးဆယ့်ငါးနှစ် ကျော်နေပြီ။ အကွက်ကောင်းကိုမိသွားသော ယင်းမာက ကျွန်တော့်ကို တိုက်ခိုက်





တော့၏။

''အတွေးအခေါ်ကလည်း အံ့ရော.....''

''ဘာ.....အံ့ရောလဲ''

''ဒီအသက်အရွယ်ကျမှ ကလေးတစ်ယောက် မွေးမလား၊ အ.ပျို''

ကျွန်တော် မရှုမလှ ခံလိုက်ရခြင်းဖြစ်သော်လည်း ဒီတိုင်းတော့ အညံ့မခံနိုင်ပါ။

''ပြောနိုင်မလား၊ တချို့ ငါးဆယ်မှမွေးတာတောင် တရုတ်ပြည်မှာရှိတယ်၊ China pictorial ထဲမှာ ဖတ်ဖူးတယ်''

ကျမ်းကိုးပါ ထည့်သုံးလိုက်၏။

''လာငြင်းမနေနဲ့၊ ဖြစ်ချင်းဖြစ် ကိုဇ မိန်းမရသွားတာပဲဖြစ်မှာ''

''ညီမဆုံးတာဖြင့် မကြာသေးဘူး၊ သူက မိန်းမယူပါ့မလား''

''ဒါကတော့ သူ့ယူမယ့်သူရှိတုန်း သူယူထားရမှာပေါ့''

''မလိုပါဘူး၊ ယောက်ျားပဋ္ဌင်းပါကွာ''

''ဇင်း, ဇင်းပေါ့၊ ကိုဇ မိန်းမယူလိုက်တာပဲဖြစ်မယ်''

''မဖြစ်နိုင်ပါဘူး''

ကျွန်တော် မျက်စိစုံမှိတ် ငြင်းရသည်။ သို့သော် မအောင်မြင်ပါ။ ထိုစဉ် ခေါင်းထဲကို လက်ခနဲ အတွေးတစ်ခု ဝင်လာ၏။

''နေဦး၊ ဖြစ်နိုင်တာ တစ်ခုရှိသေးတယ်''

''ဘာလဲ''

ယင်းမာက ဟုတ်ရင်တော့ ဟုတ်ပေါ့ဆိုသော မျက်နှာလေးနှင့် ကျွန်တော် အဆိုတင်သွင်းမှုကို စောင့်နေသည်။

''အန်တီက ဟိုမှာ ကလေးတစ်ယောက် ကောက်မွေးစားလိုက်တာမျိုး.....''



www.burmeseclassic.com

ယင်းမာ မျက်နှာတင်းတင်းကလေး လျော့သွားသည်။ ဒါက ဖြစ်နိုင်ချေရှိသည်ကိုး.....။ သသကပြောနေကျ.....။ သူ့အမေက မြင်သမျှ ကလေးကိုချစ်ကာ မွေးထားချင်တတ်သည်ဟု.....။ ထို့ကြောင့်ပင် ယင်းမာ တဒင်္ဂငြိမ်သွားခြင်းဖြစ်သည်။ သို့သော်.....လျော့ကား မလျော့သေး.....။

''ကိုယ့်တိုင်းပြည်မဟုတ်တဲ့နေရာမှာ ကိုယ့်လူမျိုးမဟုတ်ဘဲ အနံ့တီက မွေးစားမယ် မထင်ပါဘူး''

''ဟင်.....အမေရိကားလိုနေရာမျိုးမှာ မြန်မာမရှိဘူး ထင်လို့လား''

''မထင်ပါဘူး၊ ဒါပေမဲ့ ရှားတယ်''

''ရှား့ရှားလေ၊ ရှိတာက ရှိတာပဲ''

''သိပ်တော့မဖြစ်နိုင်ပါဘူး''

ယင်းမာကတော့ သိပ်မပြင်းထန်တော့သော လေသံနှင့် ခပ်လျော့လျော့လေး ငြင်း၏။

''သိပ်မဖြစ်နိုင်ဘူးဆိုတာက ဖြစ်နိုင်ချေနည်းတာကို ပြောတာ မဟုတ်လား''

''အင်းလေ''

''လုံးဝမဖြစ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်တော့ မသက်ရောက်ဘူးလေ''

ကျွန်တော်၏ ကပ်သပ်သောစကားကြောင့် ယင်းမာမျက်စောင်းထိုး၏။ ပြီး.....ကျွန်တော့်ကို ဘာမှဆက်မပြောဘဲ စာရွက်ကို ကျွန်တော့်လက်ထဲမှ ပြန်ယူကာ အဖြေတစ်ခုတွေ့လိုတွေ့ငြား အသည်းအသန်ဖတ်နေပြန်သည်။

''နင်.....အင်္ဂလိပ်စာအားနည်းရင် ဟိုက ဆရာလေးကို အကူအညီတောင်းလို့ ရတယ်နော်၊ အချင်းချင်းတွေပဲ၊ မရှက်နဲ့၊ ဒီလောက်ကတော့ သိက္ခာရှိတဲ့ကိစ္စမို့ ငါကူညီနိုင်တယ်''

''ပြည့်စုံ''





အရှိန်သေနေသော ယင်းမာ၏ဒေါသများ ပြန်လည်တောက်ပလာသည်။ ကျွန်တော်ကတော့ သူ့ကိုမကြည့်ဘဲ တစ်ဖက်မှန်မှမြင်နေရသော သီဟကို အသာလက်ယပ်ခေါ်လိုက်၏။ ဒါကိုမြင်တော့ ယင်းမာ မျက်လုံးပြူးကာ ကျွန်တော့်ကို အနိုးထွက်လုလု မျက်ဝန်းများနှင့်ကြည့်၏။ ပြီး..... သီဟ ဝင်မလာမီ တစ်ဖက်တံခါးပေါက်မှ သူမထွက်သွားရန်ပြင်သည်။

''နေပါဦး ယင်းမာရ၊ ငါက ဟိုမှာခေါ်ထားပြီးပြီ''

''နင့်ယောက်ဖ နင့်ဟာနင် ခေါ်ထားတာ''

''လာပါ ညီမလေးရာ၊ တလွဲမတွေးပါနဲ့၊ မနက်ဖြန်စစ်မယ့် pre-test ကိစ္စ ညှိကြမလို့ပါ''

အလုပ်ကိစ္စဆိုတော့ ယင်းမာခြေလှမ်းတွေကို ရပ်တံ့လိုက်ရ၏။ 'ညီမလေး'ခေါ်လိုက်တာကို သိပ်အစာမကြေချင်။ နင့်ယောက်ဖလို့ သုံးလိုက်လို့ 'ညီမလေး'လို့ ပြန်ခေါ်တာ အသိသာကြီး....။ သို့သော် ယင်းမာ တုံ့ပြန်ခွင့်မရလိုက်တော့.....။ တစ်ဖက်မှ သီဟက ဝင်လာပြီဖြစ်သည်။

''ဒါလေးဖတ်ကြည့်ပါဦး သီဟ''

e-mail စာရွက်ကို ထိုးပေးနေ၍ ယင်းမာ မျက်လုံးပြူးသွားရဆဲ ဆက်ပြောသောစကားကြောင့် သက်ပြင်းချလိုက်မိသည်။

''ကလေးတွေကို reading အတွက် ချပေးရင် ကောင်းမလားလို့''

မချိုမချဉ်ပြုံးနေသော ပြည့်စုံ၏ မျက်နှာကိုမကြည့်ဘဲ ယင်းမာ တစ်ခုခုနှင့် ကောက်ပေါက်ချင်နေမိတော့သည်။

❋ ❋ ❋

www.burmeseclassic.com



## အခန်း (၅)

နောက်ပိုင်းတွေမှာ ကိုဇထံမှ e-mail ရတာ စိပ်လာသည်။ ရည်ညွှန်းသူကလည်း 'ပြည့်စုံ' မဟုတ်.....။ 'ရွှေယင်းမာ' ထံသို့သာ.....။ တစ်ခါတစ်ခါ မကောင်းတတ်ကာမှ 'ပြည့်စုံ' နာမည်က attachment အဖြစ် ပါလာတတ်သည်။ မေမေ့သမီးအသစ်ကလည်း ဆိုသေး.....။ ယင်းမာကိုလည်း သတိရနေတတ်သေးတော့ တွေးတော့တွေးစရာ.....။

''စာချွန်လွှာတွေက အလာစိပ်နေသလိုပဲ''

ကျွန်တော်ကပြောတော့ ယင်းမာက မသိကျိုးကျွန်ပြုကာ ပြန်မေး၏။

''ဘယ်က စာချွန်လွှာလဲ''

''ဝေးမြေရပ်ခြား တိုင်းတစ်ပါးကလေ''

''သြော်.....ကိုဇဆီကလား''

ရှောင်မရတော့မှ ဘာမှမဖြစ်သလို လေသံလေးနှင့်ဖြေ၏။





ဒီကောင်မလေးကလည်း လူကသာ ဝေးသလိုလိုနှင့် ပညာတော့စုံသားဟု မှတ်ချက်ချမိသည်။ မိန်းကလေးတွေရဲ့ မွေးရာပါပညာလားပင် မသိ.....။

''နင့်အယူအဆကတော့ မှားနေပြီထင်တယ်''

''ငါ့အယူအဆ ဟုတ်လား''

ယင်းမာ မျက်မှောင်လေးကြုတ်ကာ ပြန်မေး၏။ ဒါကတော့ ဟန်ဆောင်မှုမပါတာ ကျွန်တော်သိသည်။

''အေးလေ.....ကိုဇ မိန်းမရသွားပြီဆိုတဲ့ အယူအဆလေ''

''ဘာလို့မှားရမှာလဲ''

ငြင်းသံက အားတော့မပါ.....။

''ဟိုက ယင်းမာမှ ယင်းမာနေတော့လေ၊ နင်ငါ့ကိုပြတဲ့ e-mail တွေက အကုန်ကော ဟုတ်ရဲ့လား''

''အံမယ်''

ယင်းမာက မခံချိမခံသာလေး ဖြစ်သွားရသည်။

''အံမယ်.....ဆိုတာက ဘာလဲ၊ အံမယ်.....နင်က အကုန်ကြည့်ချင်သေးတာလားဆိုတဲ့ အဓိပ္ပါယ်လား''

''ပြည့်စုံ''

ယင်းမာ ဒေါသထွက်လျှင် ခေါ်နေကျအတိုင်း ကျွန်တော့်နာမည်ကို ဌာန်းကရိုင်းကျကျ အော်တတ်သလို၊ ကျွန်တော့်ကို မျက်လုံးပြူးများနှင့် ကြည့်တတ်သည်။ ကျွန်တော်က မမှုပါ။ ကိုယ့်နာမည်ကိုယ်တော့ သူခေါ်တာ သိပ်ဌာန်ကရိုင်းမကျသေး၊ သင်ပေးသင့်သည်ဟု ထင်သည်။ သို့သော်.....ထိုအကြောင်းအရာက နောက်မှဆွေးနွေးလျှင် ကောင်းမည်။

''နင်က ပြန်ပို့တဲ့ e-mail တွေကရော ဖွယ်ဖွယ်ရာရာရှိရဲ့လား''

''နင် ဘယ်လိုဖြစ်ရပြန်တာလဲ ပြည့်စုံ''

''ဘာမှမဖြစ်ပါဘူး။ သီဟအတွက် စိုးရိမ်လို့ပါ။ ဒါပေမဲ့ ကိုဇကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါက ကန့်ကွက်စရာ မရှိပါဘူး''

''နင်က ဘာကိစ္စနဲ့ နင့်ယောက်ဖအတွက် စိုးရိမ်ရ၊ ဒေါသထွက်ရ ဖြစ်နေတာလဲ''

''နင်က ငါ့ညီမလေ''

''သွားသေလိုက်''

''နေပါဦးဟာ၊ သသကမရှိ၊ ငါကသေနဲ့ နင်အရမ်းအဖော်မဲ့ သွားပါဦးမယ်၊ တော်ကြာ တိုင်ပင်စရာ လူမရှိဖြစ်နေဦးမယ်၊ ကဲ..... ငါမေးတာ ဖြေပါဦး''

''ဘာလဲ''

''ကိုဇရဲ့ စာလွှာတွေအခြေအနေ.....''

''English ကောင်းတယ်၊ တစ်ချို့ Vocabularies တွေက ကျက်ထားသင့်သလို တစ်ချို့ Usage တွေကလည်း တော်တော်လှတယ်''

ယင်းမာ ပညာပြနေပြီ၊ သို့သော် ဒီလောက်ကတော့ ကျွန်တော်က ပျင်းသည်။ ယင်းမာ ဘယ်တုန်းကများ ကျွန်တော့်ကို စကားနှင့် အနိုင်ရဖူးလို့တုန်း.....။

''ဩော်.....ဒီလိုလား၊ အင်း.....အစကတော့ အဲဒီက စတာပဲ''

''ဘာ.....နင်ဘာပြောတာလဲ''

''အစကတော့ အဲဒီလိုပဲ စကြတာလို့''

''နင်က ဘာကိုဆိုလိုတာလဲ''

''အဲဒီလို.....အထင်ကြီးရာက စတာလို့ ပြောတာ.....''

''ဘာမှမဆိုင်ဘူး၊ ကိုဇမှာက မိန်းမနဲ့''

''ဟင်.....ဒါက နင့်အထင်လေ''

''ထင်တာမဟုတ်ဘူး၊ တကယ်''

''ဟိုက နင့်ကို ဝန်ခံလို့လား''





''ဟင့်အင်း.....ညကမှရထားတဲ့ ဓာတ်ပုံရှိတယ်၊ ပြမယ် လာ.....၊ ငါ print မထုတ်ထားဘူး''

ပြောပြောဆိုဆိုပင် သူ့ကွန်ပျူတာကိုဖွင့်ကာ ကျွန်တော့်ကို လှမ်းခေါ်၏။

''ဒီမှာလာကြည့်''

ကျွန်တော်ကြည့်လိုက်မိသည်။

ဓာတ်ပုံထဲမှာ အန်တီ (သသ၏မိခင်)ရယ်၊ ကိုဇရယ်၊ ကောင်မလေး တစ်ယောက်ရယ်.....။ ကိုဇက ကောင်မလေး၏ပုခုံးမှနေ၍ သိုင်းဖက်ထားသလို.....ကောင်မလေးကလည်း ကိုဇကို ခါးမှနေ၍ ပြန်ဖက်ထားသည်။ အန်တီကတော့ ပြုံးလို့.....။ ဒီကမသွားခင်နှင့် တခြားစီ.....။

''စာမပါဘူးလား''

''ပါတယ်''

စာက သိပ်ထူးထူးခြားခြား မပါ။ ဓာတ်ပုံအတွက် အညွှန်းစာကတော့ ဒီလိုရေးထားသည်။

''Hey, Yinmar! This is our new family.....''တဲ့၊

ငါတို့မိသားစုအသစ်တဲ့.....။

ဒါ ကိုဇ မိန်းမဖြစ်နိုင်သလို၊ မွေးစားသမီးလည်း.....။

ကျွန်တော်အတွေးကို ရပ်ပစ်လိုက်ရသည်။ မွေးစားပါဦးတော့ ဒီလောက်ကြီး ရင်းနှီးစရာမရှိ၊ ကောင်မလေး၏မျက်နှာက အနီးကပ်မဟုတ်သော်လည်း တော်တော်လှတာတော့ သေချာသည်။ ပြီးတော့ ပပ၏ ငယ်ငယ်ကပုံများနှင့်ပင် ဆင်ချင်ချင်.....။

''စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ သီဟာတစ်ယောက်လုံး ရှိသေးတယ်''

''သွားသေလိုက်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



''ငါက စေတနာနဲ့ပြောတာ''

''နင် စကားအကောင်းပြောစမ်း ပြည့်စုံ''

ယင်းမာက ခပ်တည်တည်နှင့် ပြောလာ၍ ကျွန်တော် စတာကို ရပ်လိုက်၏။

''ကဲ ကဲ.....ပြောပါ၊ ငါ မနောက်တော့ဘူး''

''ငါ စဉ်းစားနေတာ တစ်ခုရှိတယ်''

ယင်းမာက သူ့ကိုယ်သူ တွေးခေါ်ပညာရှင်လိုလိုနှင့် တွေးတွေး ဆဆကလေး ပြော၏။

''ဘာစဉ်းစားမိတာလဲ''

''အစက ငါနဲ့ကိုဇ အဲဒီလောက် မခင်ကြဘူး''

''အေး.....ဟုတ်တယ်''

''ခုကျကာမှ ကိုဇက တစ်ရက်မပျက်နီးပါး e-mail ပို့နေတာ စဉ်းစားစရာ.....''

''အင်း''

''ပြီးတော့.....''

ပြီးတော့.....ဟုဆိုကာ မရွှေယမင်းက စကားကို ဖြတ်ထားသေး၏။ ကျွန်တော်က ဘာမှဆက်မမေးတော့ သူ့ဘာသာသူပဲ ဆက်ပြော သည်။

''ပြီးတော့.....ကိုဇ စာရေးပုံက တကယ့်တရင်းတနှီး၊ ပြီးတော့ သူကိုယ်မိသားစုအကြောင်းပဲ ခဏခဏပြောနေတတ်တာ.....''

''အင်း.....ဟုတ်တယ်၊ ဒါပေမဲ့ 'ပြီးတော့' ဆိုတာကြီးကို ဖြတ် ပြော ထပ်နေပြီ''

ယင်းမာက မျက်စောင်းထိုး၏။ ပြီး ဆက်ပြောပြန်သည်။

''နင်ပဲစဉ်းစားကြည့်''





''ဘာကိုစဉ်းစားရမှာလဲ''

''ငါတို့သူငယ်ချင်းက သသ''

''အင်းလေ''

''သသ မရှိတော့ရင် ဇာတ်လမ်းကပြီးပြီ''

''အာ.....အဲလိုတော့ မဟုတ်ဘူးလေ၊ ဒီထဲက Share တွေ လည်း ကိုဇတို့နဲ့က စကားပြောရ၊ ခွဲရဦးမှာ''

အဲဒီကျတော့ ယင်းမာ တွေသွားပြန်သည်။

''ဟုတ်တော့ဟုတ်တယ်''

''မဟုတ်တာက ဘာလဲ''

''မသိဘူး''

''မသိဘူး။ မြတ်စွာဘုရား.....။ မသိဘဲ ပြောနေရလားဟ''

''မဟုတ်ဘူး၊ မသိဘူးဆိုပေမယ့် တစ်ခုခုတော့ တစ်ခုခုလိုပဲ''

လုပ်ပြန်ပြီ။ ဒုတိယ ကိုဇတစ်ယောက်။ သူတို့ ဆက်မတွေးချင် တိုင်း ကျွန်တော့်ကို အတွေးစတွေ ပေးတော့မည်။ ပြီး.....ကျွန်တော်ပဲ အတွေးတွေနှင့် ရှုးကာကျန်ခဲ့ရဦးမည်။

''တော်ပါတော့ကွာ၊ အဲဒီတစ်ခုခုတွေကို ငါက ကြောက်လွန်းလို့ ပါ''

''ဘာဖြစ်လို့ ကြောက်ရတာလဲ''

''ဘာဖြစ်ရမှာလဲ၊ နင်တို့က အစဖော်ပေး၊ ငါကတွေးနဲ့ မပြီးနိုင် လွန်းလို့''

အကြောင်းသိနေသော ယင်းမာက ရယ်၏။

''မတွေးနိုင်းပါဘူး၊ ငါ့ဘာသာငါ စဉ်းစားနေတာ''

''သိပ်မစဉ်းစားပါနဲ့၊ ဒီလိုအဆက်အသွယ်မပြတ် ရင်းနှီးနေမှ သူ့ညီမရဲ့ Share အတွက် စကားပြောကြတဲ့အခါ အဆင်ပြေမှာလေ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ နားလည်ထားလိုက်ပါ''

''အေး.....ကောင်းသားပဲ''

ယင်းမာက သဘောတူကာ အခန်းထဲမှ ထွက်သွား၏။

ကိုယ့်တာသာကိုယ် အဆိုတင်သွင်း၊ သူများကထောက်ခံပြီးကာမှ ကိုယ့်တာသာကိုယ် ဆက်တွေးနေမိတာကတော့ ကိုယ့်အလွန်သာ ဖြစ်၏။

စားပွဲပေါ်က ဓာတ်ပုံမှန်ဘောင်ထဲတွင် သသက ကျွန်တော့်ကို စူးစူးလေး ကြည့်နေသည်။ ဒီပုံက ကျွန်တော်တို့ သုံးယောက် ဒီကျောင်းလေး စဖွင့်သည့်နေ့က ရိုက်ထားသောပုံ.....။ ဘယ်ပုံမဆို တည်စူးစူးလေး ကြည့်နေတတ်သော၊ ရယ်ရင်မလှမယ့်အတူတူ မရယ်တာ ကောင်းပါတယ် ဟု ခံယူထားသော သသ ဒီပုံမှာလည်း တည်စူးစူးလေးကြည့်လို့.....။

ကျွန်တော် သက်ပြင်းတစ်ချက်ကိုသာ အသာချလိုက်မိသည်။

''ငါကတော့ ဒီကျောင်းလေးထဲကရော၊ ဒီဘဝထဲကရော နှင့်ကို ထွက်မသွားစေချင်ခဲ့သလိုပဲ၊ ဒီShare ထဲကလည်း ထွက်မသွားစေချင်တာ အမှန်ပါပဲ၊ နှင်မရှိတော့ပေမယ့် နှင်ရှိနေသေးသလိုပေါ့''

အပြင်တွင် လင်းတောက်နေသော နွေ၏ကောင်းကင်သည် ကြည်စင်လှပသလောက် ပူပြင်းလွန်းလှသည်။ နွေကတော့ နွေ၏သရုပ် ပီသအောင် ပူပြင်းနေဆဲ.....။ ကျွန်တော်တို့က ကိုယ့်သရုပ်ကိုယ်ပီအောင် ဘာများလုပ်ခဲ့ကြပြီးပြီလည်း မသိ။

သေချာတာကတော့ ရွက်ဝါတွေ တဖွဲဖွဲကြွေနေခဲ့ကြသည်။

❋ ❋ ❋





‘‘နိဒါန်းအသစ်’’

*တစ်နေ့ပြီးမှ တစ်နေ့ ဖွင့်လှစ်ခွင့်ရှိတဲ့*
*စာမျက်နှာသစ်တွေကို.....*
*ကျွန်မတို့ ကြိုတင်သိခွင့်မရခဲ့တာဟာ*
*ဘုရားသခင်ရဲ့ ဂရုဏာတော်ပါပဲ.....*
*ဒါတွေကို ကျွန်မက ပြင်ဆင်ဖို့ ကြိုးစားမိခဲ့တယ်*
*ကျွန်မအတွက် ရလဒ်က.....*
*အမှောင်လား.....။*
*အလင်းလား.....။*
*နိဂုံးလား.....။*
*နိဒါန်းလား.....။*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဒီနေ့ကျောင်းရောက်ကတည်းက ယင်းမာကို မတွေ့ရ.....။

''သီဟ.....ယင်းမာရော''

''လက်ဖက်ရည်ဆိုင်လို့ ပြောသွားတာပဲ''

''ဟင်.....ဘယ်သူလာလို့လဲ''

''ဘယ်သူမှ မလာဘူး၊ တစ်ယောက်တည်း''

ကျွန်တော် မျက်လုံးပြူးသွားရသည်။ သီဟကိုလည်း အရန်ကော၊ လိုက်မသွားရကောင်းလားဟူသော အကြည့်နှင့် ကြည့်မိသည်။ နားလည်ပုံရသွားသော သီဟက ကပျာကယာရှင်း၏။

''ကျွန်တော် လိုက်ခဲ့မယ်ပြောတော့ 'သူက ရတယ်၊ နေခဲ့' ဆိုတာနဲ့''

''ရပြီ၊ ငါလိုက်သွားလိုက်မယ်''

ကျွန်တော် သီဟကို လက်ကာတားကာ ယင်းမာနောက် လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။ ကျောင်းနားက လက်ဖက်ရည်ဆိုင်ရောက်တော့ တစ်ယောက်တည်းထိုင်နေသော ယင်းမာကို တွေ့လိုက်ရ၏။ ကျွန်တော်က ရှေ့တည့်တည့်မှာ ဝင်ထိုင်တော့ သူမမော့ကြည့်သည်။

"နှင့်ကို သီဟ ပြောလိုက်တာလား"

"အေး.....နင်က ဘာလို့ သူ့ခေါ်မသွားရတာလဲ"

"ပြောစရာရှိတာက နင်နဲ့လေ"

ယင်းမာအဖြေက ရှင်းသည်။ တမင်ထွက်လာခဲ့ပြီး သီဟကို တမင်ထားခဲ့တာ သေချာသည်။

"ပြောစရာရှိတယ်၊ ဟုတ်လား"

"အေး"

"ငါ့ကို"

"အင်း"

"ဒုက္ခပဲ၊ ရင်တောင်ခုန်လာပြီ"

ကျွန်တော်က တမင်တကာ နောက်က မနို့တရို့လုပ်ပြတော့ ယင်းမာက မသက်မသာရယ်သည်။ ခါတိုင်းဆိုလျှင်တော့ သူ့စိတ်တိုလာလို့က ကျွန်တော့်နာမည် 'ပြည့်စုံ'ကို ပြည့်ပြည့်စုံစုံ ခေါ်ပြီးသား.....။

"ဘာဖြစ်နေလဲ ယင်းမာ"

"စဉ်းစားနေတာ"

"စဉ်းစားနေတာ ဟုတ်လား။ စောစောကပြောတော့ နင်က ငါ့ကို ပြောမှာဆို။ စဉ်းစားရမှာက ငါလေ"

"တော်ပါတော့ ပြည့်စုံရယ်၊ မနောက်ပါနဲ့"

ကျွန်တော် ရုပ်ကို တည်လိုက်ရသည်။

"ကဲ.....ငါမနောက်တော့ဘူး၊ ပြော....."

"နင်သိလား၊ ကိုဇော်တို့ ပြန်ရောက်နေပြီ"





"ဟင်.....ဟုတ်လို့လား"

"ဟုတ်တယ်၊ မနေ့ကပဲ ငါအရှင်လတ်လတ်ကြီးတွေ့လိုက်တာ"

"ဘယ်မှာလဲ"

"ရန်ကင်းစင်တာအောက်က City Mart ထဲမှာ"

"သူက နင့်ကို မမြင်ဘူးလား"

"မမြင်ဘူး"

"တစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ ဓာတ်ပုံထဲက ကောင်မလေးနဲ့"

ကျွန်တော် ပြုံးလိုက်မိသည်။

"နင် ဘာပြုံးတာလဲ"

"သြော်.....နင် စိတ်မကောင်းဖြစ်နေတာလားလို့ မေးမလို့ပါ"

"ဝေးသေး.....စဉ်းပဲစဉ်းစားနေတာ၊ Emailတွေ တစ်ချိန်လုံးပို့နေပြီး၊ ပြန်လာတော့မှပဲ ပြန်လာကြောင်းတောင် အကြောင်းမကြားတာ အံ့သြတာ"

"အလုပ်ရှုပ်နေလို့ နေမှာပေါ့"

"ရှုပ်, ရှုပ်ပါဟာ"

"သူတို့ဘာသာ သူတို့အကြောင်းမကြားချင်လို့ နေမှာပေါ့ဟာ၊ စိတ်ထဲထားနေရင် နင်ပဲ ပင်ပန်းမှာပေါ့"

ကျွန်တော် ယင်းမာကို မတောက်တခေါက်ပညာလေးနှင့် ဖြေသိမ့်စကားပြောမိသည်။ ယင်းမာက ခေါင်းခါသည်။

"စိတ်ထဲမှာ ငါကထားတာမဟုတ်ဘူး၊ သူက ငါ့စိတ်ထဲကို လာထည့်သွားတာ"

မြတ်စွာဘုရား.....။ ကျွန်တော့်မျက်ခုံးများ မြင့်တက်သွားရသည်။ ဘာမှန်းမသိ ဇဝေဇဝါလည်း ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



''နင်.....နင်.....ဘာကိုဆိုလိုတာလဲ''

''ကိုဇကို ပြောတာ''

''အေးလေ.....ကိုဇကိုပြောမှန်း သိပါတယ်၊ ဘာကိုဆိုလိုတာလဲ လို့မေးတာ''

ယင်းမာ နှုတ်ခမ်းလေးကိုက်ကာ ပြောသင့်မပြောသင့် စဉ်းစားနေသည်။ အကြာကြီး.....။ ပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်နှင့် ကျွန်တော့်ကို ကြည့်သည်။

''နင် ထင်တဲ့အတိုင်းပဲလေ၊ သူက ငါ့ကို E.Mail မပြတ်ပို့တယ်''

''အင်းလေ.....''

''သံယောဇဉ်ရှိဟန်ပြတယ်''

''အင်း.....''

''နောက်ဆုံး ငါ့ကို လက်ထပ်ခွင့်ပါ တောင်းတယ်''

မြတ်စွာဘုရား.....။

ကျွန်တော် ဒီနေ့တော့ ကုသိုလ်အတော်ရနိုင်သည်။ ဘုရားချည်း တနေရတာကိုး.....။

ကျွန်တော် ကိုဇကို ဒီလောက်အရေးတယူ E.Mail တွေပို့နေကတည်းက သိပ်တော့မသင်္ကာ.....။ သို့သော်လည်း မသင်္ကာရုံမျှသာ.....။ ဒီလောက်ထိ ထင်မထား.....။ ခါတိုင်းအခြေအနေဆိုလျှင်တော့ ဘာပြောစရာလိုမည်လဲ။ ကိုဇနှင့် ယင်းမာဆိုတာက သူစိမ်းတွေ မဟုတ်ကြ။ ကျွန်တော်က သဘောတူမိမှာပင်။

ခုအခြေအနေကျတော့ ယင်းမာပြောသလို စဉ်းစားစရာ.....။

ပြန်လာတာတောင် အကြောင်းမကြား.....။ တွေ့မယ့်တွေ့တော့လည်း ကိုဇ၏ကောင်မလေးဟု သံသယရှိမိသောသူနှင့်.....။ ယင်းမာဘက်က မခံချိမခံသာဖြစ်ချင်စရာ.....။ သို့သော် သိရှိခဲ့သောအခြေအနေနှင့်





ကိုဇကို အကဲခတ်မိသလောက်ကျပြန်တော့လည်း ကိုဇက ထိုသို့ ပေါ့ပျက်ပျက်သမားမဟုတ်။ ပြီးလွယ်စီးလွယ် မဟုတ်။ လူရှုပ်မဟုတ်။ လှေနံနှစ်ဖက်နင်းမည့်သူ မဟုတ်။

''စဉ်းစားစရာပဲ''

ကျွန်တော့်မှတ်ချက်ကို ယင်းမာက ဘာမှ ဝေဖန်ချက်မပေး။ ထောက်လည်း မထောက်ခံ။ တုံးတိုတာဝေနှင့် ကြည့်နေသည်။ ကျွန်တော်ကပဲ ဆက်ပြောရ၏။

''ကိုဇက လူရှုပ်တစ်ယောက် မဟုတ်ဘူးဆိုတာတော့ ငါယုံတယ်''

ယင်းမာက မျက်နှာလေးကို မဲ့လိုက်ကာ ပြော၏။

''ငါလည်း ယုံချင်တာပဲ''

ယုံချင်တာပဲ.....ဆိုသောစကား၏ အဓိပ္ပါယ်အနက်ကို ကျွန်တော် နားလည်ပါသည်။ သို့သော်.....ယင်းမာကို ကျွန်တော် မစဖြစ်တော့.....။

''သူ့မှာ အကြောင်းတစ်ခုခုရှိမှာပါ''

''သူ့မှာရှိတဲ့ အကြောင်းတစ်ခုခုက ငါ့အတွက် လုံလောက်ဦးမှလေ''

ယင်းမာပြောတာလည်း မှန်သည်ပဲ.....။

''နင်တို့ ဒီလောက်စာတွေပို့ကြ၊ သံယောဇဉ်ထားကြနဲ့ ဖြစ်နေတာ.....ဒီကောင်မလေး ဘယ်သူလဲဆိုတာ နင်မမေးဘူးလား''

''မမေးပါဘူး၊ ဘာလို့မေးရမှာလဲ''

''သူကရော မပြောဘူးလား''

''မပြောဘူး''

''နင်က ဘာလို့မမေးတာလဲ''

''ပြောရမှာက သူလေ၊ ငါကမေးပြီး သူက အမှန်အတိုင်းပြောရင်တော့ ကောင်းတာပေါ့၊ အမှန်အတိုင်းမပြောရင် အဘယ့်နှယ့်လုပ်မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာသူ လိုလိုလားလားပြောချင်တဲ့နေ့မှာ အဖြေမှန်ရမှာပဲ ငါယုံလို့ မမေးတာ''

ယင်းမာ အယူအဆက မှန်ပါသည်။

''ကိုဇကရော.....ဘာလို့မပြောတာလဲ''

''အဲဒါကတော့ နင်ပဲ လိုက်မေးပေတော့''

''အင်းလေ.....အကြောင်းမတိုက်ဆိုင်လို့ ဖြစ်ချင်လည်း ဖြစ်မှာပေါ့''

ယင်းမာက ခေါင်းကလေးခါကာ ပြုံးနေသည်။ အပြုံးကတော့ မဲ့ပြုံး.....။

''နင်က သူတို့နှစ်ယောက်ကို ဘယ်လိုထင်တုန်း''

ခေါင်းထဲ ဖျတ်ခနဲဝင်လာသော အမေးကို ယင်းမာအား မေးလိုက်သည်။

''မထင်တတ်လို့ပေါ့''

တကယ်က မထင်တတ်တာ မဟုတ်လောက်ပါ.....။ ထင်တာကို မပြောတတ်တာသာ ဖြစ်လိမ့်မည်။

''ထားပါဟာ၊ ငါ ကိုဇကို သွားတွေ့ပါဦးမယ်''

ယင်းမာ ကပျာကယာတား၏။

''မသွားနဲ့''

''ဘာလို့တုန်း''

''ငါတို့ကို ဘယ်တော့မှ ဘာကိစ္စနဲ့ ဆက်သွယ်မယ်ဆိုတာ စောင့်ကြည့်ရအောင်လေ''

''ဘာလို့ စောင့်ကြည့်ရမှာလဲ၊ နင်ပဲ စိတ်ပင်ပန်းမှာပေါ့''

''ရတယ်၊ ကိစ္စမရှိဘူး။ တချို့ကိစ္စတွေက အချိန်မတန်သေးရင် အဆင်သင့်မဖြစ်သေးရင် အဖြစ်မှန်ရလဒ်ကောင်း မရတတ်ဘူး''





ယင်းမာစကားက တော်တော်မြင့်သဖြင့် ကျွန်တော်ပင် ဖြုံချင်သွားသည်။ ကျွန်တော်ကလည်း ယင်းမာသာ စိတ်သောကမရောက်ဘူး ဆိုလို့ကတော့ စောင့်ကြည့်ချင်သူတစ်ယောက်ပင်။ ထို့ကြောင့် ယင်းမာ၏ အဆိုတင်သွင်းမှုကို ထောက်ခံလိုက်သည်။

''ကောင်းပြီလေ၊ ဒါဆိုလည်း စောင့်ကြည့်ကြတာပေါ့''

''စောင့်ကြည့်ရမှာပဲ၊ သသ နှစ်ပတ်လည်ကလည်း ရောက်တော့မှာပဲ''

''အင်း.....ဟုတ်တယ်''

''ဘာလိုလိုနဲ့ သသ ဆုံးတာတောင် တစ်နှစ်ပြည့်တော့မယ်နော်''

ကျွန်တော် ခေါင်းသာညိတ်ပြလိုက်မိသည်။ ယင်းမာက စကားကို ဆက်၏။

''သူတို့တွေ သသကို ဆွမ်းကပ်ပေးဖို့ရော သတိရကြပါ့မလား မသိ''

''သတိမရတော့ကော ဘာအရေးလဲ၊ ငါတို့လုပ်မှာပဲ''

''ဟုတ်တော့ ဟုတ်ပါတယ်''

''ဟုတ်ရင်ထ၊ ငါတို့ အလုပ်တွေရှိသေးတယ်၊ စိတ်ရှုပ်စရာတွေကို အလုပ်နဲ့သာ ကုစားလိုက်ပါ၊ ဒါ အမြတ်ပဲ''

''ဟုတ်တယ်''

တစ်သက်လုံး မတည့်ခဲ့သူနှစ်ယောက် ခုကျမှ လိုလိုလားလား အတွေးတွေတူကာ တစ်ယောက်စကားတစ်ယောက် လက်ခံနေလိုက်ကြတာ.....။

အဲဒီလို အချိန်နာရီမျိုးဆိုတာ လောကမှာ တကယ်ရှိသေးတာပဲ.....။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ကျောင်းရုံးခန်းထဲ ဝင်ဝင်ချင်း ဖုန်းသံက ဆူညံစွာ မြည်နေသည်။ သီဟာက အတန်းဝင်နေပြီး ဆရာမကြီးက ဒီနေ့ခွင့်တင်သည်။ ယင်းမာက သသ နှစ်လည်အတွက် ဆွမ်းကပ်ရန် စီစဉ်နေ၏။ ကျောင်းနောက်ကျမည် ဖြစ်သည်။

''ဟဲလို.....''

''ပြည့်စုံလား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ငါပါ ပြည့်စုံရ၊ ကိုဇပါ''

ကျွန်တော့်မျက်ခုံးများ မြင့်တက်သွားမည် ထင်ပါသည်၊ သို့သော် ကျွန်တော် သတိတော့ရှိပါသေးသည်။ အံ့သြသော လေသံနှင့်ပင် နှုတ်ဆက်လိုက်၏။

''ဟာ.....ကိုဇ၊ ဘယ်တုန်းက ပြန်ရောက်တာလဲ''





ကိုဇ စက္ကန့်အနည်းငယ် တုန့်ဆိုင်းနေပြီးမှ ဖြေသည်။

''အေး.....နည်းနည်းတော့ကြာပြီ၊ မအားတာနဲ့''

ကိုဇသည် တကယ်တမ်း အရိုးခံစိတ်ရှိသူသာ ဖြစ်သည်။ သူ မညာရှာပါ။

''အာ.....ပြောရောပေါ့ ကိုဇရာ၊ ကျွန်တော်တို့ လာမှာပေါ့''

''ရပါတယ်ကွာ၊ ကဲ.....ထားပါဦး၊ ယင်းမာကော''

''ယင်းမာ ဒီနေ့ကျောင်းလာတာ နောက်ကျမယ် ကိုဇ''

''ဟင်.....ဘာဖြစ်လို့လဲ''

လေသံထဲတွင် စိုးရိမ်သံတစ်ဝက်ခန့်ပျော်ဝင်နေတာကို ကျွန်တော် ရိပ်စားမိလိုက်သည်။ ဘာရယ်မဟုတ်.....ယင်းမာကိုယ်စား ကျေနပ်သွားကာ ပြုံးမိသေး၏။

''သသ အတွက် တစ်နှစ်ပြည့် ဆွမ်းကပ်ပေးဖို့ စီစဉ်နေလို့''

ကိုဇအသံက စောစောကလိုပင် စက္ကန့်များစွာ ပျောက်ဆုံးသွားပြန်သည်၊ ခဏနေကျမှ စကားကို ဆက်၏။

''အေး.....ငါလည်း အဲဒါပြောမလို့''

''ဘာများလဲ ကိုဇ''

''အိမ်မှာလည်း မေမေက သသနဲ့ ပပအတွက် ကုသိုလ်တစ်ခုခု လုပ်ပေးချင်တယ်လို့ ပြောလို့''

''ကောင်းသားပဲ ကိုဇရဲ့''

ဘာမှ မကောင်းစရာမှ မရှိပါဘဲ လုပ်ပေါ့.....။

''ယင်းမာပြန်လာရင် တစ်ခေါက်ပြန်ဆက်မယ်၊ ဘယ်အချိန် လောက်ရောက်မလဲ''

''နေ့လည်မှ ဆက်တာ သေချာမယ်ထင်တယ်''

''အေး.....အေး''

www.burmeseclassic.com

www.burmeseclassic.com



ကိုဇ ဖုန်းချသွား၏။ ယင်းမာ ဝင်လာသည်။ တိုက်ဆိုင်လိုက်ပုံများ အံ့ရော.....။

"နှင့်မျက်နှာက ဘာဖြစ်နေတာလဲ၊ ဘယ်သူနဲ့ ဖုန်းပြောနေတာမို့ လဲ"

"ကိုဇနဲ့"

ကျွန်တော် မင်သေသေလေးကြည့်ကာ ပြန်ဖြေတော့ ယင်းမာက မဲ့ပြုံးလေး ပြုံးသည်။

"ခုမှ ရောက်တာတဲ့လား"

"ဟင့်အင်း.....သူမညာပါဘူး၊ နည်းနည်းကြာပြီ မအားတာနဲ့တဲ့"

"သြော်.....သြော် ခုကျ အားပြီလား"

"ခုဟာက သသနဲ့ ပပအတွက် သူတို့လည်း အလှူအတန်း တစ်ခုခုလုပ်ချင်လို့တဲ့"

"လုပ်ပါလား၊ သူတို့ဟာ သူတို့"

"ငါတို့လုပ်မှာကို သူတို့ သိသွားတယ်လေ"

"နှင်ပြောတာလား"

"တမင်ပြောတာ မဟုတ်ဘူး၊ ကြုံလို့ပြောမိတာ"

ယင်းမာ မျက်မှောင်လေးကြုတ်ကာ စဉ်းစားခန်းဝင်နေသည်။

"အဲဒါ နေ့လည်ကျ နှင့်ကို ပြန်ဆက်ဦးမှာတဲ့၊ နှင့်ဟာနှင် စကားလုံးစဉ်ထား၊ ဘာပြောမယ်ဆိုတာ"

"အံမာ.....ဘာကိစ္စစဉ်ထားရမှာလဲ"

"နှင် ရင်ခုန်နေမှာစိုးလို့"

"ဝေးသေး"

စောစောက စိုးရိမ်သံတစ်ဝက်ကိစ္စကို ပြောတော့ ယင်းမာက မယုံချေ.....။ မယုံတာကလည်း သဘာဝကျပါသည်။ သူ့ကို ကျွန်တော်က





လည်း အတည်ပြောတာ နည်းသည့်ကိုး.....။

ယင်းမာက ဘုန်းကြီးကျောင်းမှာပင် သံဃာဆယ်ပါး ဆွမ်းကပ်မည့်အကြောင်းနှင့် သူစီစဉ်ခဲ့တာတွေကို ကျွန်တော့်ကို ပြောပြသည်။ ကျွန်တော်က ဘာမှ ကန့်ကွက်စရာမရှိ၊ တာဝန်ယူရမည့်အပိုင်းကို တာဝန် ယူလိုက်ရုံသာ.....။

ယင်းမာကတော့ ဖုန်းလာလျှင် ဖုန်းကိုင်ရမှာ စိုးရွံ့ထင်သည်။ တစ်ဖက်ခန်းထဲသို့ သွားထိုင်နေ၏။ တစ်ဖက်ခန်းမှာက Extension သာရှိသည်လေ.....။ သို့သော် ယင်းမာ၏အကြံက မအောင်မြင်ပါ။ ကိုဇ၏ ဖုန်းက ဝင်မလာဘဲ၊ ကိုဇက အရှင်လတ်လတ်ကြီး ရောက်ချလာသည်။ ကိုဇနောက်မှာကလည်း ဓာတ်ပုံထဲက မိန်းမလှလေး.....။ အားလုံးက တအံ့တသြကြည့်နေဆဲ ကိုဇက.....

"ဟ.....ဘာငေးနေတာလဲ"

"အာ.....အံ့သြလို့ ကိုဇရေ၊ ဖုန်းပဲ ပြန်ဆက်မယ်ထင်တာ"

"အေး.....အစကတော့ ဖုန်းပြန်ဆက်မလို့ပဲ၊ ဒါပေမဲ့ ဒီမှာ ဒီကောင်မလေးက သွားချင်တယ်ဆိုတာနဲ့"

ကျွန်တော်တို့အကြည့်က ကိုဇနောက်မှာ ကောင်မလေးဆီသို့ ရောက်သွားကြသည်။ ကောင်မလေးက နှစ်နှစ်လိုလို ရယ်ပြ၏။ အိုး..... လှလိုက်တဲ့အပြုံး.....။

"သူက ဘယ်သူလဲ ကိုဇ"

ကျွန်တော့်အတွက်ကော ယင်းမာအတွက်ပါ ထိုမေးခွန်းကို မေး လိုက်ခြင်းဖြစ်သည်။

"သူလား၊ သူက ငါ့ညီမအသစ် ဒဒ.....တဲ့"

မြတ်စွာဘုရား.....။ ကျွန်တော်နှင့်ယင်းမာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးပြူးမိကြသည်။ ဝေါဟာရက 'ညီမအသစ်'

www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး''

ယင်းမာက ဝင်မေးပြန်သည်။

''ဒါဆို ခခက ဘာဖြစ်ချင်တာလဲ''

''ခ,လား.....''

ခခက မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားနေသေးသည်။ ပြီးမှ.....

''ခ,က Home decoration နဲ့ပတ်သက်တဲ့ အလုပ်တစ်ခုလုပ်မှာ၊ အဲဒီပညာရပ်ကို လေ့လာခဲ့ဖူးတယ်လေ''

''ဒီမှာ အဆင်ပြေပါ့မလား''

ကျွန်တော်က မဆီမဆိုင် ဝင်မေးလိုက်မိ၏။

''ဟုတ်တယ်၊ ဒီတစ်ခုတည်း မဟုတ်ဘူး၊ dress design နဲ့ fashion shopပါ တွဲလုပ်ချင်တာ''

ယင်းမာကတော့ တအံ့တသြလေး ငေးကြည့်နေသည်။ သသနှင့် ယင်းမာဆိုတာက ပညာရေးမှလွဲလျှင် ဘာမှ စိတ်ဝင်စားသူများ မဟုတ်။ အလှအပဆိုလျှင်လည်း သူတို့က သိပ်စိတ်မဝင်စားသလို သိပ်လည်း အပင်ပန်းမခံ.....။ သနပ်ခါးတုံးတောင် ကျောက်ပြင်နားမှာ အဆင်သင့်မရှိလျှင် လိမ်းမလာတတ်သူများ.....။ ကိုဇကတော့ ခခကိုကြည့်ကာ ကျွန်တော့်ကို စကားတစ်ခွန်းပြော၏။

''ခခမှာက ဒီမှာ အပေါင်းအသင်းရှိတာ မဟုတ်ဘူး၊ မင်းတို့ လက်ပဲအပ်ရမှာပဲ၊ ပေါင်းရသင်းရတာကတော့ သသထက် အဆင်ပြေမှာပါ၊ ဒါပေမဲ့ သသနဲ့တော့ တခြားစီပဲ''

တစ်အူတုံဆင်းအမွှာများပင် ကွဲလွဲနိုင်တာပဲ.....။ သသနှင့် ခခ မတူတာက ပြဿနာမဟုတ်.....။ ပြဿနာက ခခ၏အကြည့်များဖြစ်သည်။

❋ ❋ ❋





## အခန်း (၃)

''ကိုပြည့်''

ယင်းမာ၏ ရယ်သံစွက်နေသော အသံကြောင့် ကျွန်တော် မျက်မှောင်ကြုတ်ကာ မော့ကြည့်လိုက်မိသည်။

''အဲဒါက ဘာဖြစ်ရတာလဲ''

''ဟင်.....ခေါ်ကြည့်တာလေ၊ ဘယ်လိုနေလဲလို့ အင်း.....ခုတော့ သိပြီ၊ response မတူဘူး၊ ဟိုက 'ကိုပြည့်'ဆိုရင် ပြည့်စုံတို့များ အရည်ပျော်မတတ် ငါက ဒီလောက် tone လျှော့ပြီးခေါ်တာတောင် ငါ့ကျ မျက်မှောင်တကြုတ်ကြုတ်နဲ့ ကွာတာပေါ့လေ''

လောကတွင် အလှည့်ဆိုတာ ရှိမြပင်.....။ ဒါတိုင်းဆို ကျွန်တော်က ယင်းမာကို စ'နေ. ရစ်နေကျ.....။ ခုကျတော့ ယင်းမာက ပြဿနာရှာတာကို ပြန်ခံနေရသည့်ဘဝ ရောက်သွားသည်။ ဒီတိုင်းငြိမ်ခံနေရလို့တော့ မဖြစ်ပါ။ သိကွာကျသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ၊ နင်က ငါ့ကို jealous ဖြစ်နေတာလား''

''ဖြစ်တောပေါ့ဟာ၊ ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးကိုး...''

''မဖြစ်သင့်ပါဘူးဟာ၊ ဒါ့လည်း သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရဲ့ အမျိုးအရင်းကြီးကို စောင့်ရှောက်ရမှာပေါ့''

ယင်းမာက မျက်နှာလှလှလေးကို မဲ့ပစ်လိုက်၏။

''ဟင်း.....ဒီလိုလှတာပတာလေး မဟုတ်ရင်ကော စောင့်ရှောက်ချင်မှာလား''

''ဟ.....ဘာဆိုင်လဲ၊ ငါက လှတာမြင်တိုင်း စောင့်ရှောက်ချင်နေရမှာလား''

''ဒါက နင့်စကားနဲ့ နင်လေ''

ကျွန်တော်ပင် အူကြောင်ကြောင်ဖြစ်သွားရသည်။ ကိုယ်ပြောခဲ့တာကိုယ် သတိမရချင်တော့.....။

''ငါ ဘာပြောခဲ့လို့လဲ''

''တစ်သက်လုံး ထိုင်ကြည့်ရမယ့်ရုပ်က လှဦးမှဆို.....''

''အာ.....ဒါက တစ်သက်စာပြောတာ''

''ဩော်.....ခုလည်း တစ်သက်စာဖြစ်မလာနိုင်ဘူးလို့ ပြောနိုင်မလား''

ကျွန်တော် ဘာပြောရမှန်းမသိ။ 'မပြောနိုင်ဘူး' ဆိုပြန်လျှင်လည်း ခခက ကြားချောင် သိကျွာကျရဦးမည်။ 'ပြောနိုင်တယ်' ဆိုပြန်တော့လည်း ကျွန်တော်ကပဲ ခုတည်းက အကြံအစည်ရှိနေသလို.....။

''နင်နဲ့ ကိုဇ ဘာဖြစ်လာလို့လဲ''

''အံမယ်.....စကားမလွှဲပါနဲ့၊ ငါ့မေးခွန်းကို တည့်တည့်ဖြေပါ၊ နင့်ယောက်ဖအကြောင်းက နောက်မှမေး.....''





''ကျွတ်.....ဒုက္ခပဲ''

ကျွန်တော် ယင်းမာနှင့်ပတ်သက်ပြီး ဘေးကြပ်နံကြပ်ကြုံရတာ ဘဝမှာ ဒီတစ်ခါပဲရှိဦးမည်။ ဒါကလည်း အရင်းစစ်တော့ 'ခခ' နှင့် ပတ်သက်နေသည်။ သူမ၏အကြည့်တချို့ကို လက်ခံရပြီးကတည်းက ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ဘာမှန်းသိပ်မသိချင်တော့။ ရေစက်ကြောင့်လားမသိ။ ထိုအကြည့်ငေးငေးများကို ကျွန်တော် ရင်းနှီးနေသလို၊ ထို့ကြောင့်ပင် ကျွန်တော်တို့နှင့် ခခ ရင်းနှီးမှု မြန်သွားသည်လား မသိ။

ခုဆို ကျွန်တော်တို့က မနက်ကျောင်းလာ.....။ သူက သူ့ဆိုင်တွေအတွက် အလုပ်လုပ်.....။ နေ့လည်ဆို ကျောင်းကိုဝင်လာကာ နေ့လည်စာ အတူစားကြသည်။ တစ်ခါတစ်ခါ သူဝယ်လာပြီး တစ်ခါတရံ ကျွန်တော်တို့က ဝယ်ခြမ်းစီစဉ်ထားရသည်။ တစ်ခု အဆင်ပြေတာက ခခက သသလို ချေးမများ.....။ အားလုံးစားသည်။ ကျွန်တော်တို့နှစ်ယောက်နှင့်လည်း တစ်သားတည်းရှိလှသည်။ ခခက လာပြီဆိုလျှင် ပစ္စည်းတွေကို သူ့အစ်မ သသခုံမှာချကာ နားသည်။ ပြီးမှ ထမင်းစား။ တစ်ခေါက်ပြန်ထွက်။ ညနေပြန်ဝင်လာ.....။ ထိုခုံမှာပင် စာရင်းဇယားတွေ တွက်ချက်။ ကျွန်တော်တို့ပြန်မှ အတူပြန်ကြသည်။

ဇယားတွေ၊ စာရင်းတွေနှင့် အလုပ်ရှုပ်ကာ သူ့အလုပ်ထဲသူ စိတ်ဝင်စားနေတတ်သော ခခကိုမြင်လျှင် ကိန်းဂဏန်းတွေနှင့် စာရင်းဇယားတွေကို မုန်းသော သသကို သတိရဖြစ်သည်။ ကျောင်းနှင့်ပတ်သက်သော ဝင်ငွေ၊ ထွက်ငွေ စာရင်းဇယားအားလုံးကို ကျွန်တော်ကသာ ကိုင်ရသည်။ တစ်ခါတစ်ခါ.....ယင်းမာက ကူသည်။ သသကတော့ တစ်စက်လေးမှ စိတ်လည်းမဝင်စား။ ကူလည်း မကူတတ်ချေ။

ကျွန်တော် ဒုက္ခရောက်နေဆဲမှာပင် ကယ်တင်ရှင် ဝမ်းသာသည်။ သီဟ.....။ လက်ထဲမှာ စာအုပ်သစ်တစ်ချို့.....။ ကျွန်တော်တို့ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်ကလေးအတွက် မှာထားခြင်းဖြစ်သည်။

"ကိုပြည့်....ဒီမှာ ကိုပြည့်မှာထားတဲ့ စာအုပ်တွေ"

ခွေးမသား.....။ ကျွန်တော်စိတ်ထဲက ကြိတ်ဆဲဖြစ်လိုက်သည်။ ကယ်တင်ရှင်မှတ်ပါသည်။ ကူထိုးမည့်ဝါး ဖြစ်နေသည်ကိုး.....။

"မင်း ဘယ်တုန်းက စိတ်ပြောင်းသွားတာလဲ"

ကျွန်တော့်စကားကြောင့် သီဟ အောင့်သက်သက်ဖြစ်သွားသည်။

"စိတ်ကတော့ မပြောင်းပါဘူး ကိုပြည့်စုံရာ၊ လေချွေတာရာလည်းရောက်၊ ရင်ဘတ်ထဲလည်းရောက်မယ့် အခေါ်အဝေါ်လေးကို ပြောင်းခေါ်ကြည့်တာပါ"

"မင်းတို့နှစ်ယောက် ဒီနေ့ ဘာဖြစ်လာကြတာလဲ"

ကျွန်တော် စိတ်ပေါက်ပေါက်နှင့် မျက်နှာထားတင်းကာ မေးလိုက်တော့ နှစ်ကောင်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"ကျွန်တော် ဘာမှမမှားသလို ယင်းမာလည်း ဒီအတိုင်းပါပဲ"

"ငါလည်း ဒီတိုင်းပဲ၊ သီဟလည်း ဘာမှမမှားဘူး"

နှစ်ယောက်လုံး တိုင်ပင်မထားဘဲ တစ်ပြိုင်တည်း ထွက်လာခြင်းဖြစ်သည်။

"ဩော်.....ဒါဆို မှားနေတာက ငါလား"

"အင်း.....အများနဲ့တစ်ယောက်ဆိုတော့ အများအလွန့်ဖြစ်မှာပါ၊ တစ်ယောက်ကတော့ မမှားလောက်ပါဘူး.....နော့ သီဟ၊ အမြန်တောင်းပန်လိုက်"

ယင်းမာက လေသံလေးနှင့်ပြောတော့ သီဟက ကပျာကယာ နောက်ဆုတ်ဒူးညွှတ်ကာ တောင်းပန်ဟန်ပြု၏။

"သွေ့ပချို....."

ထိုစဉ် ခခ ဝင်လာ၏။





"ဘာတွေဖြစ်နေကြတာလဲ"

"အများအမှန်ကိစ္စ ဆွေးနွေးနေကြတာ"

သီဟက ခပ်သွက်သွက်ဝင်ဖြေခြင်း ဖြစ်၏။ အပေါင်းအသင်းဆန်သော ခခက သီဟနှင့်သာမက ဆရာမကြီးနှင့်ပါ တော်တော်အဆင်ပြေသည်။

"ဟုတ်လား၊ ဘယ်သူကမှားပြီး ဘယ်သူကမှန်တာလဲ"

"အဲဒါကို စဉ်းစားနေတာ၊ အများနဲ့တစ်ယောက်ကိုး....."

"အများက ဘယ်သူ၊ တစ်ယောက်က ဘယ်သူလဲ"

"အများက သီဟနဲ့ယင်းမာ၊ တစ်ယောက်က ပြည့်စုံ"

ယင်းမာက ဝင်ဖြေ၏။ ခခက ပြည့်စုံကိုကြည့်ကာ မေး၏။

"ဟုတ်လား၊ သူတို့ပြောတာ ဟုတ်လား"

"အလကားပါ ခခရာ"

"ဘာပဲဖြစ်ဖြစ်လေ၊ တစ်ယောက်က ကိုပြည့်ဆိုရင်တော့ ကိုပြည့် မှန်တယ်"

ယင်းမာကတော့ ခခလက်ထဲမှ ချိုင့်ကို ဆွဲယူရင်းပြော၏။

"အင်း.....နေ့လည်စာမျက်နှာရှိတာရော၊ လူရင်းတွေမို့လို့ကော သဘောထားကြီးပေးလိုက်ပါ့မယ်"

သီဟကတော့ တဟားဟားအော်ရယ်ရင်း 'မှတ်သားလောက်ပါတယ်'ဟု ရေရွတ်နေ၏။ နေ့လည်စာ စားကြတော့ ဆရာမကြီးပါ၊ပါသည်။ သူတို့က သသကို မြင်ဖူး၊သိဖူးသူများ မဟုတ်သည့်တိုင် ခခကို အတော်လေးခင်ကြ၏။

"ဆိုင်က အဆင်ပြေပြီလား ခခ"

"မဆိုးပါဘူး၊ တော်တော်လေးကို ပြင်ဆင်ထားပါတယ်"

"ယင်းမာတို့ ဘာကူရဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



''ရတယ် ယင်းမာ၊ ခ ဆိုင်ဖွင့်တဲ့နေ့ကျမှ လာခဲ့နော်''

''ဆိုင်နာမည်ကို ဘယ်လိုပေးထားလဲ သမီးရဲ့''

ဆရာမကြီးက စိတ်ဝင်စားစွာ မေး၏။

'''နိဒါန်းသစ်'တဲ့ အန်တီ''

''နိဒါန်းသစ်''

ကျွန်တော်ပင် သံယောင်လိုက်လိုက်မိသည်။ နိဒါန်းဟူသည် အရာ အားလုံး၏အစဖြစ်နေပါလျက် 'နိဒါန်းသစ်'တဲ့.....။

''ကိုပြည့် သဘောကျလား''

ခခက ထုံးစံအတိုင်း ကျွန်တော့်ကို ငေးငေးလေးကြည့်ကာ မေးသည်။ သူမမေးပုံက ကျွန်တော် မကြိုက်လျှင်ဘဲ ပြင်ပေးတော့မယောင်။

''သဘောကျပါတယ်၊ ကောင်းပါတယ် ခခရဲ့''

ခခက ထိုအခါကျမှ ကျေနပ်သွားဟန်ဖြင့် စကားကိုဆက်၏။

''အဲဒီနာမည်မှာ အဓိပ္ပါယ်အများကြီးပါတယ် ကိုပြည့်ရဲ့၊ ဒီဆိုင်၊ ဒီအလုပ်ဆိုတာ ခအတွက်တော့ နိဒါန်းအစပဲလေ၊ ဒါကြောင့် 'နိဒါန်းသစ်' လို့ နာမည်ပေးလိုက်တာ၊ အဲဒီနိဒါန်းအသစ်မှာပဲ ခ အောင်မြင်ချင်တယ်''

''အောင်မြင်မှာပါ''

ကျွန်တော့်ရင်ထဲက ပြောလိုက်သောစကားဖြစ်သည်။ နှုတ်ဖျားမှ ပြောလိုက်သော စကားသက်သက်မဟုတ်ပါ။ နိဒါန်းလေးလှပမှသာ အရာရာသည် စိတ်ဝင်စားဖွယ်ကောင်းမှာဖြစ်သလို နိဂုံးအတွက်လည်း လှပစွာ ပြင်ဆင်ခွင့်ရမည် ဖြစ်သည်။

''ပေးတဲ့ဆုနဲ့ ပြည့်ချင်ပါတယ်''

ခခကလည်း လေးနက်သောစကားကို ဆိုရှာသည်။

ယင်းမာကတော့ ပြောရှာသည်။





''ခခကို ကူချင်ပေမယ့် ယင်းမာတို့က ဘာမှနားမလည်တော့ မကူနိုင်ဘူး''

''ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ခလည်း ယင်းမာတို့နဲ့အတူ အလုပ်လုပ်ချင်ပေမဲ့ ခက စာသင်တာ ဝါသနာမပါဘူးလေ၊ သင်လည်း မသင်တတ်ဘူး၊ တစ်ယောက်တစ်မျိုးစီပေါ့၊ ခမှာက ဒီမှာ ခုလောက်ထိ အဆင်ပြေပြီး ခုလို အပေါင်းအသင်းတွေ ရထားတာကိုပဲ အရမ်းဝမ်းသာနေတာ၊ မဟုတ်ရင် ခက တစ်ယောက်တည်းဖြစ်နေမှာလေ''

''ရေစက်ပေါ့''

ဆရာမကြီးက လူကြီးစကားကိုပြော၏။

သို့သော် ထို'ရေစက်'ဆိုသောစကားကို ကျွန်တော် အတိုင်းအတာတစ်ခုထိ ယုံကြည်ပါသည်။ ဘာလို့လဲဆိုတော့ သသမရှိသည့်တိုင် ဒီမိသားစုနှင့် ကျွန်တော်တို့ ကင်းမှမကင်းခဲ့ဘဲ.....။ ကိုဇနှင့် ယင်းမာကလည်း မကင်းသလို၊ ခခနှင့်ကလည်း မကင်းနိုင်.....။

တစ်ခါတစ်ရံတော့ ကြုံဆုံရသော ကံကြမ္မာလှလှလေးများသည် ထူးဆန်းအံ့ဖွယ်မဟုတ်သည့်တိုင် အိပ်မက်ဆန်ဆန်တော့ ကြည်နူးစရာကောင်းနေခဲ့တတ်သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဒီနေ့ ယင်းမာ ကျောင်းနောက်ကျသည်။ လာပို့သူက ကိုဇ.....။ ကိုဇက အထဲထိမဝင်။ အပြင်မှ ကျွန်တော့်ကို လက်ပြကာ ပြန်ထွက်သွားသည်။ အထဲဝင်လာသော ယင်းမာမျက်နှာက မလုံမလဲ.....။

''ဘယ်သွားပြီး ဘာလုပ်တာလဲ မေးရမယ့်အရွယ်လည်း မဟုတ်တော့ဘူး''

ကျွန်တော့်စကားကြောင့် ယင်းမာ မျက်နှာရှက်သွားသယောင်။ ကျွန်တော်ကပဲ စကားကိုဆက်ရ၏။

''ဒီတော့ အခြေအနေပဲမေးမယ်၊ နင်နဲ့ ကိုဇရဲ့အခြေအနေ''

''အခြေအနေက သိပ်မကောင်းဘူး''

ယင်းမာက နှာခေါင်းလေးရှုံ့ကာ ညည်း၏။ ကျွန်တော်ပင်လန့်သွားရသည်။ ခုနက အမြင်အရပဲ အတော်အဆင်ပြေနေခဲ့တာ မဟုတ်လား.....။

''အခြေအနေမကောင်းဘူး၊ ဟုတ်လား''





''ဟုတ်တယ်''

''ဘယ်လိုမကောင်းတာလဲ''

ယင်းမာ ကျွန်တော့်ကို မျက်နှာလွှဲလိုက်ကာ ဖြေ၏။

''နင့်သူငယ်ချင်းတော့ အခြေမခိုင်တော့ဘူး၊ ပါခါနီးနေပြီ''

ထိုစကားကြောင့် ကျွန်တော် တဟားဟားထ.ရယ်မိသည်။

''ဘာရယ်တာလဲ''

''ဟ.....ဘာရယ်ရမှာလဲ၊ နင်က အခြေအနေမကောင်းဘူးဆိုတော့ ငါက ဘာများဖြစ်လို့လဲလို့၊ ခုကျတော့.....၊ အင်း.....ဒါများဟာ သူများသားသမီး ဝမ်းသာသွားအောင် မြန်မြန်အဖြေပေးလိုက်ပါဟာ၊ ကုသိုလ်ပြုတယ်လို့ သဘောထားပါ၊ ငါ သာဓုခေါ်ပါ့မယ်''

''သေလိုက်''

''ရော်.....ငါက ကုသိုလ်စကားပြောတာလေ''

''အေးပါ၊ နှမအလှူအတန်းရက်ရောတဲ့သူ၊ တူသောအကျိုးပေးပါစေဆိုတဲ့ ဆုကော မတောင်းတော့ဘူးလား''

''အာ''

ကျွန်တော် ပါးစပ်ပိတ်ထားလိုက်ရသည်။ ကျွန်တော် ရှုံးပြီကိုး.....။

''ကဲပါ၊ ထားပါ၊ ခခရဲ့ ဆိုင်ဖွင့်ပွဲနေ့ကျရင် ဘယ်လိုလုပ်မလဲ''

''ဘာလုပ်ရမှာလဲ၊ သွားမှာပေါ့''

''ကျောင်းမှာက.....''

''ဆရာမကြီးနဲ့ သီဟ ထားခဲ့မှာပေါ့''

''ကောင်းမလား၊ သူတို့ကိုပါ ဖိတ်ထားတဲ့ဟာကို''

''မဟုတ်ဘူးလေ၊ သူတို့က ခဏတော့လာပေါ့၊ ကျောင်းမှာ စာရေးနဲ့ခဏထားခဲ့ရမှာပဲ၊ ပြီးရင်တော့ သူတို့.က ပြန်နှင့်လေ၊ ငါတို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီနေ့တစ်နေ့လုံး ရှိနေပေးသင့်တယ်လေ''

''နေပေးသင့်တာလား၊ နေချင်တာလား''

''နှစ်ခုလုံးပဲ''

စိတ်တိုတိုနှင့် ဖြေလိုက်သောအဖြေကိုပင် ယင်းမာက သဘောတကျနှင့်.....။

ကျွန်တော် တစ်စုံတစ်ခုကို သတိရသွားမိသည်။

''ရွှေယင်းမာ''

''ဘာလဲ''

''ခုတလောကျတော့လည်း နင်နဲ့သီဟာ ရန်မဖြစ်ကြတော့ပါလား''

''ကလေးတွေမှ မဟုတ်တာ''

ယင်းမာက ကျွန်တော့်ကို တည့်တည့်မကြည့်ဘဲ ဖြေသည်။

''လွန်ခဲ့တဲ့ သုံးလေးလထိ နင်က ကလေးလား''

''နင်နော်''

ယင်းမာ ဘာပြောရမှန်းမသိဖြစ်ကာ စကားရပ်သွား၏။ ပြီးမှ..... သက်ပြင်းချကာ ကျွန်တော့်ဘက် လှည့်လာသည်။

''မှန်တာပြောရမလား''

''ဒါက နင့်စိတ်ပေါ်မှာ မူတည်ပါတယ်''

''ခွေးကောင်.....ငါအကြောင်းပြောမှာ နားထောင်မလားမထောင်ဘူးလား''

''ကဲပါ၊ နားထောင်ပါ့မယ် ပြော.....''

ကျွန်တော် လျှော့ပေးလိုက်တော့ ယင်းမာက မဝံ့မရဲဟန်နှင့် စကားစ၏။

''ငါက အစက သီဟာနဲ့ မတည့်ဘူး''

''အင်းလေ''





''ခုကျတော့ သီဟာနဲ့ ငါနဲ့ တည့်လား. မတည့်လား၊ အဆင်ပြေလား မပြေဘူးလားတောင် ငါမသိတော့ဘူး''

''ဟင်.....နင့်ဟာက ဘာလဲ''

ကျွန်တော်ပင် လည်ချင်ချင်ဖြစ်သွားရသည်။ ယင်းမာက တကယ့်ကို လေးနက်တည်ကြည်သောမျက်နှာနှင့် စကားဆက်၏။

''ငါ သီဟာ ရှိနေလား, မရှိနေဘူးလား၊ သူ အပြစ်လုပ်ထားလား, မလုပ်ထားဘူးလား၊ သူ မှားနေလား, မှန်နေလားတောင် ငါ သတိမထားမိတော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား''

''အင်း.....သေချာအောင် နင်ပဲပြောပါ''

''ဒါ.....ကိုဇကြောင့်လေ၊ ငါ့ဒေါသတွေ၊ စိတ်မရှည်မှုတွေ၊ အကောင်းမမြင်တတ်မှုတွေကို ကိုဇက ပြုပြင်ပေးသွားတာ''

ကျွန်တော် တအံ့တသြပင်ဖြစ်သွားရသည်။ ဒီလောက် ဆတ်ဆတ်ထိမခံတတ်သော ယင်းမာလို ကောင်မလေးမျိုးကို ကိုဇ ဘယ်လို ချစ်ခြင်းတွေနဲ့များ ပတ်စည်းချည်ဖွဲ့ပေးလိုက်ပါလိမ့်.....။

''ပြီးတော့.....ကိုဇပဲ ငါ့အတွေးထဲမှာရှိတော့တယ်၊ အလုပ်ရယ်၊ ကိုဇရယ်၊ ငါ့မိသားစုရယ်၊ ကိုဇရဲ့စကားတွေရယ်၊ ဒါတွေပဲ ရှိတော့တဲ့ အတွက် သီဟာကို ငါက မြင်တောင်မမြင်တော့ဘူးလိုဖြစ်နေတာ၊ အစကတော့ လုပ်ကာစဆိုတော့ အချိုးကမပြေရတဲ့ထဲ ငါတို့ချစ်တဲ့ သသ နေရာမှာလည်း ဝင်ဘာသေး၊ သသလိုလည်း မဟုတ်တော့ သည်းမခံနိုင်ဘူးပေါ့ဟာ''

ကျွန်တော် ကျွန်တော့်သူငယ်ချင်း ရွှေယင်းမာကို တစ်ခါမှ မမြင်ဘူးသည့်သူပမာ ငေးကြည့်နေမိသည်။ 'ချစ်ခြင်း'သည် စစ်မှန်ခဲ့လျှင် လူတစ်ယောက်ကို အတော်ကလေး ပြောင်းလဲယူပစ်လိုက်နိုင်ပါပဲဟုလည်း တွေးနေမိ၏။ ခု.....ယင်းမာကိုပဲ ကြည့်လေ။ တော်တော်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြောင်းလဲနေတာကို ကျွန်တော် တွေ့လိုက်ရသည်။ ထိုအရာသည် 'အချစ်'ဆိုသော တစ်စုံတစ်ရာ၏ တန်ခိုးများပင်လား.....။

''နင်တောင် အတော်ရင့်ကျက်လာပြီပဲ ယင်းမာ''

''ဒါ.....ကိုဇ ကျေးဇူးပေါ့''

''ငါသိပါတယ်၊ နင့်ဟာနင်က ဘာမှဖြစ်မလာနိုင်ဘူးဆိုတာ''

''ပြည့်စုံ''

ယင်းမာ၏ဒေါသလေး ပြန်ထွက်ပြူလာသည်။ သို့သော် ဒီတစ်ခါ ခေါ်သော 'ပြည့်စုံ'က ခါတိုင်းလောက် ပိုမကျယ်တာ၊ မမာထန်တာ ကျွန်တော် သတိပြုလိုက်မိသည်။

''နင်ကချည်း ငါ့ကိုမေးနေတာ၊ ငါကလည်း မေးရဦးမယ်''

''ဘာလဲ''

''ခခအကြောင်းလေ''

''ခခ ဟုတ်လား၊ ဘာဖြစ်လဲ''

''ခခက ငါတို့ကို တော်တော်သံယောဇဉ်ရှိတယ်နော်''

''အင်းလေ.....သူ့မှာက ဒီတိုင်းပြည်မှာ ငါတို့ပဲရှိတာကိုး''

''မဟုတ်သေးဘူး''

ယင်းမာက ခေါင်းကို ခပ်လေးလေးခါ၏။

''ဘာမဟုတ်သေးတာလဲ''

''တစ်ခါ တစ်ခါ ခခ နင့်ကို ငေးစိုက်ကြည့်တဲ့ အကြည့်တွေကို နင် သတိမထားမိဘူးလား''

ကျွန်တော် မဖြေချင်ပါ။ အဖြေသည် မိန်းကလေးတစ်ယောက်၏ သိက္ခာနှင့် ပတ်သက်နေသည်။ သို့သော် မေးသူက ယင်းမာဖြစ်နေသည်။ ယင်းမာနှင့် ကျွန်တော်ဆိုတာက ငယ်ပေါင်းကြီးဖော်တွေ.....။ လျှို့ ဝှက်ချက်ဆိုတာ ကျွန်တော်တို့ကြားတွင် မရှိ။ သူမတောင် မိန်းကလေး





တန်မဲ့ ကိုဇအပေါ်ထားသော သဘောထားများကို ကျွန်တော့်ထံ ပွင့်လင်းစွာ ရင်ဖွင့်ခဲ့သည်ပဲ.....။

ကျွန်တော် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

''ငါ သတိထားမိပါတယ်''

''အဲဒါ သူ ဒီကို စရောက်တဲ့နေ့တည်းကဆိုတာရော နင် သိလား''

''သိတယ်''

''အဲဒီအကြည့်ကို နင်က ဘယ်လိုဘာသာပြန်လဲ''

ကျွန်တော် မရယ်ချင်ပဲ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

''ငါ ဘာသာစကားကို မကျွမ်းကျင်ဘူး၊ ဘာသာပြန်မှားရင် မကောင်းဘူးလေ၊ နင်ကရော ဘယ်လိုထင်လို့လဲ''

ယင်းမာက သူ့အလှည့်ကျတော့ ငြိမ်နေ၏။ ပြီးမှ သက်ပြင်းတစ်ချက်ကို မသိမသာမှုတ်ထုတ်ကာ ဖြေ၏။

''သူ့မျက်ဝန်းတွေက နင့်ကို စိတ်ဝင်စားတာ၊ အင်း...မလုံလောက်သေးဘူးထင်တယ်၊ မြတ်မြတ်နိုးနိုးနဲ့ ကြည့်လိုက်တဲ့အကြည့်မျိုးလို့ ငါက တော့ ခံစားရတယ်''

''ကိုဇ နင့်ကို ကြည့်သလိုလား''

''မနောက်ပါနဲ့''

''မနောက်ပါဘူး၊ အတည်ပြောတာ''

''အတည်ပြောတာဆို ဖြေမယ်၊ ကိုဇရဲ့အကြည့်တွေထက်တောင် နူးညံ့သိမ်မွေ့တယ်၊ မေတ္တာတရားတွေ အများကြီးပါတယ်လို့ မြင်တယ်''

''နင်က ဘာလို့ပြောနိုင်တာလဲ''

ကျွန်တော့်မေးခွန်းကို ယင်းမာ လျောင်ရယ်ရယ်[illegible]သည်။

''နင်လည်း အဲဒီလောက်ထိတော့ မတုံးဘူး[illegible] ငါထင်တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငြိမ်နေလိုက်ရသည်။ ယင်းမာကတော့ သူ့စကားကို ဆက်၏။

''ငါ စဉ်းစားမရတာ တစ်ခုပဲရှိတယ်''

''ဘာလဲ''

''သူ ဘာလို့ နှင့်ကိုမြင်ကတည်းက နှစ်များစွာ တည့်ရှိခဲ့နှစ်လာတဲ့ မြတ်နိုးကြည့်တွေနဲ့ ကြည့်ခဲ့တာလဲ ဆိုတာပဲ''

ဟုတ်ပါသည်.....။

တွေးကြည့်လျှင်တော့ အရာအားလုံးသည် စဉ်းစားစရာများချည်းသာ.....။ မတွေးဖြစ်လျှင်ကော ရမှာတဲ့လား.....။ မတွေးဘဲ ဝင်ရောက်လာတတ်သော အတွေးများက လူကို ပိုနှိပ်စက်တတ်သည်လေ.....။

❊ ❊ ❊





## အခန်း (၅)

ခခ၏ဆိုင်ဖွင့်ပွဲ မနက်ကျတော့ ကျွန်တော် အစောကြီးရောက်သွားသည်။ ယင်းမာနှင့်လည်း ချိန်းမထားမိ။ ခခကိုလည်း စောစောလာခဲ့မည်ဟု ကြိုမပြောမိ၍ ဆိုင်တွင်လူရှိပါ့မလားဟုပင် ပူမိသေးသည်။ ဆိုင်ရောက်တော့ ဆိုင်တံခါးမှာ သော့တန်းလန်းမရှိ.....။ တံခါးပင်ဖွင့်ထားသည်။ ထူထူထဲထဲရှိသော ပန်းရင့်သွေးရောင်လိုက်ကာက တံခါးဝမှာ ငြိမ်သက်စွာ ကာဆီးလို့.....။

ကျွန်တော် လိုက်ကာကို အသာဖယ်ရှားကာ အတွင်းသို့ကြည့်လိုက်သည်။

''အိုး''

အလှအပနှင့် ပတ်သက်လျှင် သိပ်မခံစားတတ်ဟု ကိုယ့်ကိုယ်ကို ခံယူထားသော ကျွန်တော်ပင်လျှင် ငေးမောမိလျက်သား ဖြစ်သွားရသည်။ Interior Decoration ပညာဆိုတာ ဒါပဲဖြစ်မည်ဟုလည်း မှတ်ချက်ချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီ decoration တွေမြင်မှ အလုပ်မအပ်ဘဲ ထွက်သွားနိုင်သူ တစ်ယောက်မှ ရှိလိမ့်မည်မထင်။ တစ်ဖက်မှ မှန်အပြည့်ကာထားသော အခန်းကျယ်ကြီးထဲတွင်လည်း အရောင်အသွေးစုံ၊ ဒီဇိုင်းစုံစွာ လုပနေသော အမျိုးသမီး၊ အမျိုးသားဝတ် fashion အဝတ်အစားနှင့် အသုံးအဆောင်များ.....။ ဆိုင်၏ impression နှင့်ပင် တော်တော်လေးကို နိုင်နေပြီ။ ခခကို ကျွန်တော် ပထမဆုံးအနေနှင့် ကျိတ်ကာ ချီးကျူးမိ၏။

ကျွန်တော်အတွင်းကို လှမ်းဝင်လိုက်သည်အထိ လူရိပ်လူယောင် မတွေ့ရ။ ကျွန်တော် ဆက်ဝင်သင့်မဝင်သင့်၊ အသံပြုသင့် မပြုသင့် စဉ်းစားရင်း ချထားသော အညိုရင့်ရောင် ဆိုဖာဆက်တီများပေါ် ဝင်ထိုင်လိုက်မိသည်။

မြတ်စွာဘုရား.....။

ပထမဆုံးမြင်လိုက်ရသ ည်က အလုပ်စားပွဲပေါ်မှ ပန်းအိုးလေး။ နှင်းဆီပန်းသုံးပွင့်ကို တြိဂံပုံဖော်ကာ အောက်မှ ရိုးတံကို ပန်းနုရောင် ဖဲကြိုးသုံးခုနှင့် ဆင့်ချည်နှောင်ထားပြီး ပန်းဖျော့ရောင် ကြွေအိုးရှည်ရှည်လေးနှင့် ထည့်ထားသော ပန်းအိုး.....။

ဒါ သသလုပ်နေကျ ပန်းအိုးလေ.....။

သသက ပန်းအိုးမထိုးတတ်။ ဒီတစ်မျိုးပဲ တတ်ခြင်းဖြစ်သည်။ ပြီးတော့.....နိုင်မာသော တြိဂံပုံသဏ္ဌာန်ရှိသည့် ပန်းစည်းလေးဖြစ်သည့်အပြင် ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ကိုလည်း ကိုယ်စားပြုသည်ဟု သသက ခံယူထားသဖြင့် ထိုသို့သော ပန်းအိုးလေးများကို မကြာခဏ ထိုးတတ်သည်။ ခု ပန်းအိုးလေးကရော.....။

ကျွန်တော် မဖြစ်နိုင်သော အတွေးစများကို ကြာကြာလက်မခံထားတတ်သူပီပီ ပန်းအိုးလေးဆီ လျှောက်သွားလိုက်သည်။ ဒီပန်းအိုးလေးက သသကို ပိုသတိရစေသည်လေ.....။





ပန်းအိုးလေးကိုကြည့်ရင်း ကျွန်တော် အသံတစ်သံကြားလိုက်ရသည်။ တချပ်ချပ်နှင့် စည်းချက်မှန်စွာ ထွက်ပေါ်လာသောအသံ.....။ ဘာသံလဲ.....။

အသံလာရာ အလုပ်စားပွဲနောက်ကျောမှ ဖော်မိုင်ကာဖြင့် ကာထားသော အကာနောက်ကို လှမ်းကြည့်လိုက်သည်။

''ဟင်''

''ရှင်''

ကျွန်တော်က တအံ့တသြဖြစ်သွားရသလို အံ့လည်းအံ့သြ. ထိတ်လည်းထိတ်သွားပုံရသော ခခက လက်ထဲက ကပ်ကြေးပင် လွတ်ကျသွားရသည်။ ခခဘေးတွင် စက္ကူသေးသေးလေးများ ပွစာတက်နေသည်။ စိတ်လွတ်ကိုယ်လွတ် ဘယ်အချိန်တည်းက ထိုင်ညှပ်နေမှန်းမသိ.....။ စိတ်ပညာသဘောတရားအရကတော့ စက္ကူတွေကို ညီညာတိရိနေအောင် ကပ်ကြေးတစ်လက်နှင့် ထိန်းညှပ်နေခြင်းဖြစ်သည်။ ကိုယ့်စိတ်ကိုယ် တည်ငြိမ်မှုရအောင် ရှာနေခြင်းပင်ဖြစ်သည်။ ခခကရော.....။

ဖြတ်ဆို ကျွန်တော် သသကို သတိရသွားမိပြန်သည်။

သသလည်း ဒီလိုပင်.....။

အရာရာကို မြုံစိစိနှင့်နေတတ်သော သသက သူတစ်ခုခုဖြစ်ပြီဆိုလျှင် ငြိမ်သက်နေကာ တစ်ခုခုကို အာရုံနှစ်ကာ လုပ်နေတတ်သည်။ အထူးသဖြင့် ခု ခခလို စက္ကူစများကို ရုံးခန်းတစ်ခုလုံး ပွနေအောင် ညှပ်ပစ်တတ်ခြင်းပင်.....။ ကပ်ကြေးမတွေ့လျှင် သသက လက်နှင့် ညီညာတိရိနေအောင် ဖြတ်တတ်သေးသည်။

''ခခ''

''ရှင် ကိုပြည့်''

ခခက ကျွန်တော့်ကိုမကြည့်ပဲ စက္ကူစများကို စုသိမ်းနေဟန်နှင့်

www.burmeseclassic.com



ထူးသည်။

''ဘာလုပ်နေတာလဲ''

''ပျင်းလို့ ဆော့နေတာ''

''ဒါ ဆော့တာလား''

''အင်းလေ.....ဆော့တာပေါ့''

''ခခက သသနဲ့ တူတယ်နော်''

''ရှင်''

ခခ ကျွန်တော့်ကို တအံ့တသြလား.....။ အထိတ်တလန့်လား၊ ဘာလား.....ခွဲခြားမရသောအကြည့်နှင့် မော့ကြည့်၏။

''သြော်.....သသလည်း အဲဒီလိုပဲ စက္ကူတွေကို ကပ်ကြေးတစ်ချောင်းနဲ့ ညှပ်တတ်တယ်''

''ဟုတ်လား''

''ဟုတ်တယ်၊ သူကတော့ ဆော့တာမဟုတ်ဘူး''

''ဘာလုပ်တာလဲ''

''စိတ်တည်ငြိမ်အောင်လုပ်တာမျိုး''

''စိတ်တည်ငြိမ်အောင်လုပ်တာမျိုး ဟုတ်လား''

ခခက ကျွန်တော့်စကားကို သံယောင်လိုက်၏။ ပြီးမှ ဆက်မေး၏။

''သသက အဲလိုပဲ ပြောလား''

''ပြောတော့မပြောပါဘူး၊ ဒါပေမဲ့ ကိုယ်သိတယ်''

''ဘယ်လိုသိလဲ''

''စိတ်ပညာစာအုပ်တစ်ချို့အရပေါ့''

''ကိုပြည့်က Psychology ကို စိတ်ဝင်စားလို့လား''

''အဲလိုမဟုတ်ပါဘူး။ ကိုယ်က စာဖတ်တာသက်သက်ပါ၊ စာဖတ်





ထားတော့ တချို့နေရာတွေမှာ အသုံးတည့်တယ်လေ၊ သသလည်း စာသိပ်ဖတ်တာ''

''ဟုတ်လား၊ ခကတော့ ကာတွန်းတောင် ဖတ်ရမှာပျင်းတယ်''

''မညာပါနဲ့''

ကျွန်တော့်စကားကြောင့် ခခ မျက်လုံးလေးဝိုင်းသွားရသည်။

''ညာတယ်ထင်လို့လား''

''ထင်တာမဟုတ်ဘူး၊ ယုံတာ၊ ဒီလို decoration နဲ့ fashion ပညာရပ်တွေအတွက်ကလည်း စာမဖတ်လို့မှ မရတာ''

''သြော်.....ဒါကတော့ မဖြစ်မနေပေါ့''

''ကိုယ်က ဒါကိုပဲပြောတာလေ''

အနောက်ခန်းလေးထဲတွင် နှစ်ယောက်တည်း မသင့်တော်သဖြင့် ကျွန်တော် အရှေ့ဘက်ဆက်တီခုံဆီသို့ ပြန်လာထွက်ထိုင်လိုက်သည်။

''ကိုပြည့် တစ်ယောက်တည်းလား''

''ယင်းမာနဲ့ မချိန်းမိဘူး''

''အစောကြီးလာတာက.....''

ခခက မျက်ဝန်းကလေးထောင့်ကပ်ကာ မေး၏။ ကျွန်တော့်ရင်ထဲ ဘာလိုလိုပင် ဖြစ်သွားရသည်။

''ဘာများကူရဦးမလဲလို့''

''မလိုပါဘူး၊ အားလုံးပြီးနေပြီ၊ ဖွင့်ပွဲမှာ ကျွေးဖို့မွေးဖို့ကိုလည်း ဆိုင်က အလုပ်သမားတွေ စီစဉ်ထားတယ်၊ ကိုးနာရီကျော်ရင် ရောက်မှာပါ၊ စမှာက ဆယ်နာရီလေ''

ကျွန်တော်တို့ ပြောစရာမရှိတော့သလို မိနစ်အနည်းငယ် တိတ်ဆိတ်သွားကြသည်။ အတန်ကြာမှ ကျွန်တော် မနေနိုင်စွာမေးလိုက်မိသည်။

''အဲဒီပန်းအိုးလေးက ဘယ်သူထိုးတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ခခ ကျွန်တော့်အမေးကြောင့် ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာ စူးစူးလေး ပြန်ကြည့်၏။ သို့သော် ထိုအကြည့်၏အဓိပ္ပါယ်ကို ကျွန်တော် ဘာသာမပြန်ကတတ်ပါ။

''ခခ ထိုးတာ''

''ဘယ်က နည်းရတာလဲ''

ခခက ပြုံး၏။

''မေးမနေပါနဲ့ ကိုပြည့်ရာ သသဆီကပေါ့၊ သသအခန်းထဲက ဓါတ်ပုံတွေထဲမှာ အဲဒီလို ပန်းအိုးထိုးထားတဲ့ပုံတစ်ပုံပါတယ်၊ ဒါကို ခခ က သဘောကျလို့ လိုက်တုပြီး လုပ်ကြည့်တာ''

''ဩော်''

ကျွန်တော်က 'ဩော်'နှင့်အဆုံးသတ်လိုက်သော်လည်း ခခက မသတ်ပါ။ ကျွန်တော့်ကို စူးစူးနက်နက်ကြည့်ကာ စကားတစ်ခွန်းကို မေး၏။

''ကိုပြည့်က သသအကြောင်း အတော်သိလား''

''သိတာပေါ့၊ သူငယ်ချင်းတွေပဲ၊ ဒီသုံးယောက်လောက် တစ်ယောက်အကြောင်း တစ်ယောက်သိတာ ရှိမလား''

''ယင်းမာအကြောင်းလည်း သိတာပဲလား''

''သိတာပေါ့၊ သူက သသလိုတောင် မဟုတ်ဘူး၊ အကုန် ပွင့်ပွင့်လင်းလင်းပြောတာ''

''ကိုပြည့်က ပွင့်ပွင့်လင်းလင်းပြောတာကို သဘောကျလား''

''ဒါပေါ့၊ မိတ်ဆွေသူငယ်ချင်းဆိုတာ မပွင့်လင်းရင် ရှုပ်ကုန်မှာပေါ့''

ခခ ခေါင်းကို အသာညိတ်၏။ ထောက်ခံသည့်သဘော.....။

''ခခလည်း ပွင့်ပွင့်လင်းလင်းပဲ နေနိုင်အောင် ကြိုးစားပါတယ်''

''ကောင်းတာပေါ့''





''သသကတော့ အဲလိုမဟုတ်ဘူးနော်၊ မြုံစိစိနဲ့''

''ဒါပေမဲ့ ကျွန်တော်က သသကို နားလည်တယ်''

ကျွန်တော့်စကားကြောင့် ခခ ကျွန်တော့်ကို တစ်ချက်တွေ ကြည့်၏။ ပြီး.....ကျွန်တော့်စကားကို သံယောင်လိုက်၏။

''သသကို နားလည်တယ်''

''ဟုတ်တယ်၊ ဒါပေမဲ့.....''

''ဒါပေမဲ့ ဘာဖြစ်လဲ''

''သသက လူတွေကို နားမလည်ဘူး၊ နားလည်အောင်လည်း မကြိုးစားဘူးလေ''

ကျွန်တော့်စကားအဆုံးမှာ ကျွန်တော့်သူငယ်ချင်းမလေးအတွက် အပူများကို မှုတ်ထုတ်ပစ်လိုက်မိသည်၊ ခခကို မြင်နေလျက်က ခခအကြည့် တွေကို သိနေလျက်က ကျွန်တော့်စိတ်တွေ စုစည်းမရ.....။ ယုန်ကလေး တစ်ကောင်နှင့်တူသော သွားကြီးကြီး၊ နှုတ်ခမ်းချွန်ချွန်ရာလေးနှင့် ရုပ်ဆိုးဆိုး ကောင်မလေးကို ကျွန်တော် သတိရနေမိလေသည်။

❊ ❊ ❊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"နိဒါန်းအလယ်"

မျက်လုံးတွေရဲ့အကြည့်
နှလုံးသားထဲက ဘာသာစကား
အပြုအမူတွေက ပြောတဲ့အကြောင်းနာ
စိတ်ချင်းသာဆက်သွယ်ဖတ်ရှုနိုင်တဲ့ကျမ်းစာ
..............................................
ဒါတွေကို မြင်အောင် မကြည့်တတ်ခဲ့တာလား
တကယ်ပဲ မမြင်ခဲ့တာလား
ထင်ယောင်ထင်မှားတွေဖြစ်ခဲ့တာလား
..............................................
လောလောဆယ်
နိဒါန်းတစ်ခုရဲ့အလယ်မှာ
မရေရာမှုတွေနဲ့.....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

BURMESE CLASSIC .com

ညက ကျွန်တော်ကျောင်းမှာပဲ အိပ်ဖြစ်သည်။ ကလေးတွေကို Night Study အချိန်ပေးရင်း ကျွန်တော် မပြန်ဖြစ်တော့။ မနက်ကျတော့ အစောကြီးနိုးကာ ရုံးခန်းထဲ ဝင်ထိုင်နေမိသည်။ တစ်ကျောင်းလုံးက တိတ်ဆိတ်လျက်.....။

ကျွန်တော် သသ၏စားပွဲခုံလေးကို ငေးကြည့်နေမိသည်။ စားပွဲခင်းကို တစ်ပတ်တစ်ခါ အရောင်အမျိုးမျိုးလဲချင်တတ်သော ယင်းမာနှင့် မညစ်ပတ်မချင်း အပေအတေခံသောအရောင်ကိုသာ လချီခင်းထားတတ်သည့် သသတို့ ဘယ်တော့မှမတည့်။ စားပွဲခင်းလဲခါနီးတိုင်း စကားများရသည်။

''မလဲနဲ့၊ မပေသေးဘူး''

''ဘာလို့ မပေရမှာလဲ၊ ဖုန်ရောင်ထွက်နေပြီ''

''နင့်ဟာနင်လဲဟာ.....''

www.burmeseclassic.com

www.burmeseclassic.com



''အာ.....နင်ကိုက ကပ်လွန်းတယ်၊ နင် လဲရတာလည်းမဟုတ်၊ နင် လျော်ဖွတ်မီးပူတိုက်ရတာလည်း မဟုတ်''

''ဘာပဲဖြစ်ဖြစ်လေ၊ လဲမှမလဲချင်တာ.....''

ပြီးလျှင်တော့ ယင်းမာက အတင်းပစ္စည်းတွေဆွဲချကာ စားပွဲခင်း လဲတော့သည်။ ခုလည်း ယင်းမာလဲထားသော စားပွဲခင်းဖြူဖြူလေး ရှိနေသည်။ ကျွန်တော်က အဖြူရောင်ကြိုက်၍ အဖြူဝယ်ထားခြင်း ဖြစ်သော်လည်း သသက မကြိုက်.....။

''အလကား အစွန်းအထင်းမခံတဲ့အရောင်''

.....ဟု ရေရွတ်တတ်မြဲ။

ကျွန်တော်အတွေးတွေဝေ့နေဆဲ တံခါးတွန်းသံကြား၍ မော့ကြည့်မိသည်။

''ဟင်.....ခခ''

ခခက လက်ထဲမှ အထုတ်တချို့ကို သသစားပွဲပေါ်ချကာ ပြုံးပြ၏။

''breakfast ဝယ်လာပေးတာ၊ မစားရသေးဘူးမဟုတ်လား''

''ဟုတ်တယ်၊ ဒါနဲ့ ကျွန်တော် ဒီမှာရှိတာ.....''

''ယင်းမာပြောတယ်လေ ကိုပြည့်ရဲ့''

ပြောပြောဆိုဆို ကျောင်းစာရေးလေးကိုခေါ်ကာ ပန်းကန်ခွက်ယောက်များ တောင်းကာ ပြင်ဆင်ပေး၏။

''ကိုပြည့် ကြိုက်ရဲ့လားမသိဘူး၊ ရှမ်းခေါက်ဆွဲဝယ်လာတယ်၊ လက်ဖက်ရည်ရောပဲ''

''ကြိုက်တာပေါ့''

တကယ်လည်း ကျွန်တော့်အကြိုက်များ ဖြစ်နေသည်။ တစ်ခါတစ်ခါတော့ တိုက်ဆိုင်မှုသည် အံ့သြဖွယ်ရာကောင်းလှ၏။ ဘယ်လိုပဲ





ဖြစ်ဖြစ် စေတနာနှင့်ဝယ်လာတာမို့ မကြိုက်လည်း ကျွန်တော်စားမှာပင်။ သို့သော် ကျွန်တော့်အကြိုက်ဖြစ်နေတော့ ပိုအဆင်ပြေသွားသည်။

''ခခရော စားလေ''

''စားမှာပေါ့၊ အတူစားမယ်ဆိုပြီး ဝယ်လာတာ၊ ဆိုင်မှာတောင် မစားခဲ့ဘူး''

''ခခက ရှမ်းခေါက်ဆွဲကြိုက်လား''

''ကြိုက်တယ်၊ ဘာလို့လဲ''

''သြော်.....သသဆို မစားဘူးလေ''

ခခက တစ်မျိုးလေးပြုံး၏။ ခုတလော ခခ၏ အရယ်၊ အပြုံး၊ မျက်နှာထားတို့ကို ကျွန်တော် ဘာသာမပြန်တတ်၊ အတော့်ကို ကျွန်တော့် အာရုံများ ဝေဝါးနေစေတာကတော့ အမှန်.....။

''ခက ကိုပြည့်နဲ့ အကြိုက်တူတာများတယ်နော်''

သူမစကားကြောင့် ကျွန်တော် စက္ကန့်ဝက်မျှ စဉ်းစားလိုက်ရသေးသည်။

''ဟုတ်တယ်၊ ခခက ကိုယ်တို့နဲ့ အတော်ကီးကိုက်တာ၊ အရင်ကဆို ယင်းမာနဲ့ကိုယ်က ကီးကိုက်တယ်၊ သသက သင်းကွဲပဲ၊ ခု ခခနဲ့ကျမှပဲ ကိုယ်တို့ ချဉ်ပေါင်ရွက်ဖြစ်တော့တယ်''

''ဟင် ဘာလဲ၊ ချဉ်ပေါင်ရွက်''

''ချဉ်ပေါင်ရွက်မှာ သုံးမွှာရှိတယ်လေ''

ထိုအခါကျမှ ခခ ဟက်ဟက်ပက်ပက် ရယ်တော့သည်။ ခခက ရယ်လျှင်လည်း အတော်လှပါသည်၊ ကိုယ့်ကိုယ်ကို မလှဟုထင်ရသည့် အထဲ ရယ်လျှင်ပိုရုပ်ဆိုးသည်ဟုထင်ကာ အရယ်အပြုံးနည်းသော သူနှင့် တော့ တခြားစီ.....။ သို့သော် သသ၏ တည်စူးစူး အမူအရာလေးက တစ်ဘာသာထူးခြားနေတာကတော့ အမှန်.....။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေကျတော့ ယင်းမာရောက်လာသည်။ ယင်းမာက ခခကို မြင်တော့ အံ့သြဟန်တမင်ပြုကာ ပြုံး၏။

''ဟာ.....ခခပါလား၊ စောစောစီးစီး''

''ယင်းမာပဲ ကိုပြည့် ဒီမှာ night study ပေးရင်း အိပ်တယ်ဆိုတာနဲ့ breakfast လာပို့တာ''

''ဘုရား ဘုရား၊ မကြုံဖူးတာတွေကြုံပြီး ပြည့်စုံတစ်ကောင်တော့ အရှူးဘုံမြောက်မိသလို ဖြစ်တော့မယ် ထင်တယ်''

''နင် မနာလိုမရှိနဲ့ပေါ့''

ကျွန်တော်လည်း ပါးစပ်ထဲရှိရာ ပြောလိုက်မိပြီးမှ အဓိပ္ပါယ်ဘယ်နှစ်ခုဖြာထွက်သွားနိုင်လဲ.....ကမန်းကတန်းစဉ်းစားရသည်။ ယင်းမာကတော့ တမင်လုပ်ရယ်သော ရယ်သံနှင့် ဟက်ဟက်ပက်ပက်ရယ်ရင်း.....

''ရှူးတာတော့ သေချာပြီ၊ နင့်မနာလိုရအောင် နင်က ဘာမို့လဲ၊ မနာလိုချင်းမနာလိုရင် ခခဘက်ကပဲ ငါက မနာလိုဖြစ်မှာ.....''

ယင်းမာစကားက တာပိုသွားသည်။ ခခကိုကြည့်လိုက်တော့ မျက်နှာလွှဲကာ စားပြီးသား ပန်းကန်များကိုသိမ်းရင်း ယင်းမာအတွက်ပါ ပြင်ပေးနေသည်။

''ယင်းမာ လာ.....စား၊ ဟင်းရည်တောင် အေးချင်နေပြီ''

''အင်း.....လာမယ်၊ စားမယ်၊ ယင်းမာတို့ ကံဇာတာတက်နေပြီ ဟီဟိ.....''

''သူ့ပါးစပ်က အစားနဲ့ပိတ်ထားလိုက်တာ အေးပါတယ် ခခရယ်''

ကျွန်တော့်စကားကို ခခက မထောက်ခံသလို မငြင်းဆန်ပါ။ ရယ်ပဲနေသည်။ ဘာလို့ ရယ်နေမှန်းကို မသိရ.....။

''ခခ ဆိုင်အခြေအနေကောင်းလား''





''အစမို့လို့လား မသိဘူး၊ အကောင်းကြီးတော့ မဟုတ်ဘူး၊ ဆိုးတော့လည်း မဆိုးပါဘူး''

''ဘာကူရဦးမလဲ''

''အမလေး.....မေးတတ်တယ်၊ ကိုပြည့်ကော.....ယင်းမာရော ခ ဆိုင်မှာ ဘာမှ အားမပေးရသေးဘူးလေ၊ ဒီလူနဲ့ဒီလူအတွက် 25% discount ပေးမှာပေါ့''

ခခ စကားကိုကြားမှ ကိုယ့်ဘာသာကိုယ် သွားသတိရသည်။ ဟုတ်တာပဲ။ ခုထိ ကျွန်တော်ကော ယင်းမာပါ ဘာဆိုဘာမှ အားမပေးရသေး.....။ ပစ္စည်းတွေ စုံလင်ဆန်းပြားပြီး တန်ဖိုးရှိလှကြောင့်က ကျွန်တော်တို့က စိတ်မဝင်စားသူများပီပီ ယောင်၍ပင် လှည့်မကြည့်မိ.....။ ဘာပဲပြောပြော ခခ၏ အခုလို အလိုက်သိတတ်မှုကလေးကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ တစ်ခုခုအားပေးသင့်တာကတော့ သေချာနေသည်။ ယင်းမာနှင့် ကျွန်တော် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါစွာ ကြည့်လိုက်ကြသည်။

ဒါကို သတိပြုမိဟန်ရသော ခခက ပြော၏။

''မလိုအပ်တဲ့ပစ္စည်းမျိုးကို အတင်းမဝယ်နိုင်းပါဘူးနော်၊ ခခက ခ ချစ်တဲ့သူတွေကို အားပေးစေချင်တာတစ်ခုပါပဲ''

ခ ချစ်တဲ့သူတွေတဲ့.....။ ယင်းမာက မျက်လုံးလေးပင့်ကာ ကျွန်တော့်ကို ခခမမြင်အောင် မျက်စပစ်ပြ၏။ ပြီးမှ.....

''မလိုအပ်ဘူးဆိုတဲ့ပစ္စည်းကတော့ မရှိပါဘူး ခခရယ်၊ ပစ္စည်းတိုင်းဟာ သူ့နေရာနဲ့သူ အသုံးဝင်တာချည်းပဲ၊ ပြည့်စုံ ငါတို့ ညနေကျ ခခဆိုင်ကို သွားရအောင်''

''သွားမယ်လေ''

''ခခ ကားလွှတ်လိုက်ရမလား''

ယင်းမာက ခခ စကားကြောင့် ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ခခရယ်၊ ကိုယ့် customer တစ်ယောက်ကို ဒီလောက် ဂရုစိုက်တာပဲ ကျေးဇူးတင်လှပါပြီ"

ခခက ရှက်သလိုပြုံးကာ.....

"ဩော်.....ဒါတွေက customer စစ်စစ်တွေမှ မဟုတ်တာ၊ special customer အဆင့်လေ"

ယင်းမာက အစားကို လက်စသပ်ကာ တစ်စုံတစ်ခုကို သတိရသွားသလို မေး၏။

"ဩော်.....ခခ"

"ပြော ယင်းမာ"

"မေးမယ် မေးမယ်နဲ့ မမေးဖြစ်တာ"

"ဘာများလဲ"

ကျွန်တော်ပင် စိတ်ဝင်စားသွားရကာ နားစွင့်နေမိသည်။

"ခခ ကားမမောင်းတတ်ဘူးလား"

ခခ တစ်ချက်ငြိမ်တွေသွား၏။ ပြီးမှ.....

"မောင်းတော့ မောင်းတတ်ပါတယ်"

"မောင်းတတ်ရင် ဘာလို့ ဒရိုင်ဘာထားတာလဲ"

"မေမေက ပေးမမောင်းတာ"

"ဘာလို့လဲ၊ ဒီက လိုင်စင်မရသေးလို့လား"

"မဟုတ်ဘူး၊ သသလို တစ်ခုခုဖြစ်မှာစိုးလို့ ကားပေးမမောင်းတာ"

"ဩော်"

ကျွန်တော်ကော ယင်းမာပါ သက်ပြင်းကို ပြိုင်တူချမိလိုက်သည် ထင်သည်။ ခခက စကားကိုဆက်၏။

"ကားဒရိုင်ဘာတောင် ကိုပြည့်တို့ ယင်းမာတို့ တွေ့တဲ့အတိုင်း



သူ့စိတ်ကြိုက်ရှာထားတာ၊ စိတ်ရှည်တယ်၊ ညင်သာတယ်၊ ကားမောင်းကျွမ်းကျင်တယ်.....စသဖြင့်ပေါ့လေ၊ တော်တော်ရှာယူရတာ"

ဟုတ်ပါသည်။ အဇက ကိုဇကိုယ်တိုင် မောင်းပို့နေရခြင်းဖြစ်သည်။

"အင်း.....မေမေက ဖြစ်နိုင်ရင် ကိုဇကိုတောင် ဒရိုင်ဘာနဲ့ထားချင်တာ၊ ကိုဇက လက်မခံလို့"

ကျွန်တော် ရယ်မိသည်။ ဒီအရွယ်ကျမှတော့ မိဘ၏စိုးရိမ်ပူပန်မှုကို ဘယ်လောက်နားလည်သည်ဆိုဆို လွတ်လပ်မှုကို ပိုလိုချင်ကြသည်ပင်.....။

"ကိုဇက ဘယ်လက်ခံပါ့မလဲ၊ သူ့မှာက သူ့အကြောင်းနဲ့သူလေ၊ သူလည်း အားတာမဟုတ်ဘူး၊ ဖယ်ရီဆွဲနေတာ....."

ကျွန်တော့်စကားကြောင့် ယင်းမာက ကျွန်တော့်ကို မျက်စောင်းထိုးသည်။ သမီးယောင်းမနှစ်ယောက်ကတော့ ဘာအဓိပ္ပါယ်နှင့်လဲ မသိ၊ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်မောနေကြသည်။

ကျွန်တော်တို့ ဘာလို့ရယ်မောနေမိကြသည် မသိ။

ထိုနေ့က သသ ဆုံးတာ တစ်နှစ်နှင့် ခုနစ်လပြည့်သောနေ့ဖြစ်တာ ကျွန်တော်တစ်ယောက်တည်း သတိရနေဖြစ်သည် ထင်သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

တကယ့်တကယ်ကျတော့ ပြောထားသောညနေထက် သုံးရက်နောက်ကျပြီးမှ ခခ ဆိုင်ကို ရောက်သွားကြသည်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပါပဲ.....။ ခုတလော သီဟက ကျန်းမာရေးမကောင်း.....။ ဆရာမကြီးက ချူချာနှင့် နှစ်ယောက်တည်း run နေရသလို ဖြစ်နေသည်ကိုး.....။ အခြေအနေကိုသိသော ခခက ကျွန်တော်တို့ကိုပင် ပြန်အားနာနေသေး၏။

"ခ ကလည်း ဘာမှမကူတတ်၊ ဒုက္ခပဲ"

.....ဟူသော စကားကိုသာ ရေရွတ်နေတတ်သည်။

ခခ၏ဆိုင်ကလေးက တကယ့်ကို လှပချစ်စရာကောင်းသော ဆိုင်ကလေးဖြစ်သည်။ ပစ္စည်းတွေကို လှည့်ပတ်ကြည့်ရင်း ကြည့်ရင်းက ကျွန်တော် ဘာဝယ်ရမှန်းမသိတော့၊ ယင်းမာကလည်း ခုထိကြည့်နေဆဲ.....။ ဆိုင်ကလေးမကျဉ်းမကျယ်ကို ကျွန်တော်တို့ စေ့ငုံကြည့်နေပုံက မသက်ာ





စရာကောင်းလာသည်။ ကိုယ့်ကိုယ်ကိုလည်း ရယ်ချင်လာသည်။

"ယင်းမာ"

"ဘာလဲ"

"နင် ဘာယူမလဲ၊ တွေ့ပြီးပြီလား"

ယင်းမာက မျက်မှောင်ကြုတ်ကာ ပြန်မေး၏။

"တွေ့တော့ရော နင်က ဝယ်ပေးမလို့လား"

"ကြံကြီးစည်ရာ စိတ်ကူးမယဉ်စမ်းပါနဲ့၊ ငါက ငွေကို အလဟဿ သုံးတတ်တဲ့ကောင် မဟုတ်ဘူး"

ကြည့်.....ပြောပုံက မခံချင်စရာ။ သို့သော် ရိုးနေပုံရသော ယင်းမာက အပြုံးမပျက်.....။

"အလဟဿ မဟုတ်တာ နင် သိသင့်ပါတယ်"

"ဘာလို့မဟုတ်ရမှာလဲ"

"ဒီငွေတွေက ခခ ရမှာလေ"

ကျွန်တော် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။ ခခက အနားရောက်လာပြီကိုး.....။

"လိုချင်တာ မတွေ့လည်း ရတယ်နော်၊ အတင်းဖျစ်ညှစ်ဝယ်မသွားနဲ့၊ နောက် ကြုံတဲ့အခါ ကြုံတဲ့ပစ္စည်း ရမှာပဲ"

"မဟုတ်ဘူး ခခရဲ့၊ ယင်းမာက လိုချင်တာများနေလို့ ရွေးနေတာ၊ ပြည့်စုံကို ဝယ်ပေးမလားလို့ ညှိနေတာလည်း အဆင်မပြေဘူး ခရယ်"

ခခက အားတုံ့အားနာဖြစ်သွားဟန်နှင့် ပြော၏။

"အာ.....ယင်းမာကလည်း ဒီလူနဲ့ဒီလူ ပြောစရာလား၊ ချစ်တာသာ ယူသွား၊ ပါသလောက်ပဲပေးခဲ့၊ ကျန်တာ ဘာမှအရေးမကြီးဘူး"

"အဲလိုမျိုး ခခက စေတနာရှိတာ ယင်းမာသိပါတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာကလည်း ခခ ရောင်းရအောင် စေတနာနဲ့ ပြည့်စုံကို ဝယ်ပေးမလားမေးတာ၊ ယင်းမာဝယ်လည်း ခခ ရမှာပဲ၊ ပြည့်စုံ ဝယ်ပေးလည်း ခခ ရမှာပဲ၊ ဒီလူအချင်းချင်းက ဒီလောက်ပြောနေရမယ့် လူတွေမှ မဟုတ်တာ''

ယင်းမာ၏ဗျူဟာက မြင့်လွန်းလှသည်။ ကျွန်တော် မချေပနိုင်သလို၊ ခခကလည်း ဘာမှပြန်မပြောနိုင်။ စကားတစ်ခွန်း ဒီအချိန်မှာ မှားလို့ကတော့ သွားပြီ။ ထို့ကြောင့် ကျွန်တော် အရှုံးပေးလိုက်သည်။

''ကဲ.....ဒီလောက် ပြောနေစရာမလိုဘူး၊ ဒေါ်ယင်းမာ လိုချင်တာယူ၊ ငါကလူလွတ်၊ နင်တို့က စုရဆောင်းရတော့မှာဆိုတော့ အကြိုလက်ဖွဲ့ပေါ့ဟာ''

''anywayလေ၊ ရရင်ပြီးတာပဲ''

ကျွန်တော်တို့၏ မသိမသာခင်းနေသော စကားစစ်ပွဲကို ခခက မသိချင်ယောင်ဆောင်ကာ ဘာမှဝင်မပြော။ ပြုံးရုံသာ ပြုံးနေသည်။ ကျွန်တော် ယင်းမာကို ထားခဲ့ကာ ဆိုင်ခန်းလေးကို နောက်တစ်ခေါက် ပြန်ပတ်ကြည့်လိုက်သည်။ ကျွန်တော် တွေ့လိုက်ရသည်က Body တစ်ခုပေါ်တွင် ဝတ်ပြထားသော အပြာနုရောင် တီရှပ်ပြောင်နှင့် အပေါ်က ထပ်ရုံထားသော အပြာအနုနှင့်အရင့်ကွက် ရှပ်လက်တို။ ဒါက သသ ဝတ်နေကျပုံစံ.....။ သသက တီရှပ်ပြောင်ရောင်စုံများပေါ်မှ ရှပ်အကွက် သို့မဟုတ် အပွင့်စိတ် (သို့မဟုတ်) ပြောင်များကို ထပ်ဝတ်တတ်တာများသည်။ ကျွန်တော်တောင် သူ့လို မဝတ်ဖြစ်.....။ ကျွန်တော်က တွေ့ရာ အင်္ကျီ ကောက်ဝတ်တတ်သည့်အပြင် ကိုယ့်ကိုယ်ကို 'ဆရာ'ဟု ခံယူလိုက်ရကတည်းက ရှပ်အဖြူနှင့် ယောလုံခြည်ရောင်စုံများကို မချွတ်တော့.....။

''ခခ''

''လာပြီ ကိုပြည့်''





''ကိုယ် ဒါလေးယူမယ်''

ခခ မျက်လုံးလေးများဝိုင်းသွားကာ အရောင်တစ်မျိုး ဖြတ်ပြေးသွားသည်။

''ကိုပြည့် ကြိုက်မှယူပါ၊ ကိုပြည့်ဝတ်နေကျမှ မဟုတ်တာ''

''တစ်မျိုးအပြောင်းအလဲ ဝတ်ကြည့်တာပေါ့''

''ဘာလို့ ပြောင်းလဲချင်တာလဲ''

သူမမေးခွန်းက အဓိပ္ပါယ်ပါ.မပါ ကျွန်တော်မသိပါ။ ကျွန်တော့်ရင်ထဲမှာတော့ အဓိပ္ပါယ်တွေပါသလို ခံစားရသည်၊ ထို့ကြောင့် နှုတ်ဆွံ့နေမိ၏။ ထိုစဉ် ကယ်တင်ရှင်ရောက်လာ၏။

''ပြည့်စုံ ဒီအင်္ကျီလေး ငါယူမယ်၊ နင်ဝယ်ပေးလိုက်၊ ကျွန်တဲ့ပစ္စည်းတွေအတွက်ကတော့ ငါ့ဟာငါပဲ ပေးမှာပါ''

ပြောပုံက သူကပဲ အနစ်နာခံလိုက်ပုံမျိုး.....။ အရင်က အလှအပ သိပ်စိတ်မဝင်စားသော ယင်းမာ ခုတလော လှတပတလေး နေတတ်လာတာကိုတော့ သတိထားမိသည်။ အချစ်သည် ပြောင်းလဲမှုများ၏ အရှင်သခင်ပင်လား.....။

ကျွန်တော် သူ့ကို ခေါင်းညိတ်ပြကာ Bodyပေါ်မှ အင်္ကျီနှစ်ထည်ကို ကိုယ်တိုင်ဆွဲချွတ်ရန် ကြိုးစားလိုက်သည်။

''နေ.....နေ ကိုပြည့် ခခ လုပ်ပေးမယ်''

ယင်းမာက ခခ အင်္ကျီနှစ်ထည်နှင့် အလုပ်ရှုပ်နေဆဲ ကျွန်တော့်ကို မျက်မှောင်ကြုတ်ကာ ကြည့်၏။ ကျွန်တော် မသိချင်ယောင်ဆောင်ကာ တစ်ဘက်လှည့်ထွက်သွားသော်လည်း ယင်းမာက နောက်က ထပ်ချပ်မကွာ လိုက်လာ၏။

''ပြည့်စုံ''

လေသံနှင့် ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

ကျွန်တော်ကလည်း လေသံနှင့်သာ ထူးရ၏။

"နင်က အဲဒီအင်္ကျီကို တကယ်ဝတ်မှာလား"

"ဝတ်မှာပေါ့"

"နင် ဝတ်နေကျမှ မဟုတ်တာ"

"အမေက ငါ့ကို ဘာဝတ်ဝတ် လုပြီးသားတဲ့"

"ငါဆိုလိုတာ အဲဒါမဟုတ်ဘူး ပြည့်စုံ"

"ဘာကိုဆိုလိုတာလဲ"

သိသိကြီးနှင့် ကျွန်တော်ပြန်မေးလိုက်သည်။ ယင်းမာက အဖြေခက်သွားဟန်နှင့် တစ်ချက်စုတ်သပ်ပြီးမှ.....

"ဒါ သသ design လေ"

"ဘာဖြစ်လဲ၊ ဒါ သူ register လုပ်ထားလို့လား"

"မဟုတ်ဘူး၊ ခခ ရင်ထဲက ဘာဖြစ်သွားမလဲ"

"ငါ ဘယ်သိပါ့မလဲ"

"နင် သိသင့်တယ်"

"မသိချင်ပါဘူး"

"မသိချင်ပေမဲ့ သိတော့သိနေတယ် မဟုတ်လား"

"ထားပါ ယင်းမာရာ၊ အဝတ်တစ်စုံအတွက်နဲ့ ငါ့ကို ပြဿနာမရှာပါနဲ့"

"မရှာပါဘူး၊ ငါက ခခကို သနားလို့"

"ဘာ သနားရမှာလဲ"

"ခခက နင့်ကို သံယောဇဉ်ရှိတယ်လေ"

"ငါလည်း နင်တို့ကို သံယောဇဉ်ရှိတာပဲ"

"မတူဘူး"





"မတူဘူး ထားပါ၊ သသ ဝတ်တဲ့ပုံစံအတိုင်း လိုက်ဝတ်တာ ဘာဖြစ်လဲ၊ ခခကရော သိမှာမို့လား"

"မသိတောင် ရိပ်မိမှာပေါ့၊ သူတို့အိမ်မှ သသပုံတွေ မရှိတော့ဘူးလို့ နင့်ကို ဘယ်သူက ပြောလို့လဲ"

"ဘယ်သူမှ မပြောဘူး"

ကျွန်တော်တို့ ကြိတ်ကြိတ်.ကြိတ်ကြိတ်နှင့် စကားစစ်ထိုးနေတာ အတော်လေး ကြာသွားပုံရသည်။ ခခက တစ်ဘက်ခန်းကောင်တာမှ လှမ်းခေါ်၏။

"ကိုပြည့်နဲ့ ယင်းမာ"

"ဟော....."

"လာလေ၊ ကော်ဖီလာသောက်ဦး"

"လာမယ်၊ လာမယ်"

ကျွန်တော်တို့ စကားမပြတ်သေးပါ။ ဆက်ပြောလို့ကလည်း မဖြစ်တော့.....။ ကျွန်တော်နှင့်ယင်းမာ တစ်ချိန်ချိန်မှာတော့ အကျေအလည် ဆွေးနွေးရတော့မှာ သေချာနေသည်။

ကျွန်တော်တို့ decoration အလုပ်ခန်းရှိရာဘက်သို့ ပြန်ကူးလာခဲ့လိုက်သည်။ အငွေ့တထောင်းထောင်းထနေသော red cup Nestcafe' အနံ့က သင်းလျှက်.....။ ကျွန်တော်က Nescafe' ကို ကြိုက်သည်။ red cup ကို ပိုကြိုက်သည်။ ဒီတိုင်း ရေနွေးနှင့် ရောစပ်ကာ သောက်လေ့ရှိသည်။ ခုလည်းကြည့်.....။ ကျွန်တော့်အတွက်က တကယ့်သီးသန့်.....။ ခခက ကျွန်တော့်ရှေ့ သေချာပို့ပေးသည်။ ကျွန်တော်သောက်နေကျပုံစံကို သူမက ဘာလို့သိနေရတာတဲ့တုန်း.....။ ကျွန်တော် စဉ်းစားမရ။ ယင်းမာက ပြောထားလို့.....၊ ကိုဇကာ ပြောထားလို့လား.....။ ဒါတွေကိုလည်း သိပ်မသေချာ.....။ ကျွန်တော်ကိုယ်တိုင်လည်း ဒီခုနစ်လရက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သူပရေ့မှာ ဒါမျိုး တစ်ခါမှမသောက်ခဲ့ဖူးပါဟု တွေးနေမိသည်။ တိုက်ဆိုင်မှု တိုင်းသည် ဆန်းကြယ်သည်ဟု ထင်သော်လည်း လောက၏ လျှို့ဝှက် နက်နဲမှုများကို ကြည့်မြင်နိုင်လျှင်တော့ အရာရာသည် ပကတိသာ.....။

ကျွန်တော် တိတ်ဆိတ်ငြိမ်သက်စွာ ကော်ဖီကို ငုံ့သောက်လိုက် သည်။ ခါးသက်ရှတသော ကော်ဖီ၏အထိအတွေ့က ကျွန်တော်၏ ဝေဝါး နေသော အာရုံများကို လင်းပွင့်မသွားစေနိုင်ခဲ့ပါ။

တစ်ချိန်တစ်ခါကတော့ တစ်ယောက်သော သူသည် ကျွန်တော့် ကို red cupများ မပြတ်ဝယ်ပေးထားခဲ့ဖူးတာကို သတိရနေမိသည်။ ကဖင်းဓာတ်များသည် လူကို တက်ကြွလန်းဆန်းစေသည်ဟု ဆေးသုတေ သနပညာရှင်တို့က အတည်ပြုခဲ့ကြသည်။

ထိုအဆိုသည် ကျွန်တော့်အတွက်တော့ မှားယွင်းနေခဲ့ပြီ ထင် သည်။ ကျွန်တော့်အတွေးအာရုံများသည် ပိုမိုရှုပ်ထွေး ဝေဝါးလာခဲ့သည်။

❋ ❋ ❋





## အခန်း (၃)

မျှော်လင့်ထားသည့်အတိုင်း ယင်းမာက ကျွန်တော့်ကို အခန်း တံခါးပိတ်ကာ တရားခံစစ် စစ်တော့သည်။

''ပြည့်စုံ''

''ဘာလဲ''

''နင် ခခကို စိတ်မဝင်စားဘူးလား''

''မသိဘူး''

ယင်းမာ မထိတရီပြုံး၏။ ကျွန်တော် မခံချင်တတ်သောအပြုံး။

''နင့်ကို ပညာရှိနည်းနဲ့ စကားလုံးရွေးပြီး လှလှပပ ဖြေနိုင်းနေ တာ မဟုတ်ဘူး၊ ဘယ်ဂျာနယ်၊ မဂ္ဂဇင်းမှာမှလည်း in print လုပ်မှာ မဟုတ်ဘူး''

''အဲဒါတော့ သိတာပေါ့''

''သိရင် တိတိကျကျဖြေ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခဏစဉ်းစားလိုက်မိသည်။ အကြံအစည်တစ်ခုခု အတွက် စဉ်းစားခြင်း၊ စကားလုံးရွေးချယ်နေခြင်း မဟုတ်တာကတော့ သေချာပါသည်။

"ခခက ငါ့ကို သံယောဇဉ်ရှိတာ ငါသိပါတယ်"

"ငါ့မေးခွန်းက အဲဒါမဟုတ်ဘူးလေ"

"ငါဖြေမှာပါ"

"ဖြေ.....မြန်မြန်ဖြေ"

"စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့....."

ယင်းမာ မျက်မှောင်ကြုတ်သွား၏။

"ဘာ ဒါပေမဲ့လဲ"

"ငါ စိတ်ဝင်စားတာက သူ့အလှကို မဟုတ်ဘူး၊ သူ့သံယောဇဉ်နဲ့ သူ့အကြည့်ကို မဟုတ်ဘူး"

"ဘယ်လို.....ဘယ်လို"

"ငါ စိတ်ဝင်စားတာက သူ့ကို သသရဲ့ ညီမတစ်ယောက်အနေနဲ့ စိတ်ဝင်စားတာ"

"ဒီလောက်ပဲလား"

"အေး.....ဒီလောက်ပဲလားဆိုတဲ့ မေးခွန်းကို ငါ့ကိုယ်ငါလဲ ပြန်ပြန်မေးနေတာ၊ ခုထိ အဖြေမတွေ့သေးဘူး"

ယင်းမာက သက်ပြင်းတစ်ချက်ကို ခပ်ကြမ်းကြမ်းမှုတ်ထုတ်ပစ်လိုက်၏။ ဘာမှဆက်မပြောဘဲ အတန်ကြာငြိမ်သက်နေသဖြင့် ကျွန်တော်ကပဲ ဆက်ပြောရပြန်သည်။ မပြောလို့မှ မရတာဘဲ။ အစက ရှိနေခဲ့ပြီလေ.....။

"နင် တစ်ခုသတိထားမိလား"

"ဘာကိုလဲ"





ယင်းမာက မျက်မှောင်လေးကြုတ်ကာ ပြန်မေး၏။

"ခခနဲ့ သသ တစ်နေရာရာမှာ တူနေသလိုပဲ"

ကျွန်တော့်စကားကြောင့် ယင်းမာက ကျွန်တော့်ကို 'ရူးနေလား' ဟု အဓိပ္ပါယ်ရသည့်အကြည့်နှင့် ကြည့်သည်။ အကြည့်နှင့် အားမရ...န်နှင့် ပါးစပ်ကလည်း ထုတ်ဖော်ပြောလာသည်။

"ဘာတူလဲ၊ ဘာမှမတူဘူး၊ နင်ရူးနေလား"

"စိတ်ထဲထင်တာကို ပြောတာပါ"

"ထင်စရာကို မရှိတာ၊ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ ဝတ်တာစားတာ အကုန်လုံး ဘာမှမတူဘူး၊ သသနဲ့ ငါတို့က အရမ်းချစ်ကြတာပဲရှိတာ type မတူဘူး၊ ခခနဲ့ကျ သသလောက် မရင်းနှီးဘူးထား type တူကြတယ်၊ ညှိရလွယ်တယ်၊ သသက ခေါင်းမာသလောက် ခခက flexible ဖြစ်တယ်၊ ပြီးတော့ မိန်းကလေးဆန်ဆန် လှလှပပ နေတတ်တယ်၊ စိတ်ကူးစိတ်သန်းတွေက လှတယ်၊ သသလောက် မထက်မြက်ပေမယ့် သူ့ပါသနာပါရာမှာ သူ ထူးချွန်တယ်"

"ဒါတော့ ငါလက်ခံတယ်"

"လက်ခံရင် နင်ဘာလို့ အူကြောင်ကြောင်အတွေးတွေ တွေးနေတာလဲ"

"တွေးတာမဟုတ်ဘူး၊ ဝင်လာတာ"

"မြတ်စွာဘုရား"

ယင်းမာက ရင်ဘတ်လေးဖိကာ ဘုရားတ၏။ ပြီးမှ မျက်မှောင်လေးကြုတ်ကာ ဆက်မေး၏။

"ဘယ်လိုအတွေးတွေ ဝင်လာတာလဲ"

"ခခကိုမြင်တိုင်း သသကို ပြင်းပြင်းထန်ထန် သတိ...ဘတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



''မြတ်စွာဘုရားရေ.....''

တွက်တတ်လျှင်တော့ ယင်းမာ ဒီနေ့ ကုသိုလ်တော်တော်ရမည်။ ဘုရားချည်းတနေရသည်ကိုး.....။ ယင်းမာက ကျွန်တော့်ကို ဇဝေဇဝါလေး ကြည့်ကာ တွေးတွေးချင့်ချင့် မေး၏။

''နင်က ဘယ်လိုမျိုး သတိရတာလဲ''

''ပြောခဲ့ပြီလေ၊ ပြင်းပြင်းထန်ထန် သတိရတာလို့''

''ဘယ်လိုခံစားရလဲ''

''နေလို့မရတော့ဘူး''

''ဘုရား.....ဘုရား''

ယင်းမာ ဘုရားတပြန်သည်။

''ငါလည်း နင့်လို ဘုရားချည်း တနေမိတော့တာပဲ''

''ငါမေးဦးမယ်''

''မေးပါ''

''နင်.....နင် သသကိုများ ချစ်ခဲ့မိလား''

ကျွန်တော် ငိုင်ကျသွားခဲ့ရသည်။ ကိုယ့်ကိုယ်ကို ဘာကောင်မှန်း မသိသူများထဲတွင် ကျွန်တော်ပါသည်။ ဒီသူငယ်ချင်းမလေး နှစ်ယောက်ကို ဘယ်သူနှင့်မှမတူအောင် သံယောဇဉ်ကြီးမှန်း ကိုယ့်ကိုယ်ကို သိသော်လည်း 'အချစ်'ဆိုတာကိုတော့ ကျွန်တော် မတွေးမိခဲ့။ တစ်ခါတစ်ခါ စကားစစ်ထိုး ကြလျှင်ပင် အလကားနေရင်း 'သသ'ကို အနိုင်ပေးလိုစိတ်က အလိုလို ပေါ်လာတတ်သော်လည်း တရားမျှတစွာဖြင့် ကျွန်တော် ပြန်ရုတ်သိမ်းခဲ့ သည်ချည်းသာ.....။ ကိုယ့်ကိုယ်ကို ထိန်းချုပ်တတ်ခဲ့တာလား၊ ကိုယ့်ကိုယ် ကို မနားဆင်တတ်တာလား၊ ကိုယ့်နှလုံးသားကို ကိုယ်မဖတ်တတ်ခဲ့တာ လား၊ သတိမထားတတ်ခဲ့တာလား ကိုယ့်ဘာသာကိုယ် ဘာမှန်းပင် မသိချင်တော့.....။ ခုမှ အခါလွန်မိုးတို့ ရွာလေပြီလား.....။





ကျွန်တော် မျက်စိကိုစုံမှိတ်ကာ ခေါင်းခါပစ်လိုက်သည်။

''နင် ဘာကို ခေါင်းခါတာလဲ''

''ငါ့ကိုယ်ငါ နားမလည်တော့လို့''

ယင်းမာက ကျွန်တော့်ကို မသက်မသာကြည့်သည်။

''ဒါဆို ငါမေးရမလား''

''မေးလေ''

''သသရှိစဉ်တုန်းက နင် သသကို ချစ်ခဲ့လား''

''အဲဒါကို ငါလည်း စဉ်းစားနေတာ''

ယင်းမာက 'သေလိုက်'ဟု နှုတ်ခမ်းလှုပ်ရုံဆဲရေးကာ ထောပနာ ပြု၏။

''ဒါဆို ခု အရမ်းလှတဲ့ ခခကိုတွေ့မှပဲ သသကို သတိရစိတ်တွေ ပေါ်လာတာကို နင်က အချစ်လို့ ထင်တာလား''

''မပြောတတ်ဘူး''

''ကျွတ်''

ယင်းမာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ စကားစကာ အလိုလို နေရင်း ပြတ်တောက်ကာ တိတ်ဆိတ်သွားကြ၏။ ကျွန်တော်က လက်ထဲမှ key chainလေးကို လှည့်ပတ်ဆော့ကစားနေပြီး ယင်းမာက စားပွဲကို အဓိပ္ပါယ်မဲ့ တစ်ဒေါက်ဒေါက်ခေါက်နေသည်။ key chainလေးက ယင်းမာ ပုံတစ်ဖက်၊ သသပုံတစ်ဖက်ပါသော key chainလေးဖြစ်သည်။ ဒါမျိုး သသနှင့် ယင်းမာမှာလည်း ရှိသည်။ ယင်းမာမှာရှိတာက ကျွန်တော် နှင့် သသပုံ.....။ သသမှာရှိတာက ယင်းမာနှင့် ကျွန်တော့်ပုံ.....။

''ဒါဆို ငါ နင့်ကို မေးဦးမယ်''

''မေးလေ''

''သသဆုံးတုန်းက နင်အရမ်းခံစားရပုံ မပေါ်ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခပ်လျော့လျော့ပြုံးမိသည်။ ကျွန်တော့် ပင်ကိုယ်ဗီဇကိုက အပူကို အပြင်လူ မသိစေရ။ သသကို ဘာလို့ ဆုံးရတာလဲဆိုသော အတွေးများနှင့်တင် ကျွန်တော်တစ်ယောက်တည်း ရူးခဲ၊ စုံစမ်းခဲ့၊ စဉ်းစားခဲ့သေးသည်ပဲ။ ဒါကို ယင်းမာ မသိနိုင်ပါ။ ရှင်းပြလို့လည်း ရမှာမဟုတ်။ ထို့ကြောင့် မေးခွန်းနှင့်ပဲ တုံ့ပြန်လိုက်၏။

''နှင်ကော မခံစားရဘူးလား''

''ခံစားရတာပေါ့''

''ဒါပဲပေါ့၊ နှင့်ထက်မလျော့ပါဘူး ရွှေယင်းမာရာ၊ တစ်ခုပဲ ငါက ယောကျ်ားလေးဆိုတာ နှင် မေ့မထားနဲ့''

''ဒါဆို အဲဒီနောက်ပိုင်း နှင့်ခံစားမှုကရော ခခကို မတွေ့ခင် အထိ.....''

''ဒီလိုပါပဲ၊ ဆုံးရှုံးမှုတစ်ခုအတွက် ကြေကွဲမှောက်လဲနေမယ့် သူတွေထဲမှာ ငါမှမပါတာ၊ ငါဖြေနိုင်အောင် ကြိုးစားတယ်၊ နှင်လည်း ကြိုးစားတာပဲ မဟုတ်လား၊ ငါတို့ တစ်ယောက်ကိုတစ်ယောက်လည်း အားပေးခဲ့ကြတယ်လေ''

''ဟုတ်တယ်၊ ဒါဆိုရင်.....''

''ခခကိုတွေ့တော့ သူ့အကြည့်တွေကို ငါရင်ခုန်တာ မှန်တယ်၊ ဒါပေမဲ့ ငါ့ကိုယ်ငါ မသေချာဘူး''

''ကိုယ့်ကိုယ်ကို မညာနဲ့နော်''

''မညာပါဘူး၊ ခခနဲ့ သသ သွေးတော်တယ်လို့ ငါနှင့်အတွက် လက်ခံပေးလိုက်တဲ့အထဲမှာ အဲဒါပါတယ်''

''ဘာဆိုင်လဲ''

''ဆိုင်တယ်၊ နှင်က ကိုဖနဲ့ အထင်လွဲတယ်လေ၊ တကယ်ကျ ခခ မျက်ဝန်းတွေက သသနဲ့ တော်တော်တူတာ''





ယင်းမာ တော်တော်လေး တွေဝေသွားရသည်။ မျက်နက်ဝန်း တောက်တောက်လက်လက်များနှင့် ထက်မြက်စူးရှနေသော သသ၏ သွင်ပြင်နှင့် ရောင်စုံဆေးပြေပြေပါးပါးလေး ချယ်သထားသော ခခ၏ ပန်းချီရုပ်သွင် ယင်းမာ ဘယ်လိုမှ တွေးမရစွာ ခေါင်းခါမိသည်။

''ငါ သတိထားကြည့်ဦးမယ်၊ ဒါပေမဲ့ ဒါအဖြေမှမဟုတ်တာ''

''နှင်က ဘာအဖြေကို လိုချင်တာလဲ''

''နှင်ရဲ့ ခခအပေါ်ထားတဲ့ သဘောထား၊ ပြီးတော့ သသအပေါ် ထားခဲ့တဲ့ သဘောထား''

ကျွန်တော် အသာပြုံးလိုက်မိသည်။

''ငါ့ကိုယ်ငါလည်း စာမေးပွဲစစ်ရဦးမယ် ယင်းမာ''

ယင်းမာကတော့ ထုံးစံအတိုင်း မကျေမနပ် မျက်စောင်းထိုးကာ ထွက်သွားတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

လူဆိုတာကလည်း ခက်သားပင်.....။ ကိုယ့်ကိုယ်ကိုတော့ အတော်သိတတ်သော သတ္တဝါများဖြစ်သည်။ ကိုယ့်အတွက်ဆိုလျှင် အထိနိုက် မခံချင်ကြ.....။ သူများလာထောင်းလျှင် မသက်သာမှာစိုး၍ 'ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတယ်' ဟူသော စကားပင်ပေါ်လာသေးသည် မဟုတ်လား.....။ ဒီတော့ ကိုယ့်ဘာသာကိုယ်စစ်ရသော စာမေးပွဲအတွက် ကိုယ့်ဘာသာကိုယ်ထုတ်ထားသော မေးခွန်းများသည် ဘယ်လောက်ထိ သက်ညှာလွယ်ကူလိမ့်မလဲဆိုတာ တွေးကြည့်ရုံနှင့် သိလောက်ပါသည်။

သသအပေါ် ယိုင်ချင်ခဲ့သောစိတ်ကို မသိကျိုးကျွံပြုကာ ကျွန်တော် လစ်လျူရှုခဲ့တာတော့ မှန်သည်။ သို့သော် အရုပ်ဆိုးသော သသကို စိတ်ယိုင်ခဲ့သည်ဆိုလျှင်လည်း ဘယ်သူကမှ ကျွန်တော့်ကို ယုံလိမ့်မည် မဟုတ်။ နိုင်ငံရပ်ခြားနှင့် အိမ်ဦးနှင့်ကြမ်းပြင်လိုနေပြီး ဝနအင်အား တောင့်တင်းလှသော သသကို ကျွန်တော် စိတ်မကူးရဲတာတော့ အမှန်....။





အားလုံးကို ခြုံတွက်လိုက်လျှင်တော့ ကျွန်တော် သွေးကြောင်ခဲ့သည်ပေါ့။

ဒါတောင် သသဆိုးတော့ အလူးအလဲခံစားရသည့်တိုင် ဘာမှ မဖြစ်သလိုနေပြကာ ယင်းမာကိုပင် အားပေးနိုင်ခဲ့သေးသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ထိုကာလများအထိ ထိန်းချုပ်ဟန်ဆောင်နိုင်မှုအတွက် အထင်ကြီးခဲ့သည်။ ခခ ရောက်လာသောအခါ ဘာဖြစ်မှန်းမသိ။ လှပ လွန်းသော ခခ၏ အကြည့်နွေးနွေးများကိုမြင်တိုင်း ကျွန်တော် ရှုံးတော့ သည်။ သသကို သတိရခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော် ခခနှင့် အကြည့်မဆုံအောင် နေခဲ့ဖူးသည်။ မအောင်မြင်ခဲ့ပါ။ သသကို သတိရခြင်းနှင့်အတူ ခခကို ကြည့်မိသွားတတ်သည်။ ထိုအခါ အဝိပ္ပါယ်ရှာ မရသောအကြည့်များနှင့် ကျွန်တော် ကျဆုံးသွားတတ်မြဲ.....။

ကျွန်တော် ခခကို စိတ်ဝင်စားနေလား.....။

ကျွန်တော် ခခကို ချစ်နေလား.....။

ကျွန်တော် သသကို ချစ်ခဲ့မိသလား.....။

ကျွန်တော် သသကို ခုထိစွဲလမ်းနေဆဲလား.....။

ထိုအရာများအားလုံးသည် သေချာမှုများလား.....။

ဒါမှမဟုတ် ထင်ယောင်ထင်မှားမှုများလား.....။

အဖြေတစ်ခုကို ပိုင်နိုင်စွာချချင်လျက်က မချနိုင်တော့ ကျွန်တော့်ကို ကျွန်တော် အားမရ။ စားပွဲကို လက်သီးနှင့် 'ပုန်း' ခနဲနေအောင် သတိလက်လွတ် ထိုးမိလိုက်မိသည်။

"ကိုပြည့်စုံ ဘာဖြစ်တာလဲ"

သီဟာက အခန်းပြင်မှကမန်းကတန်းပြေးဝင်လာသည်။ အသည်း နိုက်မှု နာကျင်သွားသော လက်ဆစ်များ နီရဲယောင်ကိုင်းလာတာကို ကြည့်ပြီး သီဟာတစ်ယောက် ခြေမကိုင်မိလက်မကိုင်မိ.....။

"ကိုပြည့်စုံ ကျွန်တော် ဆေးလိမ်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ မလိမ်းဘူး"

"မရဘူး ကိုပြည့်စုံ၊ တအားယောင်လာပြီ၊ တော်ကြာ မြေဖြူတောင် မကိုင်နိုင် ဖြစ်နေဦးမယ်"

ဆရာဆိုတော့လည်း စာမသင်ရမှာရယ်၊ ကျောင်းသားရယ်နှင့် ခြိမ်းခြောက်လို့ကတော့ နှလုံးသားကို တည့်တည့်မှန်မြဲ.....။

"ဘာဆေးရှိလို့ မင်းက လိမ်းမှာလဲ"

"ဒီနားမှာ ဦးစိုင်းဖြစ်ဖြစ်၊ မိဂသီဖြစ်ဖြစ် ပြေးဝယ်လိုက်မယ်"

"သဘောကွာ"

ကျွန်တော့် ခွင့်ပြုချက်ရတော့ သီဟ ပြေးမသွားရုံတမယ် ထွက်သွားသည်။ သို့သော် ဒီတိုင်းထွက်သွားခြင်း မဟုတ်။ ဆရာမကြီးကို အစောင့်ချသွားသည်။ ဆရာမကြီးက စုတ်တသပ်သပ်.....။

"သား ကိုပြည့်ရယ်၊ ဘာဖြစ်ရတာလဲ"

"ကျွန်တော် စိတ်လွတ်သွားတယ် ဆရာမ"

"ဖြစ်ရလေကွယ်၊ တော်တော်နာလား"

"မနာပါဘူး"

"မနာရှိမလား သားရဲ့၊ ခဏလေးပါ၊ သီဟ ပြန်လာမှာပါ"

တကယ်က ရင်ထဲကအနာက ပိုနာတာကို ပြောပြချင်တာဖြစ်သည်။ ပြောပြလို့ကလည်း မဖြစ်။ ရွှေယင်းမာသာ ရောက်လာလို့ကတော့ ဘာမှပြောပြစရာမလိုဘဲ အလိုလိုသိသွားမှာ သေချာသည်။

ခဏနေတော့ သီဟရောက်လာသည်။ လိမ်းဆေးအပြင် ပတ်တီးပါ ပါလာသည်။

"မင်း ပတ်တီးကြီးက ပတ်ထားရဦးမှာလား"

"မပတ်ထားရင် ကိုပြည့်လက်က ယောင်ကိုင်းနေတော့ ဘယ်လူမြင်ကောင်းမလဲ၊ ပြီးတော့ ဆေးလိမ်းပြီးပတ်ထားတာက ပိုကောင်းတယ်"





သီဟနှင့် ဆရာမကြီးက စိတ်ရှည်လက်ရှည် ဆေးလိမ်းပေးကာ ပတ်တီးစည်းပေးသည်။ ပြီးတာနှင့် အိတ်ထဲမှ ဆေးတစ်ချို့ထုတ်ကာ တိုက်တော့၏။

"ဘာတွေလဲ သီဟ"

"အကိုက်အခဲပျောက်ဖို့က ဘိုင်အိုဂျက်ဆစ်၊ ယောင်တာသက်သာဖို့က ကီးမို့(စ်)၊ တစ်ခုခုစားပြီး သောက်ရမယ်"

သီဟကပြောရုံရှိသေး ဆရာမကြီးက သူ့ခြင်းထဲမှ ကော်ဖီဓာတ်ဘူးကိုဖွင့်ကာ မုန့်ပါထုတ်ပေးသည်။ လုပ်ဖော်ကိုင်ဖက်များ၏ မိသားစုစိတ်ဓါတ်များကို တွေ့ရတော့ ကျွန်တော် လက်မှအနာကို မေ့သွားသည်။ ရင်ထဲမှ ကြည်နူးပီတိက စောစောက ရင်တွင်းဒဏ်ကိုပင် ဖုံးအုပ်သွားသလို.....။

ကျွန်တော့်ကို သူတို့က dream bed တစ်ခုချကာ စောင်တစ်ထည်နှင့် နားခိုင်းသည်။ အနာရှိန်၊ ဆေးရှိန်တို့နှင့် ကျွန်တော် အိပ်ပျော်သွားတော့သည်။ အိပ်မက်ထဲမှာတော့ ကျွန်တော့်လက်မှ အနာကို သသက ဂရုမစိုက်ပဲ လစ်လျူရှုထားသည်။ ဒါက သသ၏ ပင်ကိုယ်စရိုက်ပဲ.....။ သူမက စိတ်ကောင်းရှိသော်လည်း သွေးအေးငြိမ်သက်လွန်းသည်။ ဘာကိုမှ ဖတ်ရှုမရအောင် မျက်နှာပြင်က တည်ငြိမ်လွန်း၏။ ကျွန်တော် အိပ်မက်ထဲမှာ မတွေ့ရတာကြာသော သသကို ငေးကြည့်နေဆဲ အသံတစ်ချို့ကြောင့် နိုးလာခဲ့သည်။

"ဟော.....နိုးလာပြီ"

ဘေးမှာက စိုးရိမ်တကြီး ထိုင်ကြည့်နေသော ခခ.....။ ခခဘေးမှာက ယင်းမာ.....။ သီဟနှင့် ဆရာမကြီးက အတန်းဝင်နေကြပုံရသည်။ ကျွန်တော် သူတို့ကို မချိပြုံး ပြုံးပြလိုက်သည်။

ခခက မျက်နှာလေးညှိုးကာ မေး၏။

www.burmeseclassic.com

www.burmeseclassic.com



''ကိုပြည့် သက်သာရဲ့လား''

''အင်း.....သက်သာပါတယ်''

''နှင် ဘာလိမ်းထားလဲ''

ယင်းမာက ခုမှ ဆရာလုပ်ချင်ဟန်နှင့် စပ်စု၏။

''သီဟက ဦးစိုင်းလိမ်းပြီး ပတ်တီးစည်းပေးထားတယ်၊ အကိုက်အခဲပျောက်ဆေးနဲ့ အယောင်ကျဆေး တိုက်ထားတယ်''

''ကိုပြည့် ဆေးခန်းသွားဦးမလား''

ခခကြည့်ရတာ ခုထိ စိုးရိမ်နေတုန်း.....။

''ရပါတယ်၊ ညနေကျ ဆေးထပ်လိမ်း ဆေးသောက်လိုက်ရင် ကောင်းသွားမှာပါ''

''ဒါဆို ခ ဆေးလိမ်းပေး ဆေးတိုက်ပြီးမှ ပြန်တော့မယ်''

''ဆိုင်ကော''

''ခရဲ့ မန်နေဂျာ ရှိပါတယ်''

ကျွန်တော်နှင့် ခခ အချီအချပြောနေတာကို ယင်းမာက ပြုံးစိစိလုပ်ကာ နားထောင်နေ၏။ ပြီးမှ အချွန်နှင့်မသော မေးခွန်းကို မေး၏။

''နှင်က ဘာဖြစ်ရတာလဲ''

''ဘာဖြစ်လို့လဲ''

''နှင့်လက်က ဒါဏ်ရာကို ပြောတာ''

''စားပွဲကို လက်သီးနဲ့ထိုးမိတာ''

ခခက ဘုရားတ၏။ ယင်းမာက မဲ့ရွဲ့ပြကာ ဆက်ပြော၏။

''ဘာကိစ္စ ကိုယ့်အသားကိုယ် အနာခံရတာလဲ ပြည့်စုံရာ''

''နှင်မှမရှိတာ၊ နှင်ရှိရင် နှင့်လက်ကို ငုံးထိုးမှာပေါ့''

စိတ်ချဉ်ချဉ်နှင့် ဖြေလိုက်သောစကားကြောင့် ယင်းမာ နှင်သွားရသည်။ ယင်းမာက ခခကို အဓိပ္ပါယ်ပါစွာလှမ်းကြည့်တော့ ခခက ဆက်မေး၏။

''ကိုပြည့် ဘာတွေဒေါသဖြစ်လို့လဲ''

''ကိုယ့်ကိုယ်ကို ဒေါသဖြစ်တာပါ''

''ဟင်.....ကိုယ့်ကိုယ်ကိုဖြစ်တာ ဟုတ်လား၊ ဘာလို့ဖြစ်ရတာလဲ''

''လူ့စိတ်ဆိုတာ အခန့်မသင့်ရင် ဒီလိုပဲလေ ခခရဲ့''

ကျွန်တော် ဘာကြောင့်မှန်းမသိ။ ခခကို စူးစူးနစ်နစ်လေး ကြည့်ကာ ဖြေလိုက်တော့ ခခ မျက်နှာလွှဲသွားကာ ဘာမှဆက်မမေးတော့။ ကျွန်တော် ညနေဆေးမသောက်မီ တစ်ခုခုစားနိုင်ရန် ကျောင်းစာရေးကို ခေါ်ကာ စီစဉ်ပေးနေသည်။ တူးဆန်းသည်က သူမ မှာလိုက်တာက ကျွန်တော် နေမကောင်းတိုင်းစားလေ့ရှိသည့် အသားလုံး မြုံစွမ်...။ ကျွန်တော်က ဆန်ပြုတ်၊ ခေါက်ဆွဲ၊ ကြာဇံတို့ကို မကြိုက်တတ်.....။

ဒါက တိုက်ဆိုင်မှုလား....။

စိတ်ချင်းဆက်နွယ်နေတာလား.....။

ကျွန်တော် ရင်တွေမောလာသည်၊ အသက်ရှူများပင် မှားချင်လာသည်။ ဒီနေ့ ခခက မြန်မာအင်္ကျီချည်ထည်လက်စကကို ချည်လုံချည်နှင့် မြန်မာဆန်ဆန်ဝတ်ထားသည်။ နိုင်ငံခြားမှာ အနေကြာလာသူတစ်ယောက်က မြန်မာဝတ်စုံဝတ်လျှင် သိပ်အချိုးမပြေတတ်.....။ ခခကတော့ ကျော့ရှင်းကာ လှပနေသည်။

ခဏနေတော့ အသားလုံးမြုံစွမ် ရောက်လာသည်။ အအေးခံပေး၊ မွှေပေးကာ ကိုယ်တိုင်တိုက်ရန် ပြင်၏။ ယင်းမာက မသိမသာထကာ တစ်ဖက်ခန်းကူးသွားသည်။ နာနေသောလက်က ညာလက်ဖြစ်နေတော့ ငြင်းဆန်လို့ကလည်း မရ။ အလိုက်သင့် ပါးစပ်ဟပေးလိုက်ရသည်။ အလွန်ကြိုက်ခဲ့ဖူးသော အသားလုံးမြုံစွမ်၏အရသာသည် မည်သို့မှန်းပင် မသိလိုက်....။ သင်စွယ်နှစ်ရောင်သန်းနေသော လက်ချောင်းလေးများကို







www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်ရင်း ကျွန်တော် မငြိမ်မသက် ဖြစ်နေခဲ့ရသည်။ မဖြစ်ခံနိုင် မလား.....။ သူမ၏လက်ဖျံပေါ်တွင် သသလိုပင် စာနီအမှတ်အသားလေး ပါနေသောကြောင့် ဖြစ်သည်။ တစ်ခုပဲခြားနားသည်။ ခခ၏ စာနီအမှတ် အသားဘေးတွင် အနာရွတ်တစ်ခု ထင်ထင်ရှားရှား ရှိနေခဲ့သည်။ ဒါကြောင့် ခခက လက်တိုသိပ်မဝတ်ခြင်း ဖြစ်မည်ထင်သည်။ ဒီနေ့မှ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင်.....။

အရင်ဘဝက မှတ်သားပေးလိုက်သော စာနီများသည် မည်သည့် အဓိပ္ပါယ်များ ပါဝင်နေသည်လဲ.....။ ထိုအဓိပ္ပါယ်များကရော ကျွန်တော်နှင့် ပတ်သက်နေခဲ့သေးလား...။ ဘယ်သူ၏ အနီရောင်စာလွှာသည် ကျွန်တော့် ကို လိပ်မူထားသော စာလွှာဖြစ်မည်နည်း.....။ ထူးထူးဆန်းဆန်း ရင်တွေ ပရမ်းပတာ ခုန်နေခဲ့လေသည်။

❊ ❊ ❊



## အခန်း (၅)

ဒီနေ့ သီဟာမွေးနေ့.....။

သီဟာက ကျောင်းရုံးခန်းလေးထဲမှာပင် အားလုံးကို ပျော်ပျော် ရွှင်ရွှင် ကျွေးမွေးရန် စီစဉ်ထားခဲ့သည်။ ခက်တာက ကျွန်တော့်ဘက်က သီဟာကို မွေးနေ့လက်ဆောင်ပေးရန် ဘာမှ မစီစဉ်ရသေး.....။ ဒါမျိုးက ကျွန်တော် သိပ်စိတ်ဝင်စားတတ်တာ မဟုတ်။ ခါတိုင်းဆို ယင်းမာနှင့် ပေါင်းကာ စီစဉ်နေကျဆိုတော့ ကျွန်တော် တာဝန်ကင်းသည်။ ခုတော့ မရွှေယင်းမာက ကျွန်တော့်ကိုကန်ပြီး 'ကိုဇကိုပါဖိတ်ထားတာ ငါ့ ကိုဇနဲ့ပဲ ပေါင်းပေးလိုက်တော့မယ်' တဲ့။ ပေါင်းပေးတာ၊ မပေးတာကို ကျွန်တော် ဘာမှမပြောလိုပါ။ ကျွန်တော်ကလည်း သူနှင့် ပေါင်းပေးချင်တာမျိုး မဟုတ်။ သူနှင့်ကိုဇ ဝယ်ခြမ်းရင်း ကျွန်တော့်ကို ဘာမှာမလဲ၊ ဘာတွေပေး ရမလဲ တစ်ခွန်းမေးဖော်မရ။ ယင်းမာကြည့်ရတာ ကိုဇကလွဲရင် ကျန်သော အတိတ်များအားလုံးကို မေ့နေပုံရသည်။ ထို့ကြောင့် ကျွန်တော် စောစော

www.burmeseclassic.com

www.burmeseclassic.com



အိပ်မှထွက်ကာ ခခ၏ဆိုင်ကလေးဆီ ထွက်လာခဲ့လိုက်သည်။ ဆိုင်ဖွင့်ချိန်ထက် စောနေသော်လည်း ခခ ရောက်နေမှာကတော့ သေချာသည်။ ခခက အလုပ်ကို ဝတ္တရားကျေလုပ်တတ်သူ မဟုတ်။ စိတ်ရောကိုယ်ပါ နှစ်ထားတတ်သူဟု ကျွန်တော် မြင်သည်။ အေးတိအေးစက်နှင့် အလုပ်တော့ပြီးသော သသနှင့် ထိုနေရာမှာတော့ မတူ။ ဆိုင်တံခါးကို ပိတ်ထား၏။ သို့သော် လက်ကိုင်ဖုလေးကို လှည့်ဖွင့်လိုက်သောအခါ အသာအယာ ပွင့်သွားသည်။ တံခါးဖွင့်ဖွင့်ချင်း အေးစိမ့်နေသော လေအေးစက်၏ အငွေ့အသက်နှင့်အတူ သီချင်းသံတစ်ခုကို ကြားလိုက်ရသည်။ သီချင်းသံက ကက်ဆက်မှလာတာ မဟုတ်။ တစ်စုံတစ်ယောက်က တိုးတိုးညင်ညင်လေး ဆိုနေခြင်းဖြစ်သည်။

'After long enough of being alone,everyone must face the shade of loneliness,in my own time nobody knew ,the pain I was going through ,waiting was all my heart could do.

Hope was all I had until you came .

May be you can see hows much you mean to me . You were the dawn breaking the night.

The promise of morning light.

Filling the world sussounding me.

When I hold you သီချင်းသံက ရပ်သွားသည်။ ခခ အထဲမှ ပန်းအိုးလေးကိုင်ထွက်အလာ ညှော်ခန်းလယ်တွင်ရပ်ကာ သီချင်းနားထောင်နေသော ကျွန်တော့်ကိုမြင်တော့ ကြက်သေ. သေသွားသည်။ ပြီးမှ သတိဝင်လာကာ.....

''ဟာ.....လန့်လိုက်တာ ကိုပြည့် အသံမပေး. ဘာမပေးနဲ့''

''မဟုတ်ဘူးလေ၊ သီချင်း နားထောင်လို့ကောင်းလို့ နားထောင်နေတာ''



''အာ.....ကိုပြည့်ကလဲ''

ခခက ပန်းအိုးလေးကို စားပွဲပေါ်ချကာ မျက်နှာလွှဲသွား၏။

''ခခ''

''ပြောလေ.....ကိုပြည့်''

''အဲဒီသီချင်းကို ခခက ကြိုက်လား''

ခခ နှုတ်ဆိတ်သွားသည်။အတန်ငယ်ငြိမ်သက်နေပြီးမှ ကျွန်တော့်ဘက် ပြန်လှည့်လာကာ ဖြေ၏။

''ကြိုက်တယ်ပဲ ဆိုပါတော့၊ ညကမှ သသအခန်းကို မွှေရင်း..... သသရဲ့ favourite အခွေတွေ နားထောင်ရင်း ဒီသီချင်းလေးကို စွဲသွားတာ''

''ခခက မှတ်ဉာဏ်ကောင်းတယ်နော်''

''ဟင် ဘာကောင်းလို့လဲ''

''သြော်.....ကြိုက်တဲ့ သီချင်းတစ်ပုဒ်ကို ချက်ချင်း words တွေ မှတ်မိနေလို့ ချီးကျူးတာပါ''

ကျွန်တော်က တကယ့်ကို တအံ့တသြ ချီးကျူးခြင်းဖြစ်သည်။ သို့သော် ခခ မျက်နှာလေးက ပျက်ချင်ချင်ဖြစ်သွားပြီးမှ ပြင်လိုက်ကာ ပြုံးပြ၏။

''အဲလိုလည်းမဟုတ်ပါဘူး ကိုပြည့်ရာ၊ အဲဒီသီချင်းစာသားပါတဲ့ စာအုပ်လေးရှိတယ်လေ၊ အဲဒါနဲ့ တစ်ညလုံး အထပ်ထပ် ဖွင့်ဆိုနေမိရင်း ရသွားတာ''

''သြော်''

''ကိုပြည့်ကော အဲဒီသီချင်းကို ကြိုက်လား''

''ကိုယ်က ဒီOnly yesterday တင် မဟုတ်ဘူး Carpenters

www.burmeseclassic.com

www.burmeseclassic.com



ကို. ကိုကြိုက်တာ၊ ဒီသီချင်းက ကိုယ် သသကို ကူးပေးခဲ့တာလေ၊ သသက ကြိုက်တယ်ဆိုလို့''

''ဩော်.....ကိုပြည့် ကူးပေးတာလား''

ခခ၏ မှတ်ချက်ချသံက အံ့ဩသံလည်းမပါ၊ အသက်လည်းမပါ။ အသိမဲ့စွာ စကားလုံးများကို ရေရွတ်ချလိုက်သူလို.....။

''ဟုတ်တယ်၊ ကိုယ်က.....Only yesterday when I was sad,and I was lonely, you show me the way to leave the past and all the tears behind me ,tomorrow may be even brighter than today ,since I threw my sadness away ,only yesterday ဆိုတဲ့ စာသားတွေကို ကြိုက်တာ''

''ခ, လည်း ကြိုက်တယ်၊ ဒါပေမဲ့...အတိတ်တွေကိုထားခဲ့ပြီး ဝမ်းနည်းကြေကွဲမှုတွေကို ဆွဲယူလွှတ်ပစ်လိုက်လို့ လွယ်လို့လားဟင်''

ကျွန်တော် သက်ပြင်းခိုးတစ်ချက်ကို မသိမသာချမိသည်။

''လွယ်တော့မလွယ်ဘူးပေါ့ ခခရယ်၊ ဒါပေမဲ့ သီချင်းလေးထဲက လို လမ်းညွှန်ပြမယ့်လူတစ်ယောက်လောက် အနားမှာ နွေးထွေးစွာ ရှိနေမယ်ဆိုရင်တော့ သိပ်ခက်ခဲတော့မှာ မဟုတ်ဘူး ထင်တာပဲ''

ခခက ယောင်ယောင်လေး ပြုံးသည်။

''မနက်ဖြန်ဆိုတာက ဒီနေ့လောက် သေချာလို့လား ကိုပြည့်''

''သေချာမှုတချို့က လူက လုပ်ယူလို့ရပါတယ်''

'ဘာနဲ့ လုပ်ယူရမှာလဲ''

''မျှော်လင့်ချက်နဲ့လေ၊ Hope was all I had until you came. လို့တောင် ဆိုထားတယ် မဟုတ်လား'

''မျှော်လင့်တိုင်းဖြစ်လာရင်တော့ ကောင်းတာပေါ့ ကိုပြည့်ရဲ့၊ မဖြစ်လာခဲ့ရင်ဆိုတဲ့ အတွေးကို ရင်ဆိုင်နိုင်ဖို့ အားအင်ဆိုတာ အတော်





မွေးယူရတာ၊ ခခက ကိုယ်တွေ့လေ''

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ သူမ ဘာကို ဆိုလိုချင်တာလဲ၊ ရုတ်တရက် သူမကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကို ကျောခိုင်းထားလိုက်ပြီ။ ကျွန်တော့်မှာ အဖြေထုတ်စရာ မရှိတော့။ ထို့ကြောင့် မေးခွန်းသာ ထုတ်လိုက်တော့သည်။

''ခခက ဘာတွေကို မျှော်လင့်ထားလို့လဲ''

''သိပ်မများပါဘူး တစ်ခုတည်းပါ၊ ဒါပေမဲ့ အဲဒီတစ်ခုတည်းက တစ်ဘဝလုံးစာပဲ''

ယင်းမာပြောသလိုပင် ကျွန်တော့်ကို မျှော်လင့်နေတာများလား....။ မိန်းကလေးတစ်ယောက်၏ သိက္ခာကို ထိမျှ လျှော့တွက်. အထင်သေးတတ်သူများထဲတွင် ပြည့်စုံဆိုသောကောင် မပါ, ပါ။ ထို့ကြောင့် ကျွန်တော် စကားစကိုဖြတ်ကာ လိုရင်းကိစ္စကိုပြောရန် ဆုံးဖြတ်လိုက်သည်။

''သိပ်မတွေးပါနဲ့ ခခရာ၊ ပင်ပန်းပါတယ်''

ခခက ဘာမှမပြော ပြုံးရုံပြုံး၏။

''ကိုယ် ဒီကိုလာတာ သီဟအတွက် လာတာ.....''

''သီဟအတွက်.....ဟုတ်လား၊ ကိုသီဟက ဘာဖြစ်လို့လဲ''

''မွေးနေ့လေ၊ ဒီနေ့ သူ့မွေးနေ့ ခခကိုလည်း ပြောထားတာပဲ''

ထိုအခါကျမှ ခခ သတိရကာ သူ့နဖူး သူရိုက်သည်။

''ဟုတ်တယ်၊ ခ, မေ့နေတာ၊ တော်သေးတာပေါ့၊ ကိုပြည့်လာလို့ မဟုတ်ရင် ခ, အပြောခံရတော့မှာ''

'ကဲ.....ထားပါ၊ ခု သီဟအတွက် ကိုယ်ဘာပေးရမလဲ''

ခခက မျက်လုံးလေးထောင့်ကပ်ကာ ကျွန်တော့်ကို ချစ်စဖွယ် ကြည့်ရင်း မေး၏။

''ခခက ရွေးပေးရမှာလား''



www.burmeseclassic.com

www.burmeseclassic.com



''ရွေးပေးလေ၊ ကိုယ်မှ မရွေးတတ်တာ''

''ခခက သီဟအတွက် ရွေးပေးရမှာလား၊ ကိုပြည့်အတွက် ရွေးပေးရမှာလား''

''ကိုယ်အတွက်ရွေးတယ် သဘောထားလိုက်ပါ ခခရာ''

ခခ ထိုအခါကျမှ ကျေနပ်သွားကာ တစ်ဖက်ခန်းသို့ ကူးသွား၏။ ကျွန်တော်က ကျွန်တော်နှင့် ဘာမှမဆိုင်သလို ဆက်တီမှာ ထိုင်စောင့်နေလိုက်သည်။ ခဏနေတော့ ခခ ပြန်ဝင်လာ၏။

''ဘာရခဲ့လဲ''

''ဘာဖြစ်ဖြစ်လေ၊ ခ, ရွေးပေးတာဆို ပြီးရောမဟုတ်လား''

ကျွန်တော် ခေါင်းညိတ်ပြလိုက်ရသည်။ ကျသလောက်ရှင်းကာ လက်ဆောင်ပေးလိုက်သည့်ထိ ခခ ထုတ်ပေးလိုက်သော အထုတ်ထဲတွင် သီဟအတွက် ဘာပါသွားမှန်း ကျွန်တော်မသိ။ သီဟ၏မွေးနေ့လေးက သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်အနည်းငယ်နှင့် တပည့်များသာ ပါဝင်သည်။ တပည့်တွေအားလုံးကလည်း ပျော်လို့ရွှင်လို့။ ကြုံတောင့်ကြုံခဲကိုး.....။ သူတို့ဆရာကို ပေါက်ကရပေါင်းစုံ လက်ဆောင်ပေးကြသဖြင့် ရယ်ကြရသေးသည်။ ယောင်းမတစ်ချောင်းပါသည်။ ပလတ်စတာနှင့် ဆေးဂွမ်းများပါသည်။ ရောမဘီးကြီးနှင့် ရောမရှုဆေးဘူးကြီးလည်း ပါသည်။ ဆရာ မူးရင်ရှူဖို့ဆိုပဲ.....။ ယောဂီသဘက်နှင့် စိတ်ပုတီးပါသည်။ တရားစာအုပ်များပါသည်။ စုံလို့.....။ အားလုံးက တဝါးဝါး, တဟားဟားနှင့်.....။

ခခကိုကြည့်တော့ ခခလည်း ပျော်နေသည်။ ယင်းမာနှင့်ကိုဇ ဆိုတာကတော့ ပြောစရာမရှိ.....။ ဆရာမကြီးပင် ပျော်လို့၊ မပျော်ဖြစ်တာလား၊ စိတ်နှင့်ကိုယ်နှင့် မကပ်တာလား ဖြစ်နေသည်က ကျွန်တော်.....။ စိတ်ထဲမှာ အာရုံထဲမှာ တေးသွားသီချင်းတစ်ပုဒ်ကိုသာ ကြားနေရသည်။





'Only yesterday 'တဲ့။

နောက်တစ်နေ့ အာရုံတက်လျှင် ယနေ့သည်လည်း 'မနေ့က' ဖြစ်သွားမှာ သေချာနေသည်။ တည်မြဲမှုသည် ဘယ်မှာများ ရှိနိုင်ပါမည်နည်း.....။



www.burmeseclassic.com

www.burmeseclassic.com



## ‘ ‘ နိဒါန်းအဆုံး’ ’

တိမ်တိုက်တွေရဲ့အနားကွပ်ဟာ အမြဲတမ်းတော့ .....
ငွေရောင်လိုင်းကလေး ဘယ်ဖြစ်နိုင်ပါမလဲ.....။
အပြာရောင်ငှက်ကလေးတွေ ကောင်းကင်မှာ
ပျံ့ကျဲနေတာလည်း ဝမ်းနည်းဖွယ်တွေ့မြင်နိုင်တာပဲ။
ကံကြမ္မာဆိုတာ တို့တွေရေးဖွဲ့ခဲ့တဲ့ စာမျက်နှာတွေမှမဟုတ် တာ။
ပြင်ဆင်ခွင့်ရှိတယ်လို့ ထင်ခဲ့မိတာဟာ မိုက်မဲမှုတစ်ခု လား
တန်ခိုးရှင်တစ်ပါးပါးရဲ့ ကောင်းချီးပေးမှုကို
သည်းသည်းထန်ထန်လိုအပ်နေခဲ့ပါပြီ.....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သသဆုံးတာ နှစ်. နှစ်ပြည့်သည့်အခါတွင်တော့ ကိုဇက ကျွန်တော် တို့ကို ဆွမ်းကပ်ခွင့်မပြုတော့.....။

"ငါတို့အိမ်မှာပဲ လုပ်လိုက်ပါမယ်၊ မင်းတို့ပါ လာကူပေါ့"

ဒါလည်းကောင်းတာပင်.....။ တကယ်က ကျွန်တော်တို့က သူတို့ မေ့လျော့နေမှာစိုး၍ ကိုယ့်သူငယ်ချင်းအတွက် ကုသိုလ်ပြုပေးခြင်း သာ.....။ ကျွန်တော်က ဘာမှသာမစီစဉ်တတ်၍ မစီစဉ်သော်လည်း..... ထိုနေ့တိုင်းမှာတော့ ဘုရားသို့ ရောက်အောင်သွားကာ သသအတွက် တစ်ခုခု ကုသိုလ်ပြုပေးမြဲ.....။ ဒီနှစ် ကိုဇတို့အိမ်မှာပဲလုပ်မည်ဆိုတော့ ကျွန်တော်ကော ယင်းမာပါ တာဝန်ကင်းသည်။ ယင်းမာကတော့ မိန်းကလေးဖြစ်သည့်အပြင် ကိုဇနှင့်ကော ခခနှင့်ပါ အမျိုးတော်တော့မို့ သွားကူရမှာ သေချာသည်။ ကျွန်တော်ကတော့ အနေသာကြီး.....။ ဘုရားတက်ပြီးမှ သွားရုံသာ.....။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော ကျွန်တော် ဘုရားကိုရောက်သွားတော့ သသ၏ မွေးနေ့ထောင့် 'ကြာသာပတေးထောင့်' တွင် လှူရှင်းလျက်.....။ ကျွန်တော် သသကြိုက်တတ်သော ကြွေဂံပုံ စည်းနှောင်ထားသည့် နှင်းဆီပန်းစည်း သုံးစည်း ယူလာခဲ့သည်။ အဖြူရောင်၊ အဝါရောင်နှင့် အနီရဲရဲ.....။ ကျွန်တော် ဘုရားဝတ်ပြု ဆုတောင်း အမျှအတန်းဝေပြီးကာ ပန်းအိုးထိုးရန် သွားတော့.....

"မြတ်စွာဘုရား"

အဖြူဆွတ်ဆွတ် နှင်းဆီများနှင့် ကြွေဂံပုံစည်းထားသော ပန်းစည်းများကို တွေ့လိုက်ရသည်။ တစ်. နှစ်. သုံး. လေး. ငါး. ခြောက်။ ခြောက်စည်းတောင်.....။ ဖဲကြိုးဖြူလွလွများက ရေတွေစိုလို့။ ကျွန်တော် ဘေးဘီကို ကြည့်လိုက်မိသည်။ ခခများ သူ့အစ်မအတွက် လာသွားသလားလို့။ သို့သော်.....ဘာကိုမှမတွေ့ရ။

သသအတွက် သက်စေ့ရေလှူပြီးသောအခါ ကျွန်တော် ဘုရားမှ ပြန်ဆင်းခဲ့သည်။ ဘုရားကို လက်ျာရစ်ပတ်ရန်ပင် မေ့လျော့သွားသည့်အထိ ကျွန်တော် ဘာဖြစ်သွားမှန်းမသိ။ အမှန်က ဘာမှဖြစ်စရာမရှိပါ။ ကိုဇပဲဖြစ်ဖြစ်၊ ခခပဲဖြစ်ဖြစ်၊ အန်တီပဲဖြစ်ဖြစ် လာရောက် ကပ်လှူထားတာ ဖြစ်နိုင်သည်ပဲ။ ယင်းမာတောင် ဖြစ်နိုင်ချေထဲ ပါနိုင်သေး၏။

သသတို့အိမ်ရောက်တော့ အာရုံဆွမ်းက ကပ်ပြီးပြီ.....။ ဧည့်သည်များသာ ရှိတော့၏။ ကျွန်တော့်ကို ခရီးဦးကြိုသည်က ကိုဇနှင့် ယင်းမာ.....။ သသဆုံးစဉ်က နောက်ဆုံးရောက်ပြီးကတည်းက ခုချိန်သည် ပထမဆုံးပြန်ရောက်ခြင်းဖြစ်သည်။ ဘာမှ မပြောင်းလဲပါ။ သသ မရှိတော့တာကလွဲလျှင် အရာအားလုံးသည် ပကတိအတိုင်းပင် ခြံဘေးက သသ၏ နှင်းဆီခင်းလေးကလည်း ခုထိ ဖူးပွင့်နေဆဲ.....။

အိမ်ထဲဝင်သွားတော့ အိမ်ထဲတွင် ကြွေဂံပုံနှင်းဆီပန်းစည်း အဖြူ





အနီများ တစ်အိမ်လုံးအနံ့.....။ ကျွန်တော်ပင် အံ့သြသွားရသည်။ နှင်းဆီဖြူဖြူသုံးပွင့် ဖဲကြိုးဖြူဖြူသုံးဆင့်၊ နှင်းဆီနီနီသုံးပွင့် ဖဲကြိုးနီနီသုံးဆင့်တို့ကို ကြွေအိုးလည်ရှည် အဖြူ. အနီတို့နှင့် ဆန့်ကျင်ဘက် တွဲထိုးထား၏။

"လှလိုက်တာ"

ကျွန်တော် ချီးကျူးတော့ အန်တီက ပြုံး၏။

"အေး.....အဲဒါ မင်းညီမ ခခလက်ရာလေ၊ သူက သသက ဒီပန်းစည်းမျိုး တအားကြိုက်တယ်ဆိုလို့ ညက တစ်ညလုံး သူ တစ်ယောက်တည်း ထိုင်စည်းနေတာ၊ ဘယ်သူမှလည်း မကူရဘူး"

အန်တီ့စကားအဆုံးမှာ ခခ အပေါ်ထပ်မှဆင်းလာ၏။

"ဟာ.....ကိုပြည့်ရောက်နေပြီ"

"ဟုတ်တယ် ခခ"

"ခခ သိပ်နေမကောင်းလို့လဲ့နေတာ ခုနကမှ ကားဝင်လာသံကြားလို့ ကိုပြည့်တို့ဖြစ်မှာပဲဆိုပြီး ဆင်းလာတာ ယင်းမာကော....."

"မချိန်းထားမိဘူး"

ခုမှ ကျွန်တော် သတိထားမိသည်။ ခခ၏ပုံသဏ္ဌာန်ကို ဖြစ်သည်။ ဒီနေ့ ခခက တီရှပ်အဖြူရောင်လေးနှင့် အပေါ်က အဖြူနှင့် အနက်ကွက်ရှပ်လက်ရှည်ကို ထပ်ဝတ်ထားကာ ထမီကလည်းအနက်နှင့်.....။ ဒါ..... သသအတွက် ဝမ်းနည်းမှုအထိမ်းအမှတ်နှင့် ဝတ်ထားတာ လား။ ဒါမှ မဟုတ် သသကို သတိရလို့ သသပုံအတိုင်း ဝတ်ထားတာမျိုးလား။ ဒါမှမဟုတ် သိပ်နေမကောင်းလို့ ပေါ့ပေါ့ပါးပါး အဖြစ် ဝတ်ဆင်ထားတာလား။ ကျွန်တော် မတွေးတတ်သော်လည်း အံ့သြမင်သက်မိသည်ကတော့ အမှန်.....။

ကျွန်တော့်အကြည့်ကို သတိပြုမိဟန်တူသော ခခက သိုင်စရာ နေရာပေးရင်း မေး၏။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလဲ သသ ပုံပေါက်နေလို့လား''

''ဆင်တာပါ''

''ညီအစ်မပဲဟာ''

''အင်း.....ဒါပေမဲ့ သသနဲ့ ခခ ဇာ တော်တော်ကွဲပြားတာလေ၊ ခခကို ဒါမျိုးရုပ်အင်္ကျီနဲ့ တစ်ခါမှမမြင်ဖူးဘူး''

''ဟိုတုန်းက ဝတ်ပါတယ်၊ ဟိုလေ.....နိုင်ငံခြားမှာတုန်းက''

''အော် ပြီးတော့.....သသက အဲလို အဖြူနဲ့အနက်အတွဲကို ကြိုက် တတ်တယ်''

''ဟုတ်လား''

ပြောမိပြီးမှ နောင်တရသွားသော်လည်း မတတ်နိုင်တော့.....။ ခခ၏ 'ဟုတ်လား'က သရော်သံစွက်နေသလို ခံစားရသည်။ထို့ကြောင့် စကားလမ်းကြောင်းကိုလွှဲရန် ကြိုးစားလိုက်ရ၏။

''ညှော်သည် သိပ်မများဘူးနော်''

''ဟုတ်တယ်၊ အိမ်နီးပါးချင်း၊ ဆွေမျိုးနဲ့ အရင်းနှီးဆုံးတွေ လောက်ပဲ''

''ယင်းမာကို ကိုယ်စောင့်လိုက်ဦးမယ်''

''စောင့်လေ.....စောင့်ရင်း စကားပြောတာပေါ့''

''ခခ နေမကောင်းဘူးဆို.....နားချင်ရင်တော့ နားနော်၊ ကိုယ့်ကို အားမနာနဲ့''

ခခက ကျွန်တော့်ကို အဓိပ္ပါယ်ပါပါ ကြည့်ကာပြုံး၏။ ပြီးမှ.....

''စကားထိုင်ပြောရတာကို ကိုပြည့်က ပင်ပန်းတယ်ထင်လို့လား''

''အာ.....မထင်ပါဘူး''

''ကိုပြည့် မထင်ရင် ခလည်း မထင်ပါဘူး''

''ခ ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုမို့ပါ''





''အဲလို သတိပြုမိတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုပြည့်ရယ်၊ ဒါပေမဲ့ ကိုပြည့်ကို ဒီတိုင်းထားခဲ့ပြီး သွားနားနေရမှ ပိုစိတ်ပင်ပန်းမှာ၊ ဘယ်စိတ်ဖြောင့်နိုင်ပါတော့မလဲ''

ခခ စကားကြောင့် ကျွန်တော် သူမမျက်နှာလေးကို ငေးကြည့်မိ လျက်သား ဖြစ်သွားရသည်။ တကယ်တော့ ကျွန်တော့်သဘာဝက လူတွေကို ခင်တွယ်မလွယ်တတ်ပါ။ ခခဆိုတာလည်း တကယ်တော့ နောက်မှ ပေါက်လာသော ရွှေကြာပင်.....။ကျွန်တော့်တို့ချင်း ဒီလောက် သံယောဇဉ်ရှိ သွားစရာ အကြောင်းသိပ်မရှိ၊ သို့သော် ခခ၏နွေးထွေးသော မျက်ဝန်းများ က ကျွန်တော့်အတွက် သူစိမ်းဆန်မနေ.....။ ရင်ထဲ နစ်ဝင်သွားနိုင်သည် အထိ ထူးဆန်းစွာ ရင်းနှီးမိသွားရသည်။

''ကဲ ကဲ.....ဒါဆိုလည်း ဟိုက နောက်မှီခေါင်းအုံးလေးယူပြီး နံရံမှာမှီထိုင်နေ၊ ဟုတ်ပြီလား''

ကျွန်တော် နောက်မှီနှစ်လုံးခန့်ထယူကာ ခခ ထိုင်ဖို့ ပြင်ပေးလိုက် မိသည်။ မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ်သောအခါကမှ အရေး တယူ ဖေးမခဲ့ဖူးခြင်း မရှိပါ။ ခုကျမှ ကျွန်တော့်စိတ်တွေ ပြောင်းလဲလာ တာလား၊ နူးညံ့လာတာလား၊ လူမှုရေးတွေ သိတတ်နားလည်လာတာ လား ဘာမှန်းပင် မသိတော့။ ခခက ကျွန်တော် ပြင်ဆင်ပေးသလို ထိုင်၏။ ကျွန်စားပွဲနှစ်လုံးမှာက ညှော်သည်တစ်ယောက်စ, နှစ်ယောက်စ ရှိပြီး အန်တီက ညှော်ခံနေသည်။ ကျွန်တော်တို့စားပွဲက ထောင့်ကပ်ထား သောစားပွဲမို့ တခြားစားပွဲနှစ်လုံးနှင့်က အတန်ငယ်ခြားသည့်အပြင် အိမ်တွင်းအလှဆင်ပန်းအိုးများကပင် ခြားထားသေးသည်။

''ကိုပြည့်''

''ပြောလေ ခခ''

''ပြောမှာမဟုတ်ဘူး၊ မေးမှာ.....''



www.burmeseclassic.com

www.burmeseclassic.com



''မေး.....''

''ကိုပြည့်က သသရဲ့စိတ်ကို နားလည်လား''

အင်မတန်ခက်ခဲသော မေးခွန်းပင်။ လူတစ်ယောက်၏စိတ်ကို တခြားလူတစ်ယောက်က သေချာသိဖို့ဆိုတာ သိပ်ဖြစ်နိုင်သောကိစ္စ မဟုတ်။ ကျွန်တော် အဖြေရခက်နေတာကို ခခက ခပ်စူးစူးလေး စိုက်ကြည့်နေသည်။

''ဒါကတော့ ခခရယ် ကိုယ်သိတယ်ဆိုတာ အပေါ်ယံလောက်ပေါ့၊ တကယ်အတွင်းကျကျတော့ ဘယ်သိနိုင်ပါ့မလဲ'

''အပေါ်ယံဆိုတာက.....''

''ဟိုလေ.....ဥပမာကွာ သူက မြဲစိစိနဲ့ မပွင့်လင်းတာ၊ ခေါင်းမာတာ၊ လိုက်လျောညီထွေမရှိတာ၊ လုပ်ချင်တာကို ဘာမှဂရုမစိုက်ဘဲ လုပ်တတ်တာ အဲဒါမျိုးပေါ့.....''

''အတွင်းကျကျဆိုတာကရော.....''

ကျွန်တော် ခခကို မျက်ခုံးပင့်ကာ ကြည့်မိသည်။

''မသိပါဘူးဆို.....''

''ကဲ.....ထားပါတော့၊ စောစောကသိသလောက် အပေါ်ယံစိတ်ဓါတ်တွေကိုရော ကိုပြည့် နားလည်သဘောကျလား''

သူမ ဘာလို့ ဒါတွေမေးတာပါလိမ့် ဟူသောအတွေးက အရင်ဝင်လာသည်။ သသနဲ့ပတ်သက်တဲ့ အကြောင်းအရာတစ်ခုခု.....ဒါမှ မဟုတ် ဒိုင်ယာရီလိုဟာမျိုးများ ခခ ရှာတွေ့ထားလို့လား။ ဟိုနေ့ကပဲ သသအခန်းကို မွှေခဲ့သည်ဆိုတာကိုး.....။

''လူတစ်ယောက်ရဲ့ စိတ်ဓါတ်ကို နားလည်ပေးတာက နားလည်ပေးတာပဲ၊ သဘောကျတာက သဘောကျတာပဲ မတူဘူး၊ နားလည်ပေးနိုင်ပေမယ့် သဘောကျချင်မှ ကျမှာပေါ့၊ သဘောကျစရာ ကောင်းပေမယ့်





နားလည်နိုင်ချင်မှ နားလည်နိုင်မှာပေါ့''

''ဟုတ်ပါတယ်လေ''

ခခက ဖြေလျှော့လိုက်ဟန်နှင့် ထောက်ခံ၏။ ပြီးမှ..... ဆက်မေးပြန်သည်။

''ဒါဆို မေးဦးမယ်''

''မေးပါဗျာ''

''ကိုပြည့် သသကို ဘယ်လိုမြင်လဲ''

''သူငယ်ချင်းကောင်းတစ်ယောက်၊ စိတ်ဓါတ်ကောင်းတယ်၊ ထက်မြက်တယ်၊ အလုပ်တစ်ခုကို အာရုံစိုက်တတ်တယ်၊ ခေါင်းမာတယ်၊ လုပ်ချင်တာကို မဖြစ်မနေလုပ်တတ်တယ်၊ မိသားစုနဲ့ သူငယ်ချင်းတွေကို အရမ်းချစ်တတ်တယ်''

ခခက ကျွန်တော့်မျက်ဝန်းများကို ငေးစူးစူးလေးကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်.....။

''ယင်းမာကကော''

''ယင်းမာလည်း သူငယ်ချင်းကောင်းပဲ။ စိတ်ဓါတ်ကောင်းတယ်၊ တော်တယ်၊ ထက်တော့ သိပ်မထက်ဘူး၊ အလုပ်လုပ်တာ သေသပ်တယ်၊ မဟုတ်မခံ၊ ဆတ်ဆတ်ထိမခံ၊ စွာတယ်၊ သံယောဇဉ်ကြီးတယ်၊ အနှံ့အတာခံတယ် ၊ အလုပ်တွေကို တတ်နိုင်သမျှ ကြိုးလုပ်သွားတတ်တယ်၊ မခိုဘူး၊ ခုတော့.....သူ့ရဲ့ ဆိတ်ဆိတ်ထိမခံစိတ်တွေကို ကိုဇော တော်တော်ပြင်ထားပါပြီ''

ခခက ပြုံးကာ ခေါင်းညိတ်၏။ ခခ ပုံစံက ယင်းမာကို သူ့ယောက်မအဖြစ် ရာနှုန်းပြည့်ပြင်ထားပြီးသား ဖြစ်နေပုံမျိုး.....

''နောက်ဆုံးတစ်ခု မေးဦးမယ်''

''မေးခွန်းတွေက မကုန်နိုင်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသက်မသာပုံစံလေးနှင့် နောက်တော့ ခခက ရယ်သည်။

''ဒါ ခဲနောက်ဆုံးပါ''

''ခခကိုကော ဘယ်လိုမြင်လဲ''

''အဲ.....''

ကျွန်တော် အရင်မေးခွန်းတွေ ဖြေစဉ်ကလောက် နှုတ်မသွက်နိုင်တော့.....။ သေချာစဉ်းစားရတော့မှာတော့ သေချာသည်။ မဖြေလို့ကလည်း မဖြစ်။ compulsory မေးခွန်းမျိုး ဖြစ်နေသည်။

''ခခက လှတယ်၊ ကိုယ်တတ်မြောက်ထားတဲ့ ပညာရပ်နဲ့ ကိုယ့်အလုပ်ကိုယ် ထူးချွန်အောင်မြင်အောင် လုပ်နိုင်တယ်၊ လူတွေကို နားလည်တယ်၊ လိုက်လျောညီထွေရှိတယ်၊ အနစ်နာခံတယ်၊ သံယောဇဉ်ကြီးတတ်တယ်၊ မိန်းမပီသတယ်''

''ဒါပဲလား''

''ကျန်ဦးမှာပါ၊ ကျွန်တော် မမြင်တတ်တာရှိမှာပေါ့''

ခခက အဓိပ္ပါယ်များစွာပါသော အပြုံးမျိုးကို ပြုံး၏။ ပြီး.....

''ကတိမတည်တာတော့ မဟုတ်ပါဘူး''

''ဘာကိုလဲ ခခရဲ့''

''နောက်တစ်ခု ထပ်မေးချင်လာလို့''

''ကိုယ်က နောက်တာပါ၊ မေးပါ''

''အမှန်အတိုင်း ဖြေရမှာနော်''

''ဖြေမှာပါ''

ခခက စက္ကန့်အနည်းငယ် တုံ့ဆိုင်းနေပြီးမှ မေးခွန်းကို စ၏။

''သသနဲ့ ခခတို့ ညီအစ်မမှာ ကွာခြားတာတွေ အများကြီးနော်''

''အင်းလေ.....ဆန့်ကျင်ဘက်လောက်ကို ကွာတာ''





''ဟုတ်ပြီ၊ အဲဒီနှစ်ယောက်မှာ ကိုပြည့် ဘယ်သူ့ရဲ့ attitude နဲ့ manner ကို ပိုသဘောကျလဲ''

မြတ်စွာသောဘုရားသခင်ငါးဆူ(မပွင့်သေးသော အရိမေတ္တေယျ အပါအဝင်)နှင့် ပစ္စေကဗုဒ္ဓာများ ကယ်တော်မူကြပါ.....ဟုသာ ကျွန်တော် အော်ဟစ်ပစ်လိုက်ချင်တော့သည်။ အတူတူပါပဲလို့ကလည်း အလွယ်တကူ ဖြစ်လို့မရ။ ဘယ်ဘက်မှလည်း ဆုံးချည်တစ်မျှင်စာ အစောင်းမခံနိုင်။ ခုမှ ပြဿနာက အကြီးအကျယ်တက်တော့သည်။ ရှင်းရမည်ဆိုလျှင်လည်း သဘောကျခြင်း၊ နှစ်သက်ခြင်း၊ ကြိုက်ခြင်း၊ ချစ်ခြင်း၊ မြတ်နိုးခြင်းတွေက စရှင်းရမည်။ ပြီးလျှင်.....လူ့သဘာဝ၊ စိတ်နေစိတ်ထား၊ ခံယူချက်၊ အပြုအမူတွေကို ရှင်းရမည်။ နောက်ဆုံးမှ ရွေးချယ်မှုက တစ်ခုတည်း ဖြစ်ရဦးမည်။ ကိုယ့်ကိုယ်ကို ဘာကောင်မှန်းပင် သိပ်မသိချင်သေးသော ကျွန်တော့်အတွက်ကတော့ ထိုမေးခွန်းသည် ခက်ခဲလှ၏။

''ဟင်.....ပြည့်စုံ၊ ဝီရိယကောင်းလှချည်လား''

အသံနှင့်အတူ ယင်းမာနှင့် ကိုဇ ဝင်လာသည်။ ဖြစ်နိုင်လို့ကတော့ ခုချိန်မှာ နှစ်ယောက်လုံးကို ပလ္လင်ပေါ်တင်ကာ ကိုးကွယ်ထားချင်မိသွားသည်။ ကယ်တင်ရှင်ကိုး.....။

''အေး.....ငါ နှင့်ကိုစောင့်နေတာ ဆာလှပြီ''

''အေး.....ငါလည်း ဆာပြီ၊ ကိုဇနဲ့ ခခလည်း တစ်ခါတည်းစား''

ယင်းမာက သူ့ဘာသာသူ စိတ်တိုင်းကျ စီစဉ်ပစ်လိုက်သည်။ ကိုဇကတော့ ဘာငြင်းမှာတုန်း.....။ ကျွန်တော်လည်း ငြင်းစရာအကြောင်း မရှိ။ ရှိနေတာက လိုချင်သောအဖြေ မရလိုက်သည့် ခခ.....။ ကျွန်တော့်ကို မျက်လုံးချင်း မဆုံ့ဆုံအောင် အတင်းလိုက်ဖမ်းကာ စကားတစ်ခွန်းကို တိုးတိုးဆို၏။

''ကြွေးဆပ်ဖို့ စဉ်းစားထားနော်''တဲ့.....။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြွေးကြေပါဦးမည်လား.....။

※ ※ ※



## အခန်း (၂)

နောက်ရက်တွေမှာ ကျွန်တော်ဘာသာ ကျွန်တော် ကြွေးဆပ်ရန် အချက်အလက်များ ရှာဖွေစုဆောင်းရင်း ယောက်ျားမပီသစွာ ကျွန်တော် ခခကို ရှောင်နေမိသည်။ ခခ ကျောင်းသို့ လိုက်လာနိုင်သောအချိန်များတွင် ကျွန်တော် ကျောင်းမသွား.....။ သီဟနှင့်သော်လည်းကောင်း၊ ယင်းမာနှင့် သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးပြကာ အတန်းချိန်လဲယူသည်။ သူတို့ကလည်း ဘာမှမသိတော့ ကူညီကြရှာပါသည်။ ကျွန်တော်ကို ကျွန်တော့်မိသားစုကိစ္စနှင့် အရမ်းဗျာများနေသည် ထင်သော ဆရာကြီးက ပင်လျှင် အတန်းယူပေးရမလားဟု ကမ်းလှမ်းလာသည်အထိ ကျွန်တော် ရှုပ်ပျက်လွန်းနေသည်။

တစ်ပတ်ခန့်ကြာတော့.....ယင်းမာက မေးလာသည်။

"ဟဲ့.....ခခတောင် နင့်ကို မေးနေတယ်"

"ဩော် အေး.....နင်ဘာပြောလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



''သူ့ family affair တစ်ခုနဲ့ သူ အလုပ်ရှုပ်နေတယ်လို့ ပြော လိုက်တယ်''

''ပြီးတာပဲ''

ကျွန်တော်က တမင်တကာကို ဘာမှမဖြစ်ဟန်ဖမ်းကာ ခပ်ပေါ့ ပေါ့ ဖြေပေးလိုက်၏။

''မပြီးဘူးဟ''

ကျွန်တော် မျက်လုံးပြူးကာ ထိတ်ခနဲ ဖြစ်သွားရသည်။

''ဘာမပြီးတာလဲ''

''နင် သူ့ကို ကြွေးဆပ်စရာရှိတယ်ဆို''

''ကြွေး.....ဪ ဟုတ်တယ်၊ မေ့နေလိုက်တာ ငါ သူ့ကို အကြွေးပေးရဦးမှာ''

''များလား''

''သိပ်မများပါဘူး၊ ငါးသောင်းတည်းပါ''

''ငါ စိုက်ထားပေးလိုက်ရမလား''

ယင်းမာက ထိုသို့သော သူငယ်ချင်းကောင်းလေး ဖြစ်သည်။

''မလုပ်ပါနဲ့ဟာ၊ ငါ့ဟာငါ ရှင်းပါ့မယ်၊ ယူတာက ငါလေ နင်က စိုက်ရှင်းထားတော့ ခခက ငါ့ကို ကျေနပ်ပါ့မလား''

''အေ.....ဒါလည်း ဟုတ်တာပဲ၊ ဒါဆိုလည်း နင်အားတာနဲ့ သွားပေးလိုက်ဦး၊ ဒါနဲ့.....''

''ဘာလဲ''

''နင့်အိမ်ဖုန်း ပျက်နေလား''

''အေး.....ဟုတ်တယ်''

တကယ်က ဖုန်းမပျက်ပါ။ ကျွန်တော် ဖြုတ်ထားခြင်းဖြစ်သည်။

''နင် မပြင်ဘူးလား''





''ပြင်ဖို့ပြောထားတာပဲ၊ မရသေးဘူး''

''အေး အေး.....ဒါဆို ငါပဲ နင်တို့မြို့နယ်ရုံးက အရာရှိကို လှမ်းအကြောင်းကြားပေးလိုက်မယ်''

ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားရသည်။ တကယ်မပျက်သောဖုန်းကို ပြင်စရာမှမလိုတာ.....။ အရေးထဲ ရွှေယင်းမာက ခုတလော အတော်လေးကို စိတ်ကောင်းဝင်နေသည်။ သူ့လောကကြီးက သာယာနေတာကိုး.....။

''ဒါနဲ့ ဝါ့ဖုန်းပျက်တာ နင်ဘယ်လိုသိလဲ၊ နင်ဆက်သေးလို့လား''

ကျွန်တော်တို့က ကျောင်းမှာတွေ့နေကျအပြင် လိုအပ်လျှင် ခုရက်ပိုင်းမှာ ကျွန်တော်က သူတို့ကို ဦးအောင်ဖုန်းဆက်ထားတတ်သည်လေ။

''မဟုတ်ဘူး၊ ခခ ဆက်တာ မရလို့တဲ့''

''ကြွေးကိစ္စပဲမဟုတ်လား''

''နင်ပျောက်နေလို့ ပူတာနေမှာပေါ့''

''မပျောက်ပါဘူး''

''ဘာလို့မပျောက်ရမှာလဲ၊ သူလာတိုင်း နင်က ကျောင်းမှာမှ မရှိတာ၊ ပြီးတော့ ဖုန်းဆက်လို့လည်းမရ၊ သူ့ဆိုင်လည်း နင်က မျက်စိ လည် လမ်းမှားပြီးတောင် ဝင်ဖော်မရတော့၊ သူစိတ်ပူမှာပေါ့''

မတတ်နိုင်ပါ။ ကိုယ်အတွက် ချောက်ကမ်းပါးဝက်ပါထဲတော့ မျက်စိလည်လမ်းမှားပြီး ဝင်သွားလို့ဖြစ်မှာမှ မဟုတ်တာ.....။

''အေးပါ၊ ငါ သွားလိုက်ပါဦးမယ်''

''ဒီညနေသွားပါလား''

''မသေချာဘူး၊ ဒါပေမဲ့ အတတ်နိုင်ဆုံး အမြန်သွားဆပ်မှာပါ''

ယင်းမာက ကျွန်တော့်ကို မျက်စောင်းထိုး၏။ ပြာကျလောက် သော မျက်စောင်းမျိုး.....။



www.burmeseclassic.com

www.burmeseclassic.com



''ပြည့်စုံ''

''ဘာလဲ''

''နင်က အိပ်ချင်ယောင်ဆောင်နေတာလား''

''ဘာလဲဟာ၊ ငါနိုးနေတာပဲ''

''ခုဟာက ငွေလေးငါးသောင်းလောက်နဲ့ ခခက နင့်ကို ပတ်ရှာမယ်လို့ နင် ထင်နေလို့လား''

''မထင်ပါဘူး''

'မထင်ရင် သူဘာလို့ နင့်ကိုရှာနေလဲ၊ နင်သိရမှာပေါ့၊ အိမ်မက်တွေ သိပ်မက်မနေနဲ့ ပြည့်စုံ၊ မိုးလင်းသွားရင် ဘာမှမကျန်ဘဲနေမယ်၊ ဟိုတလောက ငါမေးထားတဲ့အဖြေကော နင်စဉ်းစားပြီးပြီလား''

ကျွန်တော်စိတ်ညစ်သွားရသည်။

''ကျွတ်.....ကြွေးရှင်တွေကျနေတာပဲ''

''မဖြေချင်ရင်လည်း မဖြေပါနဲ့၊ ရပါတယ်၊ ငါက ကြွေးတောင်းသလို တောင်းမှာမဟုတ်ပါဘူး၊ အရေးကြီးတာက နင့်ကိုယ်နင် ရှာဖွေတွေ့ရှိသွားဖို့ပါ၊ တစ်ခုတော့ရှိတယ် သိလား''

''ဘာလဲ''

''နင်ပြောခဲ့ဖူးတာလေ၊ ခခနဲ့သသ မျက်ဝန်းတွေတူတယ်ဆိုတာ....''

ကျွန်တော် အားတက်သွားရသည်။

''နင် သတိထားမိပြီ မဟုတ်လား''

''အေး''

''ဘယ်လို သတိထားမိသွားတာလဲ''

'''သသ နှစ်.နှစ်ပြည့်တဲ့နေ့ကပဲလေ''

ကျွန်တော်ငိုင်သွားမိသည်။ ထိုနေ့က ယင်းမာက သသနှင့်ခခ





မျက်ဝန်းချင်းတူတာကို သတိထားမိရုံ.....။ ကျွန်တော်က ခခကို သသနှင့် စိတ်ကူးပင် ယှဉ်ခဲ့မိသေးသည်လေ.....။ မေးခွန်းတွေ ထွက်မလာချိန်အထိပေါ့.....။

ယင်းမာထွက်သွားတော့ ကျွန်တော်တစ်ယောက်တည်း ထိုင်စဉ်းစားနေမိသည်။ အကောင်းဆုံးအဖြေကို ရွေးချယ်နေမည့်အစား အမှန်ဆုံးအဖြေကို ရွေးချယ်လိုက်တာက ပိုကောင်းမည်ထင်ပါသည်။ တကယ်တော့ ကျွန်တော်လည်း ပုထုဇဉ်ယောကျ်ားသားပဲ.....။ ကိုယ့်ကို သံယောဇဉ်ရှိဟန်တွေပြနေသော၊ ဂရုတစိုက်ရှိသော မိန်းကလေး၏ အကြည့်နက်နက်များကို ရင်မခုန်ဟု ကျွန်တော် မငြင်းလိုပါ။ လျစ်လျူရှု မရတာကိုလည်း ဝန်ခံသည်။သို့သော် ကျွန်တော်ရင်ထဲမှာ ရုပ်ဆိုးဆိုး ခေါင်းမာမာ ထက်ထက်မြက်မြက်နှင့် ထင်ရာလုပ်တတ်သော ကောင်မလေးက နေရာယူထားဆဲ...။ တကယ်တော့ ဒီညီအစ်မနှစ်ယောက်ကို ကျွန်တော်ယှဉ်ထိုး မစဉ်းစားချင်ပါ။ မစဉ်းစားသင့်ပါ။ ခက်တာက ကျွန်တော့်ရင်ထဲက အရာတချို့ကို ခခကို ထုတ်ဖော်ပြဖို့ ကျွန်တော် ဝန်လေးနေမိသည်။ ဒါကလည်း ခခရင်ထဲမှာ ခံစားသွားရမှာစိုးသောကြောင့် ဖြစ်သည်။ ဘာကြောင့် ဒီလိုစိုးရိမ်ရတာလဲဟု မေးလာခဲ့လျှင်လည်း ကျွန်တော်မှာ ဖြေစရာအဖြေတစ်ခုသာရှိသည်။ ခခ၏သံယောဇဉ်ကို ကျွန်တော်သိသလို ကျွန်တော်ကလည်း သံယောဇဉ်ရှိနေမိပြီဖြစ်သောကြောင့် ဖြစ်သည်။ 'အချစ်'ဆိုတာက သံယောဇဉ်အပြင်းစားလား။ ဒါမှမဟုတ် သံယောဇဉ်ဆိုတာက အချစ်အပျော့စားလား။ ကဗျာတစ်ပုဒ်ထဲမှာတော့ ဖတ်ဖူးသည်။''Frindship is nothing but diluted love''တဲ့။ ဒါဆို ကျွန်တော် ခခအပေါ်ထားတာကရော ခင်မင်မှုသံယောဇဉ်လား.....။

တကယ်တော့ သာမာန်သူတစ်ယောက်သာဆိုလျှင် ဒီလောကမှာ မရှိတော့သော သသအတွက် ဒီလောက်ရာနှုန်းများများ ထည့်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာ မဟုတ်။ အနားမှာရှိနေသော ခခအတွက်သာ စဉ်းစားလိမ့်မည် ထင်သည်။ ကျွန်တော်ကကျတော့ သသကိုပိုခဲ့သောသံယောဇဉ်၏ အတိမ်အနက်ကို ခုမှ တိတိကျကျ သိလိုက်ရသူဖြစ်သဖြင့် အိမ်မက်မှ လန့်နိုးလာသူတစ်ယောက်လို ကြောင်အနေခဲ့ရသည်။ 'တွေဝေခြင်း'. 'မပြတ်သားခြင်း', 'ဒွိဟဖြစ်ခြင်း'. 'ဆုံးဖြတ်ချက်မခိုင်မာခြင်း'များသည် ကျွန်တော်နှင့် ပတ်သက်သော ဝေါဟာရများမဟုတ်ပါ။ ခုကျမှ ထိုဝေါဟာရများ ကျွန်တော့်အဘိဓါန်ထဲ လာရောက်နေရာယူနေတာ မဖြစ်သင့်သောကိစ္စဖြစ်သည်။

စားပွဲပေါ်မှ သူငယ်ချင်းသုံးယောက်ပုံထဲမှ သသသည် ကျွန်တော့်ကို တည်စူးစူးလေး ကြည့်နေသည်။ စိတ်ပဲထင်လို့လားမသိ။ သသအကြည့်များက ကျွန်တော့်ကို သရော်နေသလိုလို.....။

''မသရော်ပါနဲ့ သသရယ်၊ နင့်ညီမက လှတာသေချာပါတယ်၊ သံယောဇဉ်ရှိမိတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ထော်လော်ကန့်လန့် အချိုးမပြေစွာ နှစ်ပေါင်းများစွာ နေရာယူထားတဲ့ နင်နဲ့ ငါ ဘယ်လိုလဲပစ်လိုက်နိုင်မှာလဲ၊ နင်ပြောဖူးသလိုပါပဲ၊ အားနာတာ နေရာတိုင်း မကောင်းဘူးဆိုတာလေ.....၊ ဘဝရဲ့အခက်အခဲတွေနဲ့တွေ့တိုင်း နင့်စကားတွေကို အမှတ်ရနေမိတာတာ၊ ခုလည်း ဒီလိုပါပဲ.....၊ ခခကိုကျတော့ အားနာရုံသက်သက် မဟုတ်တော့ဘူး၊ သနားတဲ့စိတ်ကော၊ မသိစိတ်က တွယ်နေမိတဲ့ သံယောဇဉ်ကြိုးတွေကော ပါနေတယ် ၊ ငါ ဘာလုပ်ရမှာလဲ သူငယ်ချင်းလေးရယ်''

သသပုံကို ကျွန်တော်မေးကြည့်ရင် ရင်ထဲမှစကားလုံးတွေကို အသံတိတ်ရေရွတ်နေမိသည်။ သသ မကြားနိုင်၊ မသိနေသော်လည်း ကျွန်တော် ဝန်ခံချက်ပေးလိုက်သလိုမို့ ရင့်ထဲ အနည်းငယ်တော့ ပေါ့ပါးသွားသလို.....။ တစ်ကျောင်းလုံး အားချိန်မို့ သူနေရာနှင့်သူ ရှိနေကြပြီး





ရုံးခန်းထဲမှာလည်း ကျွန်တော်ကလွဲလျှင် ဘယ်သူမှမရှိတော့။ ကျွန်တော် သသခုံမှာ ဝင်ထိုင်ကာ သူမ၏ကွန်ပျူတာကို ဖွင့်လိုက်သည်။ သူမထားခဲ့သော file များက ဒီအတိုင်းရှိဆဲ.....။ ထူးထူးခြားခြား file name တစ်ခုက 'HEART' တဲ့။ ကျွန်တော် ဖွင့်ကြည့်လိုက်သည်။ မရ။ passward တောင်းနေသည်။ passwardက ဘာဖြစ်နိုင်မည်လဲ။ ကျွန်တော်သိသမျှ Vocabularies များ အကုန်နီးပါး ထည့်ကြည့်သည်။ တစ်ခုမှမမှန်။ ထို့ကြောင့် ကျွန်တော်လက်လျှော့ကာ ကွန်ပျူတာကို ပိတ်ပစ်လိုက်သည်။

စားပွဲပေါ်မှ မှန်အောက်တွင်ထည့်သွင်းထားသော ကတ်စုံ၊ ဓါတ်ပုံများကို ကျွန်တော် လိုက်ကြည့်နေမိပြန်သည်။ အမှန်က ကျွန်တော် စပ်စပ်စုစုနိုင်ကာ မိန်းမလိုမိန်းမရဆန်နေခြင်း ဖြစ်သည်။ သို့သော် ဘာမှမတတ်နိုင်ပါ။ ကျွန်တော် သသကို သတိရနေသည်လေ.....။ ကျွန်တော်တို့ သုံးယောက်တွဲရိုက်ထားသောပုံလည်း မှန်အောက်မှာ ရှိနေသည်။ သသက ကျွန်တော်တို့လို ဘောင်မသွင်းထား။ ထို့ကြောင့် ဘောင်သွင်းပေးရန်အတွက် ကျွန်တော် မှန်ကိုအသာမကာ ထုတ်ယူလိုက်သည်။ မြတ်စွာဘုရား.....။ ဓါတ်ပုံနောက်မှ စာသားက ကျွန်တော့်ကို အိုးထိန်းစက်ပမာ ခြာခြာလည်ကာ ဂျမ်းပြန်သွားစေခဲ့လေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

နံနက်ခင်း၏နှင်းငွေ့တွေက ကသီကရီ ကျဆင်းနေဆဲ.....။ ပိုးတဝါး နှင်းငွေ့များကြားတွင် လမ်းလျှောက်ရတာ ပျော်တတ်သော မိန်းကလေးတစ်ယောက် တစ်ချိန်က ဒီကမ္ဘာမှာ ရှင်သန်နေထိုင်ခဲ့ဖူးသည်။ ဘာမဆို လက်တွေ့ကျတတ်သော ထိုမိန်းကလေးအတွက် ထိုအချက်လေး တစ်ချက်ပင် စိတ်ကူးယဉ်ဆန်တာ တွေ့ခဲ့ဖူးသည်။ ခုတော့ သူမချစ်သော နှင်းငွေ့တွေကြားမှာ ကျွန်တော်တစ်ယောက်တည်း.....။ ခခ၏ဆိုင်ကလေး ကို လှမ်းကြည့်လိုက်သောအခါ မီးအလင်းရောင် အနည်းငယ်ဖြာကျနေတာ ကို တွေ့ရ၏။ သူမကိုပို့ပြီး ပြန်လာဟန်တူသော ကားဒရိုင်ဘာက အေးအေးဆေးဆေးလမ်းလျှောက်လာသော ကျွန်တော်ကို ဝမ်းသာအားရ နှုတ်ဆက်၏။ ကျွန်တော် ပြန်နှုတ်ဆက်မိသလား၊ မဆက်မိသလားပင် မသိ။ ပန်းရင့်သွေးရောင် ခန်းဆီးစထူထူလေးကို ဆွဲမ, ဝင်လိုက်သောအခါ အခန်းထဲတွင် Carperters၏ Only yesterday သီချင်းဖွင့်ထားတာကို





ကြားလိုက်ရသည်။ ဒါဟာ တိုက်ဆိုင်မှုလား.....။

ခခကိုတော့ မတွေ့ရ။ ထို့ကြောင့် ကျွန်တော် ခခကို အသံပြု လိုက်သည်။

"ခခ"

ကျွန်တော်ခေါ်သံကြောင့် တစ်ဘက်မှန်ခန်းထဲတွင် အဝတ် အထည်များကို စိစစ်ချိတ်ဆွဲနေဟန်ရှိသော ခခ ညှော်ခန်းဘက် ကူးလာ သည်။

"ကိုပြည့် အစောကြီးပါလား"

"အင်း.....တမင် နှင်းတွေကြားထဲ လမ်းလျှောက်ချင်လို့"

ခခမျက်နှာလေး တစ်မျိုးဖြစ်သွားသည်။ အဓိပ္ပါယ်တော့ ကျွန်တော် မသိ.....။

"ကိုပြည့်က အဲလိုနှင်းတွေကြားမှာ လမ်းလျှောက်ရတာ ပျော်လို့ လား"

"မသိဘူး ခခ၊ သသကတော့ အဲလိုလျှောက်ရတာ ပျော်တယ်"

"ဪ"

ခခ၏ သံရှည်ဆွဲ ိုက်သော 'ဪ'သည် အမျိုးအမည်ခွဲမရ သော အဓိပ္ပါယ်များစွာ ပျော်ဝင်နေတာကို ကျွန်တော် သိလိုက်သည်။ သို့သော် ခခက ချက်ချင်း အမူအယာကို ပြောင်းပစ်လိုက်သည်။

"ကိုပြည့်ကို ကော်ဖီတိုက်ရဦးမယ်၊ red cup ရှိသေးတယ်"

"အတော်ပဲ၊ ကိုယ် ဘာမှမသောက်ရသေးဘူး"

"ဘာစားဦးမလဲ"

"ဘာရှိလဲ"

"ပေါင်မုန့်နဲ့ထောပတ်"

"ကောင်းသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမုန့်မျိုးဆို သသက မကြိုက်ဘူးသိလား"

ဒီတစ်ခါ ခခက ဦးအောင်ပြောသည်။ သူမပြောတာလည်း မမှား။ ခခကပြောပြီးတာနှင့် အနောက်ဘက်ဝင်သွားသဖြင့် ကျွန်တော် တစ်ယောက်တည်း အရှေ့မှာကျန်ခဲ့ရသည်။ ညှော့ခန်း ဒါမှမဟုတ် အလုပ်ခန်းလှလှလေးကိုကြည့်ကာ ကျွန်တော် သဘောကျနေမိ၏။ ညှော့ခန်းတစ်ခုလုံး ပန်းနုရောင်ဖျော့ဖျော့လေးသုတ်ထားပြီး ပန်းသွေးရောင် လိုက်ကာ ထူထူများ တပ်ထားသည်။ ဆက်တီ ပန်းရင့်သွေးရောင်ပေါ်မှ ခေါင်းအုံး သေးသေးလေးတွေကလည်း ပန်းနုရောင်.....။ သသသာဆို ဒီလောက် စိတ်ရှည်မှာမဟုတ်။ စားပွဲခင်းပင်လဲရမှာ ပျင်းသူလေးလေ.....။ ကျွန်တော် အသာပြုံးမိ၏။

"ဘာပြုံးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ စောစောစီးစီး ကော်ဖီလာသောက်တာနဲ့ တူနေလို့"

"ကိစ္စမရှိပါဘူး အကြွေးရေးမှာပဲ"

"ပေးမှာပါဗျာ"

ပြီး.....နှစ်ယောက်သား အမိပွါယ်မဲ့ ရယ်မောမိကြသည်။ ခဏနေ ကျတော့ ခခက repeatedlyဖွင့်ထားသောOnly yesterday ကို လှမ်းပိတ် လိုက်၏။

"ကဲ.....ကော်ဖီသောက်"

"ပြီးရင် ကြွေးပေးရမယ်ပေါ့"

"ဒါပေါ့"

"မသောက်ခင်ပေးလည်း ရပါတယ်"

"အလကားပြောတာပါ ကိုပြည့်ရယ်၊ အရင်သောက်ပါ။ ခခလည်း ဒီနေ့စောရောက်နေတာ ညက အထည်တချို့ ဆိုင်ထဲမဖြည့်ရသေးလို့လေ"





ပြောပြောဆိုဆို ခခက ကော်ဖီခွက်လှမ်းပေး၏။ ပြီး ပေါင်မုန့်ကို ယူပေးကာ.....

"သကြားထည့်မထားဘူး၊ ကိုပြည့်က သကြားနဲ့ မကြိုက်ဘူး မဟုတ်လား"

မြတ်စွာဘုရား.....။ သူမက ဘယ်လို သိရပြန်တာတုန်း.....။ ကျွန်တော် သူမနှင့် တစ်ခါမှ ပေါင်မုန့်ထောပတ်သုတ် မစားဖူးသလို တစ်ခါမှလည်း စကားမစပ်ဖြစ်.....။ ကျွန်တော် အံ့သြမှုကို ခခ ရိပ်မိသွား ဟန်ရှိသော်လည်း မသိကျိုးကျွံပြုကာ စကားကိုဆက်ပြောနေ၏။ တစ်ခုခု တော့ မှားနေသလိုပင်.....။ စားလိုက်ရသော မုန့်နှင့်ကော်ဖီပင် ဘယ်လို အရသာရှိမှန်း မသိလိုက်။ ကျွန်တော့်အတွေးတွေ ရှုပ်ရှက်ခတ်နေခဲ့သည်။ ခခကတော့ ဘာမှမဖြစ်သလို ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရင်း အနောက်ထဲပြန်ဝင်သွား၏။ ထိုစဉ် ခခ၏ အလုပ်သမားလေးတစ်ယောက် ရောက်လာသည်။ ခခက သူမလေးကို တစ်ဖက်ဆိုင်ခန်းဘက်လွှတ်ကာ စီစဉ်စရာများကို ဆက်စီစဉ်နိုင်းပြီးမှ ကျွန်တော့်ရှေ့ပြန်ထိုင်သည်။

"ကဲ.....ပြောလို့ရပြီ ကိုပြည့်"

"မေးခွန်းကို အတိအကျမေးပါဦး"

"ခခနဲ့ သသမှာ ဘယ်သူ့ရဲ့ attitudeနဲ့ mannerကို ပိုသဘော ကျလဲဆိုတာလေ"

"ဒီနေရာမှာ နှစ်ခုခွဲဖြေမယ်"

"ဖြေပါ၊ ရပါတယ်"

"ကျွန်တော်က သသရဲ့ attitudes တွေကို ပိုသဘောကျတယ်.... တော်ရုံလူနဲ့ မတူဘူးလေ၊ ဒါပေမဲ့ သူ့ attitudes တွေက လူအတွေထဲ မဝင်ဆန့်ဘူး။ ခခကျတော့ attitudeက flexibleဖြစ်လွန်းတော့ လူတွေနဲ့ ဝင်ဆန့်လွန်းတယ်၊ ကျွန်တော်က ဒါကို သိပ်သဘောမတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ ကျွန်တော် ခခမျက်နှာကို ခိုးကြည့်လိုက်မိသည်။ ထူးခြားမှု တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား.....။ သို့သော် ပကတိဘာကိုမှ မတွေ့ရတာလား.....။ ကျွန်တော်ကညံ့၍ ဘာကိုမှ မမြင်လိုက်တာလားပင် မခွဲခြားတတ်တော့.....။

ထို့ကြောင့် ကိုယ့်စကားကိုပဲ ကိုယ်ဆက်ရန် ကြိုးစားလိုက်ရသည်။

''mannerအနေနဲ့ ပြောမယ်ဆိုရင်တော့.....''

ကျွန်တော် စကားစကို ခဏရပ်ကာ ခခကို ကြည့်မိပြန်သည်။ ခခက ခပ်ရူးရူးလေးပြန်ကြည့်နေသဖြင့် ကျွန်တော် မနေတတ် မထိုင်တတ်ဖြစ်ချင်သလို ဖြစ်သွားပြီးမှ ပြန်ထိန်းလိုက်ရ၏။

''သသရဲ့အပြုအမူတွေက အရိုင်းဆန်တယ်၊ မသိမ်မွေ့ဘူး၊ လူတွေကို မဆက်ဆံတတ်ဘူး၊ မိန်းကလေးမပီသဘူး၊ ခခကကျတော့ ယဉ်ကျေးသိမ်မွေ့တယ်၊ လှတယ်၊ သိမ်မွေ့နူးညံ့တယ်၊ လူတွေနဲ့ ကောင်းကောင်းဆက်ဆံတတ်တယ်၊ မိန်းကလေးပီသတယ်၊ တစ်ဖက်သားကို ဂရုစိုက်တတ်တယ်၊ ကျွန်တော်က ဒီနေရာမှာ ခခကို သဘောကျတယ်''

ကျွန်တော့်စကားက ဆုံးနေပြီ။ သို့သော် ခခက ကျန်နေသေးသလို ကျွန်တော့်ကို ကြည့်နေဆဲ.....။ ကျွန်တော့်ထံမှ ဘာသံမှထွက်မလာသောအခါ ခခက မေးခွန်းထပ်မေး၏။

''ဒါပဲလား''

''ဒါပဲပေါ့''

''အားလုံးခြုံကြည့်လိုက်ရင်...''

အာလုံးခြုံကြည့်လိုက်ရင် တကယ်တော့ လုံသွားရုံပဲရှိမည်ဟု ဖြေလိုက်ချင်သည်။ သို့သော် ဒီအချိန်က စကားအများမခံသလို နောက်လို့လည်း ရမည်မဟုတ်တာကို ကျွန်တော်သိနေသည်။ တကယ်တမ်း နှစ်ခု





လုံး ခြုံငုံအဖြေပေးရအောင်လည်း ကျွန်တော်က ကြိုတင်ပြင်ဆင်စဉ်းစားမလာသဖြင့် အကြပ်ရိုက်သွားရ၏။ ထို့ကြောင့် သူမစကားကို သံယောင်လိုက်မိ၏။

''အားလုံးခြုံကြည့်လိုက်ရင် ဘာဖြစ်လဲ''

''ခခနဲ့ သသ ဘာကွာလဲ''

'ဘာကွာလဲ'ဆိုတာက မိန်းကလေးမို့ ရွေးချယ်လိုက်သော စကားဖြစ်သည်ကို ကျွန်တော် နားလည်သည်။ သူမ၏မျက်ဝန်းများက သူမဆိုလိုချင်သော အဓိပ္ပါယ်ကိုဖော်ညွှန်းနေ၏။ ကျွန်တော် ဘာလုပ်ရမလဲ။

''ကွာတာကို ပြောပြပြီးပြီလေ''

''လုံလောက်ပြီလား''

ခခ၏အကြည့်နှင့် အမေးက အဓိပ္ပါယ်နက်လှ၏။

ကျွန်တော် သက်ပြင်းလေးလေးတစ်ချက်ကို ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ ချလိုက်မိသည်။ အရာအားလုံးကို ပြတ်သားတတ်သော သသအတွက် ကျွန်တော် ပြတ်သားရမည်လေ.....။

''မလုံလောက်သေးပါဘူး''

ကျွန်တော့်အဖြေကြောင့် ခခက မျက်ခုံးကိုပင့်ကြည့်၏။

''မလုံလောက်သေးရင် ဆက်ပြောလေ''

''ပြောမှာပါ၊ ကျွန်တော့်မှာလည်း ပြောစရာလူမရှိတာနဲ့ အတော်ပဲ''

ခခက နားမလည်သလို မျက်မှောင်ကို ယောင်ယောင်လေးကြုတ်ကာ ကြည့်၏။ ပြီးမှ.....

''ပြောလေ ကိုပြည့်''

''သသရဲ့ attitudeတွေကို ကျွန်တော် သဘောကျတယ်၊ mannerတွေကို မကြိုက်ဘူး၊ ဒါပေမဲ့ အားလုံးကို ကျော်ဖြတ်သွားနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတယ်''

ခခက မျက်လုံးလေးဝိုင်းကာ တအံ့တသြမေး၏။

''အဲဒါ ဘာလဲ''

''အချစ်လေ''

''အချစ်''

ခခ သံယောင်လိုက်သည့်အသံက တုန်ခါနေသယောင်.....။

''ဟုတ်တယ် အချစ်ပဲ၊ ကျွန်တော် သသကို ချစ်တယ်၊ ချစ်ခဲ့တယ်၊ ချစ်တုန်းပဲ၊ ဒီလို ခိုင်ခိုင်မာမာပြောနိုင်ဖို့ ကိုယ့်ကိုယ်ကို မနည်းမေးခွန်းတွေ ထုတ်ခဲ့ရတယ်၊ နောက်ဆုံးကျတော့ အမှန်တရားဟာ ကျွန်တော့်နှလုံးသားထဲမှာပဲ ရှိနေတာပါပဲ၊ ကျွန်တော် သသ ဘာဖြစ်နေနေ ချစ်တယ်၊ သူမရှိတော့ပေမဲ့ ရှိနေသယောင် ကျွန်တော် ခံစားချစ်တယ်၊ ဒါဆို လုံလောက်မှာပါ''

ကျွန်တော်က စကားမာရသွန်ကြောင့် မောဟိုက်နွမ်းလျကျန်ခဲ့သည်။ ခခကတော့ အမျိုးအမည် မဖော်ပြတတ်သော အကြည့်များနှင့် မင်သက်လျက်.....။ မျက်ဝန်းတွင်တော့ မျက်ရည်စအချို့တွဲခိုနေသလို.....။

❋ ❋ ❋





## အခန်း (၅)

တိတ်ဆိတ်ခြင်းသည် ကျွန်တော့်၏ ပင်ကိုယ်စရိုက် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော် တိတ်ဆိတ်နေသောအခါ အားလုံးက ကျွန်တော့်ကို စိုးရိမ်သလို၊ မသင်္ကာသလို ကြည့်သည်။ လစစ်စာမေးပွဲငယ်များအတွက် လုံးပမ်းပေးနေချိန်မို့ မည်သူမှ မအားကြ။ တစ်ယောက်နှင့်တစ်ယောက် အပိုစကားပင်မပြောဖြစ်ဟု ထင်သည်။ ယင်းမာဆို ပိုဆိုးသေး.....။ အလုပ်ပြီးတာနှင့် ကိုဇနှင့်ပါသွားပြီ၊ ဒီနွေမှာ သူတို့က လက်ထပ်ကြတော့မည်လေ.....။ ပြင်ရ၊ ဆင်ရ၊ စီစဉ်ရနှင့် အလုပ်တွေကို ရှုပ်နေတော့၏။ နည်းနည်းလေးအချိန်ရတာနှင့် သီဟက အနားရောက်လာသည်။

''ကိုပြည့်စုံ နေကောင်းရဲ့လား''

''ကောင်းပါတယ်ကွ၊ ဘာဖြစ်လို့လဲ''

''ဒါဆို ဘာမှားနေလဲ''

''ဟင်...ဘာမှမမှားပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှ မမှားဘူးသာပြောတယ်၊ တစ်ခုမှလည်း မှန်ပုံမပေါ်ဘူး''

သီဟက ရယ်ဟဟနှင့်ဆိုသဖြင့် ကျွန်တော်ပါ ရောရယ်လိုက်ရသည်။

''ငါက ဘာဖြစ်နေလို့လဲ''

''အာ.....ဒါက ကိုပြည့်စုံ ကိုယ့်ဘာသာကိုယ် မှန်ကြည့်မေးရမယ့် ကိစ္စလေ''

''ကျွတ် ဒုက္ခပါပဲ''

''ဒုက္ခက ကျွန်တော်တို့ မရောက်ဘူး၊ ကိုပြည့်စုံရောက်မှာစိုးတာပါ''

မိကျောင်းသားက ခုမှ အတော်လေး ရှည်ရှည်ဝေးဝေး လာဂရုစိုက်ပြနေသည်။ ကျွန်တော်က ဘာမှရှင်းမပြချင်သေး။ ကျွန်တော်တိတ်နေတော့ သီဟက ဆက်မေး၏။

''ခခလည်း မလာတာကြာပြီနော်''

''မအားလို့နေမှာပေါ့''

''အင်း.....မအားတာလား၊ နေမကောင်းတာလား မသိဘူး၊ မနေ့က ကျွန်တော့်ညီကို သူတို့ဆိုင်လိုက်ပို့တော့ ခခကို မတွေ့ခဲ့ရဘူး၊ ဆိုင်မလာတာ လေး‌ငါးရက်ရှိပြီတဲ့''

ကျွန်တော် ခုမှ မိုးကြိုးပစ်ခံလိုက်ရသလို တုန်လှုပ်သွားရသည်။ သီဟကိုလည်း ကပျာကယာ ပြန်မေးရ၏။

''မင်းဟာက သေချာလို့လား''

''သေချာပါတယ်၊ သူ့လက်ထောက်ကောင်မလေး ပြောတာပဲ၊ ကျွန်တော်ကတောင်တွေးနေတာ ခခ နေမကောင်းလို့ ကိုပြည့်စုံ ငြိမ်နေတာလားလို့''

''အာ.....မဆိုင်တာ ငါ သိတောင်မသိဘူး''





''သိရင်သွားကြည့်လိုက်ဦးလေ''

မိကျောင်းသားလေး တစ်ဖက်ခန်းမှဆရာမကြီး လှမ်းခေါ်သဖြင့် ထ‌ထွက်သွားသည်။ သဏ်ပြင်းကို'ဟူး'ခနဲနေအောင် မှုတ်ထုတ်မည့် ကြံ့ကာရှိသေးသည်၊ ဒေါ်ယင်းမာက ကျော့ကျော့မော့မော့လေး ဝင်လာ၏။ ကိုဇလည်း မပါ။

''ကိုဇရော''

''ဒီနေ့ မလာဘူး၊ ခခ နေမကောင်းလို့ ဆေးခန်းပို့ရမယ်ပြောတယ်''

''ဘာ.....တကယ်လား''

ကျွန်တော် စိတ်ညစ်သွားရသည်၊ စောစောက သီဟပြောတုန်းက သိပ်မသေချာ.....။ တစ်ဆင့်စကားဖြစ်သဖြင့် ခပ်ပေါ့ပေါ့ပင် ထားခဲ့သည်။ ခုဟာက ယင်းမာကိုယ်တိုင်ပြောခြင်းဖြစ်ပြီး ယင်းမာသည် ခခ၏ ယောက်မလောင်းလည်း ဖြစ်သည်လေ.....။ ကိုဇကိုယ်တိုင်ပင် ဆေးခန်းပို့ရမည့် အခြေအနေသည်။ ကျွန်တော် ဆက်မတွေးရဲပါ။

''ဘာ.....တကယ်လားလဲ၊ ဒါ နောက်စရာမှမဟုတ်တာ''

''ဘာဖြစ်တာလဲ၊ ခု ဘယ်မှာလဲ''

''ဘာဖြစ်တာလဲကတော့ သေချာသိအောင် checkup လုပ်တုန်းပဲ၊ ဖြစ်နိုင်တာက နှလုံးအားနည်းတာရယ်၊ အစာမဝင်တာရယ်၊ လောလောဆယ်တော့ အိမ်မှာပဲ ခခက ဆေးရုံမသွားချင်ဘူးလေ''

ကျွန်တော် ရိုးသားစွာဝန်ခံရလျှင် တကယ်ကို စိတ်ပူသွားတာ အမှန်ပင်.....။ ခုတင် ထပြေးကြည့်ချင်သွားရသလို 'ကျွန်တော့်ပရောဂကြောင့်များ ကင်းရဲ့လား'ဟု တွေးနေမိသေးသည်။

''ငါတို့သွားကြည့်ရအောင်''

''ညကျ သွားကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာက အေးအေးသက်သာ ဖြေ၏။

''ညကျမှလား''

ကျွန်တော်က ဆန္ဒစောစွာမေးတော့ ယင်းမာက မျက်စောင်းထိုး၏။

''ဆေးခန်းက ညနေပြမှာ၊ သူတို့ပြန်လာချိန် မှန်းပြီးသွားရမှာဆိုတော့ ညက အကောင်းဆုံးပေါ့ ပြည့်စုံရယ်''

''အေးပါ၊ ငါက စိတ်ပူလို့ပါ''

''နင်က စိတ်ပူလို့ဟုတ်လား''

ယင်းမာက ရင်ဘတ်လေးဖိ၊ မျက်လုံးလေး တမင်ပြူးပြကာ တအံ့တသြဟန်နှင့် ပြော၏။

''နင် ငါ့ကိုမရိပါနဲ့''

''မရိပါဘူး ပြည့်စုံ၊ ငါ့မှာ မေးစရာရှိပါတယ်''

ကျွန်တော်သည် ကိုယ့်ကိုယ်ကို အကင်းပါးသူဟု ခံယူထားသူဖြစ်သည်။ ခုလည်း ယင်းမာ၏အမူအယာကို ကြည့်ကာ ဘာမေးမည်ဆိုတာ ကြိုသိနေသလို ခံစားရ၏။ မဖြေလို့ရမှာလည်း မဟုတ်။

''အဲ့ရေးထဲ နင်က ဘာမေးဦးမှာလဲ''

''နင်နဲ့ ခခ ဘာဖြစ်ထားလဲ''

''ဘာမှမဖြစ်ပါဘူး''

''ဘယ်တုန်းက နောက်ဆုံးတွေ့လဲ''

''အဲ့ကြွေးသွားပေးတဲ့နေ့က.....''

''ဘယ်နေ့က သွားပေးတာလဲ''

''ပြီးခဲ့တဲ့ စနေ''

ယင်းမာ မျက်မှောင်ကြုတ်ကာ စဉ်းစား၏။

''ဒီနေ့ ကြာသာပတေး၊ ခခ နေမကောင်းတာကလည်း (၅)ရက်





လောက်ရှိပြီတဲ့၊ စဉ်းစားစရာပဲ''

''အာ.....ကျွတ် ဘာဆိုင်လို့လဲ ယင်းမာရာ''

ကျွန်တော် ငြင်းသာငြင်းရသည်။ ကိုယ့်ဇာတ်ကိုယ် သိထားသူဆိုတော့ ငြင်းရတာ သိပ်အားမပါ.....။

ယင်းမာက မထိတရိပြုံးကာ.....

''ဒါတော့ ဘယ်သိမလဲ၊ နေပါဦး''

''ဘာလဲ''

''နင်တို့အကြွေးက ငါးသောင်းကော ဟုတ်ရဲ့လား''

''ဟုတ်ပါတယ်''

''သေချာလား၊ ငါးသောင်းကို တစ်ထောင်နဲ့စားပြီး သုံးနဲ့မြှောက်ထားတာများလားလို့.....''

ယင်းမာပင် ကျွန်တော် လက်မြှောက်ချင်လောက်အောင် မြင့်နေပြီ၊ သို့တည်းမဟုတ် ကျွန်တော်ပင် ယင်းမာက လက်မြှောက်ချင်လောက်အောင် နိမ့်နေပြီလား.....။ ကျွန်တော် နှုတ်ဆိတ်နေတော့ ယင်းမာက တောက်ပစွာပြုံး၏။

''နင် ငါမေးတဲ့အဖြေကို ရသွားပြီ မဟုတ်လား''

ကျွန်တော် အိပ်ချင်ယောင်ဆောင်ရန် ကြိုးစားကြည့်သည်။ မရ။

''ဘာအဖြေလဲ''

''ရူးချင်ယောင် ဆောင်မနေနဲ့ ပြည့်စုံ၊ ခခ အပေါ်ထားတဲ့ သဘောထားနဲ့၊ သသအပေါ်ထားတဲ့ သဘောထား''

ကျွန်တော် ငြိမ်သက်သွားမိသည်။ တခါ.....။ ဖြေစရာအဖြေရှိလျက်က ပါးစပ်က ပြောမထွက်ချင်ပြန်.....။

''ငါ ပြောခဲ့ပြီးပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သူ့ကိုလဲ''

''ခခကို.....''

''ဘာပြောခဲ့တာလဲ၊ ပြောစမ်း မြန်မြန်''

ယင်းမာက ကျွန်တော့်လက်ကို ကိုင်လှုပ်ကာ မနားတမ်းမေး၏။

''ငါ သသကို ချစ်တယ်၊ ချစ်ခဲ့မိတယ်၊ ခုထိလည်း ချစ်နေတုန်းပဲလို့''

ယင်းမာ သက်ပြင်းမွှမွှကို ချ၏။ '‥ကိုရော.....'ဟူသော မေးခွန်းကို အထူးတလည် မေးနေစရာမလိုတော့ပါ။ အဖြေက အထင်အရှားဖြစ်နေခဲ့ပြီ။ ဒါကြောင့်လည်း ခခ အိပ်ရာထဲလဲတာ ဖြစ်နိုင်သည်။

''ပြည့်စုံ''

''ဘာလဲ ယင်းမာ''

''ဒါတွေကို သသ သိမသွားခဲ့ရှာဘူး''

''ဒါ ငါ့ညံ့ဖျင်းမှုတွေပါ''

ကျွန်တော်တို့ သက်ပြင်းကို ပြိုင်တူချမိကြသလားပင် မဆိုနိုင်။ လေအေးစက်ပါးပါးလေး ဖွင့်ထားသော ကျွန်တော်တို့၏ ရုံးခန်းလေးသည် ကျွန်တော်တို့၏ သက်ပြင်းပူပူများနှင့် ဆူဝေနေပေလိမ့်မည်။

''ခခ သနားပါတယ်''

''ငါလည်း သနားတာပဲ၊ ဒါပေမဲ့ သနားတာဟာ အချစ်မဟုတ်ဘူး''

ယင်းမာက ပြုံး၏။

''နင် တော်တော်သိနေပြီလား''

''ဆိုပါတော့.....''

ယင်းမာ ငြိမ်သက်ကာ တစ်စုံတစ်ခုကို စဉ်းစားနေ၏။ အတန်ကြာမှ စကားကို စ၏။





''ပြည့်စုံ''

''ဟင်''

''ဒီည နင် မလိုက်ခဲ့နဲ့တော့''

''ဟာ.....ဘာဖြစ်လို့လဲ''

''ခုဆို ခခဖြစ်တာ နင်နဲ့ဆက်စပ်နေတယ်''

''အဲဒါဘာဖြစ်လဲ''

''နင့်မြင်ရင် သူ တစ်ခုခုထပ်ဖြစ်မှာ စိုးရတယ်''

ယင်းမာပြောတာ ပုန်နေသဖြင့် ကျွန်တော် ဘာစောဒကမှ မတက်နိုင်။ ယင်းမာကို အကျိုးအကြောင်းဖုန်းဆက်ရန် အထပ်ထပ်အခါခါ မှာခြင်းသာလျှင် ကျွန်တော်တတ်နိုင်သော တစ်ခုတည်းသောအရာ ဖြစ်သည်။ ချစ်သော 'သသ'ကဲ့သို့ သံယောဇဉ်ရှိခဲ့မိသော ခခကိုလည်း ကျွန်တော် မဆုံးရှုံးချင်တာ သေချာပါသည်။ ထိုညက ယင်းမာထံမှ ဖုန်းကိုစောင့်ရသောအချိန်သည် ဘဝတွင် ရင်အမောဆုံးအချိန် ဖြစ်လိမ့်မည် ထင်သည်။ သသ၏ စားပွဲမှန်အောက်မှ ဖြုတ်ယူလာသော ဓါတ်ပုံလေးကလည်း ကျွန်တော့်စားပွဲပေါ်မှာ.....။ နောက်ကျောမှာ သသ၏ ယောက်ျားဆန်သော လက်ရေးများနှင့် ရေးထားသောစာကြောင်းများ.....။

တစ်သက်လုံး ထိုင်ကြည့်ရမယ့်သူက လှဖို့တော့ လိုတာပေါ့ကွဲ့ လား ပြည့်စုံ.....။ ငါ မလှပေမဲ့ ငါ့နှလုံးသားက နင့်အတွက် လှပပါတယ်.....။ ကံကြမ္မာကိုပြင်ခွင့်ရခဲ့ရင် ငါတို့ ဘာတွေဆက်ဖြစ်ကြမယ် ထင်လဲ.....။

ထိုစာကြောင်းများက ကျွန်တော့်ကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေခဲ့တာ ကြာပြီ။ ထိုစာသားများကိုတွေ့မှ ကျွန်တော့်ဘုံးဖြတ်ချက်မှား နိုင်မှာသွားရသည်ဆိုလျှင် ကျွန်တော်လောက် ညံ့ဖျင်းသိမ်ယုတ်သည့်သူ လောကတွင် ရှိတော့မည်မဟုတ်။ အားလုံးကို တွက်စစ်ကြည့်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိုဇ သံသယဝင်ခဲ့သလို သသ သေဆုံးရခြင်း၏တရားခံသည် ကျွန်တော်သာဖြစ်သည်။ ရင်ထဲကပါ၍မဟုတ်ပဲ ပါးစပ်ဖျားကလေးနှင့် အနိုင်ရလျှင်ပြီးရော စကားစစ်ထိုးတတ်သော ကျွန်တော်၏ကျဆုံးမှုက ပက်ပက်စက်စက် ခမ်းနားလွန်းလှသည်။ ထိုဓါတ်ပုံလေးကို ဘယ်သူမှမမြင်အောင် သိမ်းထားလိုက်တာကိုက ကျွန်တော် သတ္တိမရှိရာ ကျပါသည်။ တကယ်လည်း ကျွန်တော့်တွင် ရင်ဆိုင်ရန် အားမရှိပါ။ အားကောင်းကာ သိမ်မွေ့သော ချစ်ခြင်းမေတ္တာတစ်ခုကို ကျွန်တော်က ဘာမှမသိသလို လစ်လျူရှုကာ မသိကျိုးကျွံပြုခဲ့မိသော ရလဒ်တစ်ခုသည် ပြင်းထန်လွန်းလှသည်။

''တူ.....တူ.....တူ.....''

ကျွန်တော် ကပျာကယာ ကောက်ကိုင်လိုက်သည်။ နာရီကြည့်လိုက်တော့ ညကိုးနာရီခွဲ.....။ ဒါတိုင်းဆိုရင် ဒါ မိန်းကလေး အိမ်ပြန်ချိန်လားဟု ယင်းမာကို နောက်မိဦးမည်။ ခုတော့ ဒါထက်အရေးကြီးတာက ရှိနေ၏။

''ဟဲလို''

''ပြည့်စုံလား''

''ယင်းမာ အေး.....ငါပါ''

ယင်းမာဘက်က အသံတိတ်သွား၏။

''ဟဲ့.....ပြောလေဟာ''

''ဘာပြောရမှာလဲ နင်မေးချင်တာမေးမှ ဖြေလို့ရမှာပေါ့''

''ခခရဲ့ အခြေအနေ''

''မဆိုးပါဘူး''

''စိုးရိမ်ရလား''

''လောလောဆယ်တော့ မစိုးရိမ်ရဘူး''

''သူ ခုလိုဖြစ်တာ ငါ့ကြောင့်လား''





ယင်းမာ သက်ပြင်းချသံကို ·ဖုန်းခွက်ထဲမှ ကျယ်လောင်စွာ ကြားလိုက်ရ၏။

''သိပ်သေချာတာပေါ့ ပြည့်စုံ''

ကျွန်တော် ဘာပြန်ပြောရမှန်း မသိတော့။ ယင်းမာလည်း ဘာပြောရမှန်း သိပုံမပေါ်။ သသက သူမ၏ ချစ်သော သူငယ်ချင်း.....။ ခခက သသ ကိုယ်စား ကျွန်တော်တို့က လက်ခံထားသောသူ.....။ သသ၏ ညီမ.....။ ခင်မင်မှုသည် သံယောဇဉ်ဖြစ်နိုင်သော်လည်း သံယောဇဉ်တိုင်းကတော့ 'အချစ်'မဟုတ်ပါ။

''ငါ ဘာလုပ်ရမလဲ ယင်းမာ''

''ဘာလုပ်ရမှာလဲ၊ ခုချိန်မှာတော့ ခခ ကျန်းမာအောင် ဝိုင်းကုသပေးရမှာပဲ၊ တွေ့ရင် ဘာဖြစ်မလဲ အကျိုးဆက်ကို ငါတို့မသိဘူး၊ သွားမတွေ့ဘဲ နေရင်ကော ဘာဖြစ်မလဲ သူခံနိုင်ရည်မွေးနိုင်မလား၊ ဒါလည်း ငါတို့မသိဘူး၊ စောင့်ကြည့်ရမှာပဲ''

''စောင့်ကြည့်ရမယ်''

''ဒါပေါ့''

လောကတွင် ကျွန်တော် အမုန်းဆုံးအရာများထဲတွင် 'စောင့်ဆိုင်း'ရခြင်းပါသည်။ ခုလည်း ကြည့်လေ.....။ စောင့်ကြည့်ရမည်တဲ့.....။ ပိုဆိုးတာက အချိန်အကန့်အသတ်ပင် မပါ။

ဘာဆက်ပြောမည်မှန်းလဲ မသိ။

သသ၏ စာထဲကလိုပင် 'ငါတို့ ဘာတွေဆက်ဖြစ်ကြမယ် ထင်လဲ' ဟု ယင်းမာကို မေးချင်နေမိသည်။ သို့သော်လည်း ယင်းမာသည် ကံကြမ္မာကို စေညွှန်းပိုင်သူတစ်ယောက် မဟုတ်ခဲ့ပါချေ။ ကျွန်တော်က မမေးတော့ ယင်းမာက မေးသည်။

''နေပါဦး၊ ငါ မေးပါဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



''မေးလေ''

''နင် ခခကို သသနဲ့ပတ်သက်ပြီး ဖွင့်ဟဝန်ခံလိုက်တုန်းက ခခ ဘယ်လိုနေလဲ''

မျက်ရည်ကြည်တချို့ ရစ်သိုင်းနေသော မျက်ဝန်းများကို ပြန်မြင်ယောင်ရင်း ကျွန်တော် နှုတ်ဆွံ့နေမိသည်။ ကျွန်တော့်ကို စိုက်ကြည့်လိုက်သော အဓိပ္ပါယ်မဖော်နိုင်ခဲ့သည့် အကြည့်များကလည်း ရင်ထဲမှာ ခုထိ တအုံ့နွေးနွေး.....။

''သူ''

''သူ ဘာဖြစ်လဲ''

ယင်းမာက အလောတကြီးမေး၏။

''သူ ငါ့ကို တစ်ချက်ကြည့်တယ်၊ အဲဒီအကြည့်ကို ငါ ဘာသာ မပြန်တတ်ဘူး''

''မပြန်တတ်တာလား၊ မပြန်တတ်ချင်ယောင် ဆောင်တာလား''

''မပြန်တတ်တာပါ ယင်းမာရာ''

''အင်း.....ဆက်ပါဦး''

''ပြီး.....သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲလာသလိုပဲ''

''သလိုပဲလား၊ ဝဲလာတာလား''

ကျွန်တော် သက်ပြင်းချမိသည်။

''အဲဒါ သူ့အတွက်သူ ဝမ်းနည်းတဲ့မျက်ရည်လား၊ သူ့အစ်မ သသအတွက် ယူကြုံးမရဖြစ်ပြီး ဝေ့တက်လာတဲ့မျက်ရည်လားဆိုတာ နင် ခွဲခြားနိုင်သလား ပြည့်စုံ''

ကျွန်တော် ခေါင်းသာခါမိ၏။ ကျွန်တော်သည် တန်ခိုးရှင်တစ်ပါးမှ မဟုတ်တဲ့။ ယင်းမာ မမြင်နိုင်၍သာ တော်တော့သည်။ မြင်လျှင် ကျွန်တော် အပြောခံရဦးမည်။ ကျွန်တော့်ထံမှ အဖြေမရနိုင်တာကိုသိသော ယင်းမာက





သွက်လက်စွာပင် ဖုန်းချသွားခဲ့၏။ အရာအားလုံးကို ကျေနပ်နိုင်ခြင်းကင်းစွာ ကျန်ခဲ့ရတာက ကျွန်တော်.....။ မတတ်နိုင်ပါ။ ခခကို ထားမိသော သံယောဇဉ်သည် သသကို ကျွန်တော်ပေးဆပ်ရမည့် ချစ်ခြင်းအပြစ်ဒါဏ်နှင့် ယှဉ်သော် ဘယ်လိုမှ မယှဉ်သာတာ ကျွန်တော်ပဲသိသည်။ ခခကို စိတ်ချမ်းသာစေချင်၊ ကျန်းမာစေချင်တာက သပ်သပ်၊ သသကို ရင်ထဲက ထုတ်မပစ်နိုင်တော့တာက သပ်သပ်ဖြစ်သည်။ ကျွန်တော် ငေးငိုင်တွေဝေနေမိဆဲ ဖုန်းသံက ထပ်မြည်လာသည်။

''ဟဲလို''

''ပြည့်စုံလား''

''ဟုတ်ပါတယ်''

''ငါ ကိုဇ ပါ''

ကိုဇဟူသောအသံကြောင့် ကျွန်တော့်ရင်တွေ ဖြောင်းဆန်သွားသည်။ ခခများ တစ်ခုခုဖြစ်ပြီလားဟုတွေးကာ ဖုန်းခွက်ပင် လွတ်ကျချင်ချင်.....။

''ပြော.....ပြောပါ ကိုဇ''

''ငါ မင်းနဲ့ စကားနည်းနည်းပြောချင်တယ်''

''ပြောပါ ကိုဇ''

''ခု မဟုတ်ဘူး''

''ဘယ်တော့လဲ''

''မနက်ဖြန် မနက် ကျောင်းရုံးခန်းကို စောစော ငါလာခဲ့မယ်''

''ကျွန်တော်တို့နှစ်ယောက်တည်း ပြောမှာလား ကိုဇ''

''မဟုတ်ဘူး၊ ယင်းမာပါ ပါမယ်''

ကျွန်တော့်ရင်တွေ ပူလာသည်။

''ကိုဇ''

www.burmeseclassic.com

www.burmeseclassic.com



''ပြော ပြည့်စုံ''

''ခုခု ဘာဖြစ်တာလဲ''

''အားနည်းတာနဲ့ နှလုံးပါ''

''အခြေအနေက.....''

''မစိုးရိမ်ရအောင် ကာကွယ်နေကြတယ်''

''ခု ကျွန်တော်တို့ပြောကြမှာကော ခုခုနဲ့ပတ်သက်လား''

''သိပ်သေချာတာပေါ့ ပြည့်စုံရာ''

ကျွန်တော်တို့ စက္ကန့်များစွာ တိတ်ဆိတ်သွားမိကြသည်။ ကျွန်တော် ဘာတွေတွေးနေမိမှန်း ကျွန်တော့်ဘာသာပင် ကျွန်တော်မသိတာ။ ကိုဇလည်း ဘာကိုတွေးပြီး ငြိမ်တိတ်နေလဲ ကျွန်တော် မသိနိုင်.....။

''ကျွန်တော်.....''

ကျွန်တော် စကားစရန်ပြင်ပြီးမှ ထံစ်အသွားရသည်။ ဒါဟာ ပြည့်စုံဆိုတဲ့ကောင်ရဲ့ ပုံမှန်စရိုက်မှ မဟုတ်ဘဲ။

''ပြော ပြည့်စုံ'' ကိုဇက လမ်းကြောင်းပေး၏။

''ကျွန်တော် ဘာတွေပြင်ဆင်ထားရမလဲ''

ကိုဇက ကျွန်တော့်စကားအဆုံးမှာ ခပ်ဖွဖွလေးရယ်၏။ ပြီးမှ..... တိကျသော်လည်း တိုးညင်းသောစကားကို ဆို၏။

''မင်း ပြင်ဆင်ထားရမှာက ခံနိုင်ရည်အားနဲ့ ယုံကြည်မှုပဲ''

''ခံနိုင်ရည်အားနဲ့ ယုံကြည်မှု ဟုတ်လား''

ကျွန်တော် ကိုဇ၏စကားလုံးများကို အထိတ်တလန့် လိုက်ရေရွတ်မိသည်။

''ဟုတ်တယ် ပြည့်စုံ၊ ခံနိုင်ရည်အားနဲ့ ယုံကြည်မှုပဲ၊ ကဲ..... goodnight ကွာ''

ကိုဇက ပြောပြောဆိုဆို ဖုန်းချသွားပြန်သည်။ ကျွန်တော့်မှာသာ





စောစောက ယင်းမာနှင့် စကားပြောပြီးကျန်ခဲ့သော အခြေအနေထက်ဆိုးသော အနေအထားနှင့် ကျန်ခဲ့ရ၏။

ခံနိုင်ရည်အား.....။

ယုံကြည်မှု.....။

စကားလုံးများကို နှုတ်မှမွမ္မွတ်ဆိုရင်း ကျွန်တော် အရူးတစ်ယောက်ပမာ ဖြစ်နေခဲ့ရသည်။ယုံကြည်မှုအတွက် ရှုးသွပ်ရခြင်းသည် မြတ်သည်ဟု ဆိုလျှင် လောလောဆယ် ကျွန်တော် မြင့်မြတ်နေခဲ့ပါသည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## ''နှိုလုံး''

တိမ်တွေကို မော့ကြည့်လိုက်ပါဦးချစ်သူ.....။
ဘယ်တော့မှ သူ့တို့ကိုယ်သူတို့ ကျောက်ချရပ်မထား တတ်တဲ့
တိမ်တွေကို ဘောင်လှလှလေးခတ်ပေးချင်မိတာက တော့.....
ကိုယ့်အမှားပါ.....။
ဒါပေမဲ့.....
ကိုယ်လိုချင်တဲ့ ဆေးရောင်တွေရေးသွင်းရင်း
လှပတဲ့ ညနေခင်းတိမ်ထုတစ်စင်းကို
ထုဆစ်စိုက်ပျိုးခွင့် ရရှိခဲ့မယ်ဆိုရင်.....
သေချာပါတယ်.....။
ကံတရားက ကိုယ့်ကိုမျက်နှာသာပေးခဲ့ပါပြီ.....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ယင်းမာက အတုန်တုန်အလှုပ်လှုပ်.....။ ကျွန်တော်က အယိုင်ယိုင်အလဲလဲ.....။ ကိုဇ၏အသံများက ကြားတစ်ချက် မကြားတစ်ချက်.....။ ယင်းမာက ပြုံးကျယ်ဝိုင်းစက်နေသော မျက်ဝန်းများနှင့် ကျွန်တော့်၏ သက်ာမကောင်းသေးသော မျက်ဝန်းများကို စိုက်ကြည့်နေ၏။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး၏ မျက်ဝန်းချင်းအဆုံးသည် အခါခပ်သိမ်းတော့ အဖြေမဖြစ်နိုင်ပါ။ ကိုဇ စကားဆုံးသွားတော့ စားပွဲဝိုင်းလေးက အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ မီးပျက်နေသဖြင့် လေအေးစက်သံလည်း မကြားရ။ ဓာတ်ချွေးများကလည်း ရွှဲရွှဲစိုလျက်.....။ ခဏနေကျမှ သတိဝင်လာသော ယင်းမာက စကားကိုစ၏။

"မဖြစ်နိုင်တာ....."

"ကိုယ်က ပုံပြောနေတာမဟုတ်ဘူး ယင်းမာ"

"ယင်းမာကလည်း ကို့ကို ပုံပြောနေတယ်လို့ မစွပ်စွဲပါဘူး၊





မဖြစ်နိုင်တာကိုပဲ ငြင်းတာပါ"

ကိုဇက သူ့ချစ်သူကို ခေါင်းခါပြကာ လက်လျှော့လိုက်ဟန်နှင့် ကျွန်တော်ဘက် လှည့်လာသည်။

"ပြည့်စုံ မင်းကကော....."

"ကျွန်တော်လည်း မယုံဘူး"

"မင်းကရော ငါ့ကို ထိုးဇာတ်ဆင်နေတယ် ထင်တာလား"

"မထင်ပါဘူး၊ မယုံကြည်တာကိုပဲ ပြောတာပါ"

ကျွန်တော်နှင့် ယင်းမာ၏စကားက ထပ်တူမကျသော်လည်း အဓိပ္ပါယ်တူနေသဖြင့် ကိုဇကိုပင် အားနာသွားရသည်။

"မဟုတ်ဘူး၊ ကျွန်တော်ဆိုလိုတာက....."

"ယင်းမာ ဆိုလိုတာက....."

ကျွန်တော်နှင့် ယင်းမာ၏အသံက တစ်ပြိုင်တည်းလိုလို ထွက်လာသဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်သည်။ ကိုဇက လက်ကာတားကာ ပြော၏။

"ကဲ.....ပြည့်စုံ အရင်ပြော"

ပြောဆိုတော့မှ ကျွန်တော် နှုတ်ဆွံ့သွားရတော့၏။ စကားလုံးများစွာကို ချိတုံချတုံ ဖြုန်းတီးပစ်လိုက်ပြီးမှ.....

"ကျွန်တော့်သူငယ်ချင်း၊ ကျွန်တော်ချစ်တဲ့ သသဟာ အဲဒီလို မိန်းကလေးမျိုး မဟုတ်ဘူး"

"ဟုတ်တယ်၊ ယင်းမာဆိုလိုချင်တာလည်း အဲဒီလိုပဲ၊ ဒီလိုအလုပ်မျိုး သဲသလုပ်မှာ မဟုတ်ဘူးလို့ ယုံတယ်"

ကိုဇက ကလေးနှစ်ယောက်ကို ကြည့်ကာပြုံးသလို ညိုး၏။

"မင်းတို့ မေ့နေလား"

"ဘာကိုပြောတာလဲ ကိုဇ"



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ညီမဟာ တဖွတ်ထိုး၊ တယူသန်၊ ခေါင်းမာပြီး မြုံစိစိနဲ့ မပွင့်လင်းဘူးဆိုတာလေ''

''ဘာဆိုင်လို့လဲ''

ယင်းမာက ဝင်ကန့်ကွက်၏။

''ဆိုင်တယ်၊ သူက ဆုံးဖြတ်ပြီးရင် မပြင်တတ်ဘူး၊ နောက်တစ်ခု မင်းတို့မေ့နေတာ ရှိသေးတယ်''

ကျွန်တော်တို့ ကိုဇကို အကြည့်များနှင့်သာ ပြန်မေးခွန်းထုတ်မိကြသည်။ နှုတ်ဖျားမှ စကားလုံးတို့ထွက်လာရန်ပင် ခွန်အားမရှိတော့။ ကိုဇက စကားကို ဆက်၏။

''အဲဒါ ဘာလဲဆိုတော့.....'အချစ်'လေ၊ လူတွေ အဓိပ္ပါယ်ပေါင်း မြောက်များစွာဖွင့်ခဲ့ကြတဲ့ 'အချစ်'လေ၊ 'အချစ်'က အရာရာကို ပြောင်းလဲပေးလိုက်နိုင်တယ်၊ ပြုပြင်ပစ်လိုက်နိုင်တယ်၊ ဖျက်ဆီးပစ်လိုက်နိုင်တယ်၊ ဒါကြောင့် သသက မသေချာတဲ့လမ်းတစ်ခုကို မဖြစ်နိုင်ဖို့ ရာနှုန်းများတာ သေချာရက်နဲ့ ရွေးချယ်ပစ်လိုက်တာပဲ၊ အစ်ကိုတစ်ယောက် အနေနဲ့ပဲ ကြည့်ကြည့်၊ မေမေနေရာကပဲ ကြည့်ကြည့်၊ ဘယ်သူ့အမြင်နဲ့ပဲ ကြည့်ကြည့်ပါ၊ ဒါဟာ မိုက်ရူးရဲဆန်တာပဲ''

စကားလုံးများ ခြောက်ကပ် ဆိတ်သုဉ်းသွားကြသည်။ အဆိုးဆုံးက ကျွန်တော်ဖြစ်မည်လား မသိ။ အရာအားလုံးကို ကောက်ချက်ဆွဲလိုက်လျှင် တရားခံသည် ကျွန်တော်ဖြစ်နေတာ ရာနှုန်းပြည့် သေချာသည်လေ.....။

''မဖြစ်သင့်ဘူး''

ကျွန်တော့်နှုတ်မှ ခပ်ဖွဖွလေး ညည်းတွားမိသည်။ တကယ်ဆို ကျွန်တော်သည် သသကို ယိမ်းယိုင်ချင်နေသော ချစ်စိတ်များကို သံသယနှင့် ထိန်းချုပ်မထားသင့်.....။ ထိုစဉ်ထဲက ကိုယ့်ကိုယ်ကို စစ်ကြောနိုင်ခဲ့





လျှင်.....။ ပြီးတော့ အလွန်တရာမှ လှုတကာကို စကားနိုင်လုချင်စချင်သော ကျွန်တော့်စိတ်ဓါတ်.....။ ကြမ်းကျုံတာ နှုတ်ရသည်၊ စကားကျွံတာ နှုတ်မရဟူသော ရှေးစကားက တကယ်မှန်သည်။ အမှတ်တမဲ့ အနိုင်ရလိုမှုနှင့် 'တစ်သက်လုံးထိုင်ကြည့်ရမယ့်ရုပ် လှမှတော့ဖြစ်မှာပေါ့' ဆိုသော စကားတစ်ခွန်း၏ တာသွားမှုက ပြင်းလွန်းသည်။ သသရင်ထဲကို အဆိပ်လူးမြားတစ်ချောင်းလို စိုက်ဝင်သွားခဲ့လိမ့်မည်ဟု ကျွန်တော် ထိုစဉ်က လုံးဝမတွေးမိခဲ့၊ တိတ်ဆိတ်မှုကို ယင်းမာက ဖယ်ရှားလိုက်သည်၊

''ကို ''

''ပြော ယင်းမာ''

''ဒီအကြောင်းတွေက တကယ်ဆိုရင် ကို ဘယ်လိုသိတာလဲ၊ သသ ကားတိုက်မှု ဖြစ်ပြီးပြီးချင်း သိတာလား''

''မဟုတ်ဘူး၊ မင်းတို့အသုဘအတွက် အိမ်လာတဲ့ထိ ကိုယ်ဘာမှ မသိသေးဘူး၊ သသက သတိရရချင်း သေပြီလို့ ပြောခိုင်းတာ၊ ပြီး.....သူ သတိပြန်လစ်သွားပြန်ရော မေမေကတော့ သဘောမတူဘူး၊ နိမိတ်မရှိဘူး ပေါ့၊ ဒါပေမဲ့ ကိုယ်က ကိုယ့်ညီမအကြောင်းသိတယ်၊ အကြောင်းတစ်ခုခု မရှိပဲ ဒါကို သွေးရူးသွေးတမ်း ထ,ပြောမှာမဟုတ်ဘူးဆိုတာရယ်၊ ဒီလောက် ကားမောင်းကျွမ်းကျင်တဲ့သူက ဒီလောက် ပြင်းပြင်းထန်ထန် တိုက်ပစ်လိုက်စရာအကြောင်း မရှိဘူးဆိုတာရယ်ကို ကိုယ်တွက်မိတယ်၊ ဒါကြောင့် မေမေနဲ့ ညှိရတယ် ကျွန်တော် ညီမလေးကို နိုင်ငံခြားထိပို့ပြီး ကုမယ်၊ ဘာမှမဖြစ်စေရဘူး၊ ကျွန်တော့်အသက်နဲ့ အာမခံတယ်ဆိုပြီး ညီမလေး ဖြစ်စေချင်တဲ့အတိုင်း စီစဉ်လိုက်ရတာပဲ''

ဒါကြောင့် သူတို့တွေ ရက်လည်ပင်မဆိုင်းဘဲ နိုင်ငံခြား ထွက်သွားကြတာကိုးဟု ပြန်တွေးမိလာသည်။ အားလုံးကို ခေတ်မီဆေးကုနည်းပညာများနှင့် ကုသ၍ရသော်လည်း၊ ပြောင်းလဲ၍ရသော်လည်း စိတ်၏ ပြတင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဟု တင်စားထားသော မျက်ဝန်းများကိုတော့ ညာမရ.....။

"သူ ဘာလို့အဲလောက်ထိ လုပ်ခဲ့ရတာလဲမသိဘူး မတော်တဆများ..."

ကျွန်တော့်စကားကို မဆက်နိုင်တော့ပဲ ရပ်တံ့သွားရသည်။

"သူ ဒိုင်ယာရီတစ်ခုထဲမှာ ရေးထားတာကတော့ ငါလည်း အတိအကျတော့ မပြောတတ်တော့ဘူး၊ အဓိပ္ပါယ်က မင်းလိုချင်တဲ့ မင်းချစ်နိုင်မယ့် အရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ မိန်းကလေးဖြစ်ချင်တယ်တဲ့၊ ပြောင်းလဲလို့ရရင် ပြောင်းလဲပစ်လိုက်ချင်တယ် ဆိုတာမျိုးတွေရော၊ နောက်ဘဝကျ ဒီလို မလှမပဘာဝမျိုးမရပါစေနဲ့လို့ ဆုတောင်းထားတာတွေရော အစုံပဲ"

ကျွန်တော့်ရင်ထဲ နင့်သွားရသည်။ တကယ်တမ်း 'အချစ်'ကိုရှာဖွေတွေ့ရှိချိန်တွင် ချစ်ခြင်းသည် အလှအပနှင့်ရော အရည်အချင်းနှင့်ရော ခံယူချက်၊ အပြုအမူ၊ အတွေးအခေါ်တွေနှင့်ကော ဘာမှမဆိုင်တာ ကျွန်တော်သိလိုက်ရပြီ။ ကျွန်တော် လိုချင်သော လှပမှုနှင့် အရည်အချင်းမျိုး ခခ တစ်ဖြစ်လဲ သသမှာရှိသော်လည်း ကျွန်တော် ခခကို သံယောဇဉ်ရှိမိသည်မှအပ သသလို မချစ်မိ။ တကယ်တမ်းစဉ်းစားကြည့်လျှင် ထိုသံယောဇဉ် အတိမ်အနက်သည်ပင် ခခသည် သသဟု မသိစိတ်က သိနေခြင်းကြောင့် တွယ်မိသော သံယောဇဉ်ဖြစ်နိုင်သည်။

"ခု ခခက ဘာပြောသေးလဲ ကို"

ယင်းမာက ခုမှသတိတရမေး၏။

"ညကတော့ ကိုယ့်ကိုပြောတယ်၊ တကယ်တော့ ဘဝရဲ့ စာမျက်နှာတွေဆိုတာ ဒီအတိုင်းပဲလာတာ ကိုယ်က ပြင်ချင်၊ ကျော်ချင်လို့လည်း မရပါလားတဲ့"

ကျွန်တော်တို့ ငြိမ်တူ သက်ပြင်းချမိကြသလား မသိ။





"ပြီးတော့ ကိုပြည့်ကြိုက်မယ် ချစ်မယ်ထင်လို့ အရာအားလုံးကို ပြုပြင်ပြောင်းလဲ စွန့်လွှတ်ခဲ့ပြီးကာမှ သူ စွန့်လွှတ်ခဲ့တဲ့ သသဆိုတဲ့ဘဝကို ကိုပြည့်က ချစ်နေတာဟာလည်း ကံကြမာရဲ့ လှည့်စားချက်၊ ဒါမှမဟုတ် ပြစ်ဒါဏ်ပဲလား မသိဘူးတဲ့"

ကျွန်တော်နှင့် ယင်းမာတွင် စကားလုံးများ ရှားပါးနေကြသည်။ ချစ်သောသူငယ်ချင်း သသတစ်ယောက် တကယ်မသေ။ ခခဟာ ပလတ်စတစ်ဆာဂျယ်ရီနှင့် ပြုပြင်ကုသထားသော သသဆိုတာကိုလည်း အိပ်မက်ပမာ ဖြစ်နေရသည်။

"ကျွန်တော် သူ့ကို တွေ့ခွင့်ရမလား ကိုဇ"

ကျွန်တော် တကယ် စိတ်အားထက်သန်စွာ မေးလိုက်ခြင်းဖြစ်သည်။ ကိုဇက ညင်ညင်သာသာပြုံးကာ မေးခွန်းတစ်ခုကို ပြန်မေး၏။

"မင်း သူ့ကို သသအနေနဲ့ တွေ့မှာလား၊ ခခအနေနဲ့ တွေ့မှာလား"

ကျွန်တော် ကြောင်ငေး ဆွံ့အသွားရသည်။ ထင်မှတ်မထားသော မေးခွန်းမို့ အဖြေကိုလည်း ရုတ်တရက်ရှာမရ။ ယင်းမာကို လှမ်းကြည့်တော့ ယင်းမာကလဲ ကျွန်တော်ထံမှ အဖြေကို မျှော်လင့်နေသလို.....။

"ကျွန်တော်"

"ပြောပါ အားမနာနဲ့"

"ကျွန်တော် ခခအနေနဲ့ သသအနေနဲ့ရယ် မဟုတ်ပါဘူး"

"ဒါဖြင့်....."

"ကျွန်တော့်ချစ်သူတစ်ယောက်အနေနဲ့ သွားတွေ့မှာပါ"

ကိုဇက ကျွန်တော့်လက်ကို အားရပါးရဆွဲကာ လှုပ်[illegible]ပစ်လိုက်သည်။

"ဒီအဖြေကို ငါကျေနပ်တယ် ပြည့်စုံ၊ [illegible]ကျ မင်းသွားတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေ့ါ ဟုတ်လား''

''ညနေ''

ကျွန်တော်က သံယောင်ရေရွတ်တော့ ကိုဇကာ မျက်မှောင်ကြုတ်၏။

''ဘာဖြစ်တာလဲ''

''ခုသွားလို့ မရဘူးလား''

ကိုဇ တဟားဟား ထရယ်၏။

''မရလို့ပေ့ါကွာ၊ ဒီနေ့လည် ဆေးခန်းမှာ တခြား Check up လုပ်စရာတွေ ကျန်နေသေးလို့ပါ၊ ခုမှ လောမနေပါနဲ့ ပြည့်စုံရာ''

''ဟုတ်သားပဲ''

ယင်းမာကပါ ဝင်ထောက်ခံပြီး အားလုံးရယ်ဖြစ်ကြသည်။ တစ်ခါတရံ မသာယာတတ်သောလောကကြီးသည် တစ်ကြိမ်တစ်ခါလောက်တော့လည်း လူတွေကို ရယ်မောခွင့်ပေးတတ်သားပဲ.....။

BURMESE CLASSIC .com

❋ ❋ ❋





## အခန်း (၂)

ခပ်းပါးပါးလေး အေးစိမ့်နေသော အခန်းလေးထဲတွင် Only yesterday သီချင်းလေးက တိုးတိတ်စွာ ပြန့်လွင့်နေသည်။ ကုတင်ပေါ်မှာ လဲလျောင်းနေသော ခခတစ်ဖြစ်လဲ သသကတော့ မျက်စိအစုံကို မှိတ်ထားဆဲ.....။ ကျွန်တော်ဝင်လာတာကိုလည်း သိပုံမပေါ်။ ကုတင်ဘေးရှိ ခုံတွင်ဝင်ထိုင်ရင်း လက်ဖဝါးလေးများကို ဆုပ်ကိုင်သောအခါ သူမ မျက်လုံးပွင့်လာသည်။

''ဟင် ကိုပြည့်''

သူမ မျက်နှာလေးဝင်းပကာ ပျော်ရွှင်သွားပြီးမှ ချက်ချင်းညှိုးကျသွားရပြန်သည်။

''ကိုပြည့် ဘယ်သူဆီလာတာလဲ''

''ကိုပြည့်ချစ်တဲ့ ကောင်မလေးဆီလာတာ''

''သူက သသလား၊ ခခလား''



www.burmeseclassic.com

www.burmeseclassic.com



''တစ်ယောက်မှမဟုတ်ဘူး၊ ခု ဒီကုတင်ပေါ်မှာလှဲနေတဲ့ ကောင်မလေး၊ သူ့ကို ကိုယ်က ရင်ထဲမှာပေးထားတဲ့ နာမည်တစ်ခုရှိဝယ်''

''ဟင် တကယ်''

''တကယ်ပေါ့''

''ဘာတဲ့လဲ''

''ယုန်ကလေးတဲ့''

သူမ ရယ်ပါသည်။ တကယ်တော့ သသဆိုတာ ပါဠိလို 'ယုန်'ဟု အဓိပ္ပါယ်ရသည့် စကားလုံးဖြစ်ကြောင်းကိုတော့ မပြောပြဖြစ်တော့ပါ။

''အဲဒီယုန်ကလေးကို ကိုပြည့်က ချစ်လို့လား''

''ချစ်တာပေါ့''

''ဘာလို့ချစ်တာလဲ၊ ကိုပြည့်လိုချင်တဲ့ အရည်အချင်းတွေရှိနေတာကော ခခဟာ သသဖြစ်နေတာရောကြောင့်လား''

ကျွန်တော် သူမ၏ဖြူဖျော့နေသော နှုတ်ခမ်းများကို အသာတို့ထိပိတ်ထားလိုက်သည်။

''တော်တော့၊ အချစ်ဆိုတဲ့အရာမှာ ကိုးကားချက်မလိုဘူး၊ သက်သေပြချက်မလိုဘူး၊ သတ်မှတ်ချက်တွေ စံတွေမလိုဘူး၊ ဘာမှ မလိုဘူး သိလား''

''မသိဘူး''

''အင်းလေ မသိမုန်း ကိုယ်သိပါတယ်၊ ဒါကြောင့် လုပ်ချင်ရာလုပ်ခဲ့တာ မဟုတ်လား၊ မတော်တဆများ တကယ်ဖြစ်ခဲ့ပြီဆိုရင် ကိုယ့်တစ်ဘဝလုံး ဒီအတိုင်းနေသွားရတော့မှာကို ခင်ဗျားလေး သိရဲ့လား''

''မသိဘူးလေ၊ ကိုပြည့်မှ သသကို ချစ်လား၊ မချစ်လားမသိတာ''

''ခုတော့ ကိုယ့်ယုန်ကလေးကို ကိုယ်ချစ်တာ ယုံတယ်မဟုတ်လား''





ချစ်သူက အသာခေါင်းညိတ်ပြ၏။ ထို ချစ်သူ၏ခေါင်းတညိတ်သည်ပင် ကမ္ဘာကို ပြောင်းလဲပစ်လိုက်နိုင်စွမ်း ရှိပါသည်ဟုဆိုလျှင် ကျွန်တော့်ကို လွန်သည်ဟု ထင်ကြလိမ့်မည် မထင်ပါ။

''ကိုပြည့်''

''ပြောလေ''

'ကိုယ် ဆေးခြယ်အသက်သွင်းခဲ့တဲ့ တိမ်တိုက်ကလေးတွေ တကယ်ပဲ ကိုယ့်ကောင်းကင်မှာ နေရာယူထားခဲ့ပြီးနော်''

''ဒါပေါ့''

''အရင်ကတော့ ဒီလိုဘဝ ရ,မရဆိုတာ မသေချာပါဘူး၊ မျှော်လင့်ချက်နဲ့တောင် မမျှော်လင့်ရဲခဲ့ဘူး၊ ဟိုနေ့က ဆိုင်မှာ ကိုပြည့်လာပြောတဲ့စကားတွေ နားထောင်ပြီး ကိုယ့်ကိုယ်ကို နောင်တရလို မဆုံးဘူး၊ လူတစ်ယောက်ရဲ့ဘဝဆိုတာ ပြုပြင်ချင်တိုင်း ပြုပြင်၊ ပြောင်းလဲချင်တိုင်း ပြောင်းလဲလို့မရဘူးနော်၊ စာမျက်နှာစဉ်ထိုးထားတဲ့ ကံကြမ္မာရဲ့စာမျက်နှာတွေအတိုင်း သွားရမှာပဲဆိုတာ ကိုယ်သိလိုက်ရတယ်''

''ဒါပေမဲ့ ကိုယ့်ယုန်ကလေး သိလား''

''ဘာကိုလဲ ကိုပြည့်''

''ကိုယ်တို့ရဲ့ ကံကြမ္မာနောက်ဆုံးစာမျက်နှာကိုလေ''

''အင်း ပြောပါဦး''

''ကိုယ်တို့လိုချင်တဲ့ ဆေးရောင်တွေနဲ့ လှပနေခဲ့တယ်လေ။ မပျော်ဘူးလား''

''ပျော်တာပေါ့ ကိုပြည့်ရယ်၊ အိပ်မက်လို့တောင် ထင်နေမိတာ''

''အိမ်မက်ဆိုတာက မိုးလင်းရင် ဘာမှမကျန်ခဲ့တော့ဘူး၊ ခု ကိုယ်တို့ရဲ့ချစ်ခြင်းတရားက မိုးသောက်အရုဏ်ရဲ့ နံနက်ခင်းအသစ်တိုင်းမှာ စာမျက်နှာအသစ်နဲ့ တောက်ပလှပနေဖို့ ကြိုးစားကြတာပေါ့ ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေး''

သသက ခေါင်းညိတ်သည်။ ပြည့်စုံနှင့် သသတို့၏တွဲဆက်ထားသော လက်ကလေးများကို ဘယ်ကံကြမ္မာ၏ စာမျက်နှာများကမှ ခွဲဖျက်နိုင်တော့မည် မဟုတ်ပါ။ သန်းခေါင်ထက်နက်သော ညဥ့်များပြီးလျှင် အလင်းရောင်သည် ရောက်ရှိလာမြဲ.....။ယုန်ကလေးအတွက် နိဒါန်းအသစ်သည် ရောက်ရှိလာခဲ့ချေပြီ။ ထို့အတွက် သူတို့ ကံကြမ္မာကိုပဲ ကျေးဇူးတင်ရမည်လား.....။ တကယ်တော့ ဆေးရောင်စုံ တောင်တန်းများကလည်း လူတွေကို မလှည့်စားခဲ့ကြပါ။ 'စွန့်စားခြင်း'မမည်သော 'စွန့်စားခြင်း'များအားလုံးသည်လည်း မနေနိုင်မှုများသက်သက် မဟုတ်ခဲ့ကြပါ။ ကံတရားက ပေးအပ်ခဲ့သော တိမ်ရောင်စုံများအတွက် ပြည့်စုံနှင့် သသ ဆက်လက်ပြုစုပျိုးထောင်သွားဖို့ပဲ ရှိတော့သည်။ ကမ္ဘာပေါ်ရှိ အပြုံးများအားလုံးထဲတွင် ချစ်သူ၏အပြုံးသည် အလှဆုံးဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော့်ယုန်ကလေး ပြုံးနေသည်လေ.....။

မနော်ဟာရီ

19th Oct, 2004

10:30 AM



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဂဒ်ါဟာဂီ

# ကံကြမ္မာ၏နောက်ဆုံးတိမ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com